www.burmeseclassic.com

ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထု

# မင်း[illegible]

## အကျဉ်းခံဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com

ပဋ္ဌ ဂုဏ် အဟံ ဝန္ဒာမိ

ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၅ ခုနှစ်၊
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၃၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်ခင်ချိုချိုမြင့် (ကောင်းသုအော့ဖ်ဆက်)
အမှတ် (၅၂/ခ)၊ ရွှေယင်းမာလမ်း။
(၁၃) ရပ်ကွက်၊ ရန်ကင်း။
ထုတ်ဝေသူ - ဦးလှနိုင် (မြတ်စာပေ)
အမှတ် (၆၆)၊ ဗိုလ်ဥတ္တမလမ်း။
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြတ်စာပေ၊ ဖုန်း-၀၉-၇၃၂၄၅၀၄၀
အမှတ်-၂၂၁၊ ၃၁-လမ်း (အထက်)၊
ရန်ကုန်။
စီစဉ်သူ - ဦးလှနိုင် (မြတ်စာပေ)
ဖုန်း-၀၉-၅၀ ၃၁၀၃၄

၃၉၈.၂
မင်းစက္က
အကျဉ်းခံဝိညာဉ် / မင်းစက္က ။ - ရန်ကုန်၊
မြတ်စာပေ ၊ ၂၀၁၅ ။
၂၃၂ - စာ ၊ ၁၂ × ၁၈ စင်တီ။

# ပါဝင်သောအခန်းစဉ်များ


အခန်း (၁) ထူးဆန်းသောမှန်တစ်ချပ်

အခန်း (၂) မှန်ထဲကမိန်းကလေး

အခန်း (၃) ပုံရိပ်တုနဲ့မှန်

အခန်း (၄) မှန်ထဲမှ လူလား ဝိညာဉ်လား

အခန်း (၅) အိပ်မက်၏အကောင်အထည်

အခန်း (၆) မှန်၏အကြောင်း တစေ့တစောင်း

အခန်း (၇) အိပ်မက်နဲ့ဒေါ်လေးငယ်

အခန်း (၈) မြွေကွင်းဆက်နဲ့ သေတ္တာလေး

အခန်း (၉) အိပ်မက်ပေးသူ

အခန်း (၁၀) နိမိတ်ပုံ အိပ်မက်များ

အခန်း (၁၁) အမှန်ရှာယင်ကြားမှ ချစ်သူနှစ်ဦး

အခန်း (၁၂) ရင်ခုန်မိတာ အချစ်လား


www.burmeseclassic.com

www.burmeseclassic.com


အခန်း (၁၃) ဝမ်းသာစရာသတင်း

အခန်း (၁၄) ဗီညာဥ်ကုဆရာကြီး

အခန်း (၁၅) အန္တရာယ်မှ လက်တစ်လုံးခြားလွတ်ခဲ့သူ

အခန်း (၁၆) အိပ်မက်ဝိုးတဝါး

အခန်း (၁၇) တိုက်ဆိုင်မှုလား တကယ်လား

အခန်း (၁၈) ဒေါ်လေးငယ်နဲ့ ဓုကြိမ် ပြန်ဆုံခြင်း

အခန်း (၁၉) ပြုံးနေသောမုံရိပ်

အခန်း (၂၀) မြှုပ်ထားသော ရတနာများ

အခန်း (၂၁) ဗီညာဥ်မလေးဓါးဝီတီ

အခန်း (၂၂) ကျွတ်လွတ်သွားသောဗီညာဥ်

အခန်း (၂၃) အပြန်ခရီးဓါးနိဂုံး


## အခန်း (၁)

## ထူးဆန်းသောမှန်တစ်ချပ်

ပဲခူးသို့ ခရီးထွက်ခဲ့သည်မှာ စိတ်ထဲက မပျော်ပါ။ တကယ်တော့ ခရီးထွက်တိုင်း ကျွန်တော့်ရဲ့စိတ်တွေ အမြဲတမ်း ပေါ့ပါးနေတတ်သည်။ ခရီးသွားရတာလည်း ကျွန်တော် အလွန်ပျော်တတ်သူပါ။ ယခုလည်း ပဲခူးသို့ သူငယ်ချင်းတစ်ဦးရဲ့ ဖိတ်ကြားချက်အရ လာခဲ့ရခြင်းဖြစ်သည်။

သူငယ်ချင်းဖြစ်တဲ့ ဖင်မျိုးရဲ့ နိုင်ငံခြားပြန်တစ်ဦးရဲ့ မင်္ဂလာဆိုင်ရာ ဧည့်ခံစားပွဲတစ်ခုကို ကျွန်တော့်အနေနဲ့မသွားရင် သူငယ်ချင်းက စိတ်မကောင်းဖြစ်မှာစိုးမိသည်။ ဒါကြောင့်လည်း ယခုလို တစ်ခေါက် သည်း ပဲခူးသို့ထွက်လာခဲ့ခြင်းဖြစ်သည်။ ဖင်မျိုးက ငယ်ငယ်

www.burmeseclassic.com



ကတည်းက ပဲခူးဇာတိဖြစ်သည်။ သူနဲ့က ရန်ကုန်ကျောင်းမှာ ကျောင်းတက်ရင်း သူငယ်ချင်းဖြစ်ခဲ့ရသည် မဟုတ်ပါလား။ သူ တို့မှာ သူငယ်ချင်းများများ မရှိပါ။ အားလုံးပေါင်း ကျွန်တော်ပါမှ ၅–ဦးပဲဖြစ်သည်။

ယခုလို သူငယ်ချင်းတွေ ပြန်ဆုံပွဲဆိုတော့ ကျွန်တော် လည်း မသွားမဖြစ်လို့ သွားရသည်။ ဒါပေမဲ့ ... စိတ်ထဲမှာ လေးနေသလို ဖြစ်သည်။ ဒါကလည်း ညက အိပ်မက်တစ်ခု ကြောင့် ဖြစ်သည်။

အိပ်မက်ဆိုတာ မနက်မိုးလင်းရင် မေ့ပျောက်သွားတယ် သောအရာဟု ကျွန်တော်ထင်ခဲ့မိသည်။ တကယ်လည်း ကျွန် တော် အိပ်မက်များကို အစွဲအလမ်းမထားတတ်သူပါ။ အိပ်မက် များကို ကျွန်တော်ကိုယ်တိုင်ကလည်း မစွဲလမ်း မခင်တွယ်တတ် ပါ။

ကျွန်တော်ဖတ်ဖူးခဲ့သည့် စာအုပ်တစ်အုပ်တွင် အိပ်မက် အပေါ် ခံယူမှုဟာ ရှေးရှေးကပင် ရှိခဲ့သည်ဟု ဖတ်ခဲ့ဖူးသည် တချို့က အိပ်မက်လို ပြောင်းပြန်ကောက်ရသည်။ တချို့က အိပ်မက်ဟာ နိမိတ်ပုံရိပ်တစ်ခုဟုလည်း ယူဆကြသည်။ တစ် ဆိုလျှင် အိပ်မက်နိမိတ်ဖတ်သည့် အတတ်ပညာကို ကျွမ်းကျင်





များလည်း ရှိခဲ့သည်လို့ ကျွန်တော် လေ့လာသိရှိခဲ့ရသည်။

နိမိတ်ဖတ်သောပညာအရ အမျိုးမျိုးရှိသည်။

– ဘာလုပ်ရမည်ကို ပြောသောအိပ်မက်။
– ဘာဖြစ်မည်ကို ပြောသောအိပ်မက်။
– ဘာလုပ်ရမည်၊ ဘာဖြစ်မည်လို့ ပြောသော အိပ်မက်။
– ဘာဖြစ်ခဲ့သည်လို့ ပြောသောအိပ်မက်။

ဟူ၍ အိပ်မက်များအားလုံးကို ခြုံငုံ၍ လေ့လာကြည့် မည်ဆိုလျှင် –

– ကျန်းမာရေးကြောင့် မြင်မက်သောအိပ်မက်။
– အစွဲအလမ်းကြောင့် မြင်မက်သောအိပ်မက်။
– အစွဲအလမ်း အတွေ့အကြုံကြောင့် မြင်မက်သော အိပ်မက်။
– နောင်ကောင်းကျိုး၊ ဆိုးကျိုးပေးမည့်လို့ ရည်၍ မြင်မက်သောအိပ်မက်။

ဟူ၍ အမျိုးမျိုးရှိကြောင်းကိုလည်း ထပ်မံ၍ လေ့လာသိရှိ ရပါသည်။

အိပ်မက်များနှင့်ဆက်ပြီး လေ့လာမည်ဆိုလျှင် ကုန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



မည် မထင်ပါ။

ယခု ကျွန်တော်မြင်မက်သောအိပ်မက်ဟာ ကောင်းကျိုးပေးမှာလား။ ဆိုးကျိုးပေးမှာလားဆိုတောတော့ တတ်အပ်မသိနိုင်သေးပါ။ နောင် ... ဘာဖြစ်လာမယ်ဆိုတာလည်း ကျွန်တော့်အနေနဲ့ စွဲလမ်းနေလို့မဖြစ်ပါ။

အိပ်မက်ဟာ အိပ်မက်ပါပဲလို့ စိတ်ဖြေသလို ဖြေလိုက်မိပါသည်။

ကျွန်တော့်အနေနဲ့ ညက မြင်မိသောအိပ်မက်က ဘယ်နေရာ၊ ဘယ်ဒေသမှာလည်းဆိုတာ မသိလိုက်ပါ။

ဒါပေမဲ့ ... သေသေချာချာမှတ်မိလိုက်တာကတော့ ကနုတ်ဘောင်နဲ့ မှန်တစ်ချပ်ပါပဲ။ ထိုကနုတ်ဘောင်ကလည်း လက်ရာအလွန်မြောက်သော နဂါးနှစ်ကောင်ကို ဘေးနှစ်ဖက်ကဘောင်လိုပြုလုပ်ထားပြီး နဂါးခေါင်းနှစ်ခုကို အပေါ်ဘက်တွင် မျက်နှာချင်းဆိုင်ထားသည်။ ထိုမျက်နှာချင်းဆိုင်ကြားမှ ကြေးကွင်းလေးက ချိတ်စရာတစ်ခုဖြစ်လေသည်။ နဂါးရဲ့အမြီးများကတော့ မှန်ဘောင်၏အောက်ခြေတွင် ဆုံးထားလေသည်။

ထိုနဂါးနှစ်ကောင်၏အလယ် မှန်မှာက ထူးခြားမှုတစ်ခုဖြစ်နေသည်။ ကျွန်တော် ဒီမှန်ဘောင်ကို ဘယ်လိုရှုမှန်းမသိဘဲ





ကြည့်နေတုန်းမှာ အထဲမှ အငွေ့တန်းလိုလိုတစ်ခု ထွက်လာပြီး ကျွန်တော့်ရှေ့မှာ အမျိုးသမီးတစ်ဦး ပေါ်လာခဲ့သည်။

ထိုအမျိုးသမီးက ကျွန်တော့်ကိုကြည့်ပြီး –

"အစ်ကို့ဆီကို ကျွန်မ လာခဲ့မယ်နော်"

ဟုပြောပြီး ထိုအမျိုးသမီး ပျောက်သွားခဲ့သည်။ ဒီအဖြစ်ကို ကျွန်တော် ဘယ်လိုနားလည်ရမှန်းမသိဘဲ မနက်မိုးလင်းတဲ့အထိ အိပ်ရာက နိုးနိုးခြင်း စိတ်ထဲမှာ စွဲလမ်းနေမိသည်။ ခါတိုင်းမြင်မိသောအိပ်မက်များကို ကျွန်တော် မစွဲလမ်းတတ်ပါဘူး။

ယခု ဒီတစ်ခါတော့ ကျွန်တော့်စိတ်ထဲမှာ စွဲနေမိသည်။

ကားလေးက လှည်းကူးအကျော်ရှိနေပြီဟု ကျွန်တော်သတိထားမိလိုက်သည်။ ဒါကလည်း လှည်းကူးမြို့မှ နှုတ်ခွန်းဆက်သပါသည်ဟူသော ဆိုင်းဘုတ်ကို အမှတ်မထင် တွေ့လိုက်ရလို့ ဖြစ်သည်။

"သြော် ... လှည်းကူးတောင်ကျော်နေပြီပဲ"

ဟု စိတ်ထဲမှ ပြောလိုက်မိသည်။ လှည်းကူးမှအထွက်တွင် ကားလမ်းဘေးတွင် မိန်းကလေးတစ်ဦး လက်တားနေတာတွေ့လိုက်ရသည်။ ဒါနဲ့ ကျွန်တော်လည်း သူမနားသို့ကပ်ကာရပ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ကျွန်မကို အကူအညီတစ်ခုလောက်ပေးပါ"

"ဟုတ်ကဲ့ ... ပြောပါ ညီမ"

"ကျွန်မကားမှာ ဆီပြတ်သွားလို့ပါ၊ ရန်ကုန်ကထွက်လာတာ ဆီကို သတိမထားဘဲ မောင်းလာမိတယ်။ လမ်းမှာ ဝယ်ထည့်မလို့ဘဲ၊ ဆီဆိုင်မရောက်ခင် ဆီကုန်သွားလို့ပါ။ အဲဒါ ဆီတစ်ဂါလံလောက်ရောင်းပါ၊ ဒါမှမဟုတ် ချေးပါနော်"

"ရပါတယ် ညီမရယ်၊ ကျွန်တော် မရောင်းပါဘူး။ ချေးလည်း မချေးပါဘူး ပေးမှာပါ"

ဟုပြောပြီး ဖေမင်းသူ ကားပေါ်မှဆင်းလိုက်သည်။ ပြီးနောက် သူ၏ကားနောက်ဖုံးထဲမှ ဆီအပိုထည့်လာသော ၅ ဂါလံပုံးလေးတစ်ပုံထဲမှ ၁ ဂါလံပုံးဖြင့် ကဲ့ကာ သူမကိုပေးလိုက်သည်။

"ရော့ ညီမ၊ ဒီလောက်ဆို လောက်တယ်မဟုတ်လား"

"သြော် ... ဟုတ်ကဲ့ လောက်ပါတယ် အစ်ကို၊ ရှေ့နား ဆီဆိုင်မှာလည်း ထပ်ဖြည့်ဦးမှာပါ၊ ကျေးဇူးပါပဲ အစ်ကို၊ အစ်ကို့ရဲ့ပုံးနဲ့ဆီကို ကျွန်မ လာပေးပါ့မယ်၊ လိပ်စာလေးပြောခဲ့ပါနော်"

"ရပါတယ် ညီမ ... ကားသမားချင်း ကူညီတာပါ၊ ကျွန်တော် ဘာမှစိတ်ထဲမှာမထားပါဘူး။ ကျွန်တော် သွားလိုက်ပါဦးမယ်"





"ဟုတ်ကဲ့ပါ အစ်ကို ... ကျေးဇူးပါပဲ"

ဟု သူမက ခေါင်းညိတ်ကာ လေးစားသမှုဖြင့် ရပ်ကာ ကြည့်နေလိုက်သည်။ ဖေမင်းသူ ကားထွက်သွားတော့မှ သူမက ကားထဲသို့ဆီဖြည့်ကာ ခရီးဆက်ခဲ့လေသည်။

ကားထဲသို့ရောက်ပြီးမှ –

"အင်း ... သူ့ရဲ့နာမည်လေးတောင် မမေးလိုက်ရဘူး"

ပြီးတော့ သူမလည်း မိတ်မဖွဲ့လိုက်ရ၍ စိတ်ထဲမှ သူ့ကိုယ်သူ အပြစ်တင်နေမိသည်။

✿

ပဲခူးမြို့အဝင်တွင် အေးချမ်းတည်ငြိမ်သော စားသောက်ဆိုင်လေးတစ်ဆိုင်တွင် ဖြစ်သည်။ ပတ်ဝန်းကျင်ရဲ့ တိတ်ဆိတ်ငြိမ်သက်မှုက သူတို့၏စိတ်ကို မွေးအေးချမ်းစေသည်။ ပတ်ဝန်းကျင်မှာလည်း တော၊ တောင်နဲ့ ရေကန်လေးတစ်ကန်က သူ၏စိတ်ကို ပို၍လန်းဆန်းစေခဲ့သည်။ ထိုသို့တွေးနေစဉ် –

"ကိုဖေ ... လာလေ၊ ဒီမှာ စားစရာတွေအားလုံး

www.burmeseclassic.com

www.burmeseclassic.com



နံ့ကြာဖြိ

"ကိုဇေ ... မင်းက ဘာတွေဆွေးနေတာလဲ။ ဒီကောင်ကြီး ဆွေးစရာတွေ့နေပြီထင်တယ်"

ဟု သူငယ်ချင်းတွေထဲမှ ဇန်ဒိန်းဆိုသော သူငယ်ချင်းက ဝင်ပြောလိုက်သည်။ သူ့ကို အားလုံးက စိတ်ဝင်စားနေသည်။ သူကလည်း စိတ်ဝင်စားစရာပါပဲ။ ယခင်ကလို သူငယ်ချင်းများ တွေ့ရင် စကြ၊ နောက်ကြနဲ့ ရယ်ပွဲဖွဲ့နေကြ။ ယခုတော့ သူက အဆွေးသမားတစ်ယောက်လို ဖြစ်နေသည် မဟုတ်ပါလား။ ဒါကို သူငယ်ချင်းများက သတိထားမိ၍ သူ့ကို မေးလာကြသည်။

ထိုအခါ ဇင်မျိုးက –

"ဟုတ်တယ် ကိုဇေ ... တို့သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး ဆုံချင်လို့ ငါက စီစဉ်လိုက်တာ။ မင်းက ဆွေးနေပြီလား။ မင်းကို ဆွေးရအောင်လုပ်တာ သူ ဘယ်သူလဲကွ"

ဇင်မျိုးရဲ့ မခံချင်သောစိတ်နဲ့ သူ့ကိုပြောနေသော သူငယ်ချင်းကို သူက ပြန်ကြည့်ပြီး –

"ငါ ဆွေးနေတာမဟုတ်ပါဘူးကွ"

"ဒါဆို ဘာဖြစ်နေတာလဲ"

ထူးအောင်က ဝင်မေးလိုက်သည်။





"ငါတို့တွေ တွေ့တုန်း ပျော်ပျော်ပါးပါး သောက်ကြ၊ စားကြရအောင်ကွ၊ ဆွေးတာတွေ၊ တွေးတာတွေ ခဏဖျောက်ထား"

"ဟုတ်ပါတယ် သူငယ်ချင်းတို့ရယ်၊ ငါတွေးတာက ညက မက်တဲ့အိပ်မက်ကြောင့်ပါ"

"ဟင်"

"ဟာ"

"ဘာ ... အိပ်မက်ကြောင့် ဟုတ်လား"

ဇင်မျိုးက အံ့သြသလို မေးလိုက်သည်။ ပြီးနောက် ဆက်ပြီး –

"မင်းရဲ့အိပ်မက်က ဘယ်လိုအိပ်မက်မျိုးလဲကွ၊ ငါတောင် စိတ်ဝင်စားလာပြီ"

"ဟုတ်တယ် ဇင်မျိုး။ အိပ်မက်ထဲမှာက ထူးဆန်းတဲ့ မှန်တစ်ချပ်ထဲက မိန်းကလေးတစ်ဦး ထွက်လာပြီး ငါ့ကို 'အစ်ကို့ဆီကို ကျွန်မ လာခဲ့မယ်နော်' လို့ပြောပြီး ပျောက်သွားတာပဲ။ ငါလည်း အဲဒီမိန်းကလေးကို စိတ်ထဲကစွဲလမ်းပြီး ယခုထိ မေ့လို့မရအောင် ဖြစ်နေတယ်။ ပြီးတော့ သူမက ငါ့ဆီ ဘယ်လိုလာမလဲဆိုတာ ငါစဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူငယ်ချင်းလေးယောက်စလုံးက ဖေမင်းသူကို နားမလည်သလို ကြည့်လိုက်ကြသည်။ ဖေမင်းသူဆိုတဲ့ သူကလည်း ဒီလိုမျိုး စွဲလမ်းမှုမျိုးဖြစ်ခဲ့တယ်ဆိုတာလည်း သူတို့နဲ့ တစ်ခါမှ မဆုံခဲ့ဖူးပါ။

"အင်း ... ဒီကောင်ကြီး ဘာဖြစ်သွားပြီလဲ၊ မိန်းကလေးရဲ့ညို့ဓာတ်ကြောင့် ဒီကောင်ကြီး စွဲနေပြီထင်တယ်"

ဟု ဇင်မျိုးက ကောက်ချက်ချလိုက်သည်။ ထိုအခါ ထွန်းအောင်ကျော်က –

"မင်းတို့ စကားတွေပဲပြောနေကြတော့မှာလား။ မစားကြတော့ဘူးလား။ ငါတော့ ဆာလှပြီကွ"

ထူးအောင်ကျော်၏စကားကြောင့် သူတို့အားလုံး ထိုင်ခုံတွင် ပြန်ထိုင်လိုက်ကြသည်။ ထူးအောင်ကျော်ဆိုတဲ့ ဝတုတ်ကတော့ အစားပဲငန်းနေတယ်ဟု ဗန်ဒိန်းက ဆိုလိုက်သည်။

စကားပြတ်ကာ စားသောက်ဝိုင်းတွင် စကားဝိုင်းဖွဲ့ပြီး သူငယ်ချင်းများ၏ရှေးဖြစ်၊ နှောင်းဖြစ်များ ပြောကြပြီး ပျော်စရာ စားသောက်ဝိုင်းလေးတစ်ခု ဖြစ်သွားခဲ့လေတော့သည်။

✵ ✵ ✵



## အခန်း (၂)

## မှန်ထဲမှ မိန်းကလေး

စားပွဲပြီး၍ ဖေမင်းသူ၊ ရန်ကုန်ကိုမပြန်သေးဘဲ ရွှေမော်ဓောဘုရားသို့ ထွက်လာခဲ့သည်။ ပဲခူးကို သူ့အနေနဲ့ အရောက်နည်းသည်မဟုတ်ပါလား။ ယခုလည်း သူငယ်ချင်းဇင်မျိုးကြောင့် သူရောက်ခဲ့ရသည်။ အပြန်တွင် ဘုရားဝင်ဖူးမည်ဟု ဆုံးဖြတ်ခဲ့၍ ဘုရားကြီးသို့ လာခဲ့ခြင်းဖြစ်သည်။

ဖေမင်းသူ ကားလေးကို ပါကင်ထိုးလိုက်သည်။ ဘုရားကြီး၏အနောက်ဘက်မုခ်တွင်ဖြစ်သည်။ ကားပါကင်၏နားတွင် ဈေးဆိုင်ခန်းများရှိနေသည်။ စားသောက်ဆိုင်များလည်း ရှိနေသည်။ ထိုစားသောက်ဆိုင်များထဲမှ လက်ဖက်ရည်၊ အသုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ထမင်းပါရောင်းချသော ဆိုင်တစ်ဆိုင်ထဲမှ အမျိုးသမီးတစ်ဦး ပြေးထွက်လာခဲ့သည်။ ထိုသို့ ပြေးထွက်သွားသော သူမကို သူမ၏သူငယ်ချင်းများက နားမလည်သလို အံ့ဩကာကြည့်နေကြသည်။ ထိုအခါ သူမက –

"အစ်ကို ... အစ်ကို"

ဖေမင်းသူက ပထမခေါ်တဲ့စကားကို မကြားပါ။ ဒုတိယခေါ်လိုက်သောအခါ သူနားသို့ကပ်ကာ ခေါ်သံကြောင့် လှည့်ကြည့်ဖြစ်သည်။

"အစ်ကို မဟုတ်လားဟင်"

"ခင်ဗျား ကျွန်တော့်ကိုလား"

"ဟုတ်ပါတယ် ... ညီမကို မမှတ်မိဘူးထင်တယ်။ လမ်းမှာဆီ အကူအညီပေးတဲ့ညီမပါ။ အစ်ကိုရဲ့ကားကိုမှတ်မိလို့ ညီမက ဟိုစားသောက်ဆိုင်ထဲက ကြည့်နေတာ"

"ဩော် ... သိပြီ ... သိပြီ၊ မှတ်မိပြီ။ ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း မေ့သွားလို့ပါ"

"အစ်ကို တစ်ခုခုလိုက်စားပါလား၊ ပြီးတော့ ညီမဆီ အစားပြန်ပေးလိုက်ပါ့မယ်"

"ရပါတယ် ညီမရယ်၊ ပြန်လိုချင်လို့ အကူအညီပေးတာ





မဟုတ်ပါဘူး။ ကျွန်တော် ပြောထားပြီးသားပဲ။ မရောင်းပါဘူး၊ မချေးပါဘူး၊ ပေးတာပါလို့"

"ဟုတ်ကဲ့ပါ အစ်ကို၊ ဒါကြောင့်လည်း ညီမက အစ်ကို့ကို ကျေးဇူးတင်ပါတယ်။ အခုလည်း ညီမက အစ်ကို့ကို တစ်ခုခု ကျွေးချင်တဲ့စိတ်ရှိလို့ လိုက်ခဲ့ပါနော်"

ဖေမင်းသူတစ်ယောက် အမျိုးသမီးရဲ့ တောင်းဆိုသမှု ပြုနေသည်ကို အားနာသွားမိသည်။ ငြင်းဆန်လိုက်ရင်လည်း ရှိုင်းရာကျမည်။ ထို့ကြောင့် ခေါင်းညိတ်ပြလိုက်သည်။ ထိုအဖြစ်ကို သူမ၏သူငယ်ချင်းများက အံ့ဩ၍ သူမကို ဝိုင်းကာ ကြည့်နေသည်။ ပြီးနောက် သူမက ရှေ့မှဦးဆောင်ကာ သူငယ်ချင်းများ ထိုင်သောဝိုင်းသို့ ခေါ်ခဲ့လေသည်။

ထိုင်ခုံတစ်ခုကို သူမက ဖေမင်းသူအား ထိုးပေးလိုက်သည်။

"ထိုင် ... အစ်ကို၊ ဘာများသုံးဆောင်မလဲ အစ်ကို"

"အအေးပဲလုပ်ပါ"

ထိုအခါ သူမက စားပွဲထိုးကောင်လေးကို ခေါ်လိုက်သည်။

"မောင်လေး ... ကုတ်တစ်ဘူးလောက်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စားပွဲထိုးလေးပြန်ထွက်သွားပြီးနောက် သူမက

"အစ်ကိုကို မိတ်ဆက်ပေးရဦးမယ်"

ဟုပြောကာ သူမ၏သူငယ်ချင်းများဘက်သို့ –

"နင်တို့ကို အစ်ကိုနဲ့မိတ်ဆက်ပေးမယ်"

ထိုအခါ ဇေမင်းသူက –

"ကျွန်တော့်နာမည် ဇေမင်းသူပါ၊ R.I.T နဲ့ ကျောင်းပြီးသားပါ"

ဟု ဇေမင်းသူက သူမကိုယ်စား မိတ်ဆက်လိုက်သည်။

ထိုအခါ သူမက –

"ကျွန်မနာမည်က ယွန်းသခင်ပါ။ လမ်းမှာတုန်းကတည်းက ကျွန်မနာမည် မပြောလိုက်မိတာ ခွင့်လွှတ်ပါနော်"

"ဟုတ်လား ... ရပါတယ်၊ အခုသိရပြီပဲ"

ဒီက သူငယ်ချင်းတွေကတော့ –

"သူက နွာညိုသင်း၊ ချယ်ရီသင်း၊ မေသူဇော်ပါ။ သူတို့အားလုံးက ကျွန်မရဲ့အခင်ဆုံး သူငယ်ချင်းတွေပါ။ နင်တို့အားလုံးကို ပြောရဦးမယ်"

ဟုပြောကာ ယွန်းသခင်က ဆက်ပြီး –

"အစ်ကိုက ငါ့ကို လမ်းမှာတုန်းက ကားဆီကုန်သွားလို့



ကူညီပေးလိုက်တဲ့သူပါ။ ခုနကပဲ နင်တို့ကို ပြောပြထားပြီးသားပဲ"

"ဪ ... ဒီလိုလား"

ဟု မေသူဇော်က နောက်သလို မျက်နှာထားနဲ့ ပြောလေသည်။

"ဘာ ... ဒီလိုလားလဲ၊ ကောင်မနော်"

ဟုပြောလိုက်သော ယွန်းသခင်၏ မျက်စောင်းလေးကို ခံယူလိုက်ရသည်။

ထိုအခါ ဇေမင်းသူက ယွန်းသခင်ဘက်သို့လှည့်ကာ–

"ညီမတို့က ဘုရားဖူးလာတာလား"

"ဟုတ်ပါတယ် အစ်ကို၊ ဒီကသူငယ်ချင်းတွေက ပဲခူးကပါ။ ဟောဒီ မေသူဇော်က မွေးနေ့လုပ်လို့ လာရင်း ဘုရားလာဖူးကြတာပါ။ ဒါနဲ့ အစ်ကိုလည်း ဘုရားဖူးပဲလား"

"ဆိုပါတော့၊ သူငယ်ချင်းတစ်ယောက်ရဲ့ မိတ်ဆုံစားပွဲလာရင်း အပြန် ဘုရားဝင်ဖူးတာပါ။ ညီမတို့ကော ဘုရားဖူးပြီးကြပြီလား"

"ဟုတ်ကဲ့ ... ပြီးပါပြီ"

"ဒါဆိုရင် ကျွန်တော့်ကို ခွင့်ပြုဦး၊ ဘုရားပေါ်တက်လိုက်ဦးမယ်။ ကျေးဇူးတင်ပါတယ်နော်။ အခုလိုကျွေးတဲ့အတွက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ညီမက ပိုပြီးကျေးဇူးတင်ရမှာပါ"

ဟု ယွန်းသခင်က ဖေမင်းသူကိုကြည့်ကာ ပြောလိုက်သောအခါ ဖေမင်းသူလည်း ခေါင်းညိတ်ကာ ဆိုင်ထဲမှ ထွက်ခွာခဲ့လေသည်။

ထိုအခါ –

"မဆိုးဘူးနော်"

ချယ်ရီသင်း၏ အရင်းမရှိ အဖျားမရှိ ပြောလိုက်သော စကားကြောင့် ယွန်းသခင်က –

"ဘာမဆိုးတာလဲ ချယ်ရီ"

"ဩော် ... ရုပ်ရော၊ ရှုပရော၊ ကိုယ်လုံးပါ မင်းသားကျနေတာပဲ။ ကိုရီးယားမင်းသားတစ်ယောက်နဲ့ တူသလိုပဲနော်"

ချယ်ရီသင်း၏ စိတ်ဝင်စားမှုလို့ပြောနေပေမယ့် ယွန်းသခင်က မကြားတော့ပါ။ သူမပါ အတွေးထဲ မျောနေမိသည်။ သူမနဲ့ဆုံခဲ့တာလည်း နှစ်ခါရှိပြီဆိုတော့ ပိုပြီး အတွေးတွေကဖိုနေမိသည်။ သူမရဲ့အတွေးတွေ ဘယ်လောက်ထိ တွေးနေသလဲဆိုတာ အနားတွင် ထိုင်နေသော နှာညိုသင်းက –

"ညည်း ... လွမ်းကျန်ရစ်နေပြီ မဟုတ်လား"

"ဟာ ... ကောင်မနော်"





"ဟင်း ဟင်း ဟင်း"

နှာညိုသင်းက ယွန်းသခင် ရှက်သွားသောမျက်နှာလေးကိုကြည့်ကာ ဟားလိုက်မိလေသည်။ သူတို့တွေ စကားများဖောင်ဖွဲ့ကာပြောပြီး ယွန်းသခင်ကို ကားဆီသို့ လိုက်လာခဲ့လေသည်။

✿

ဖေမင်းသူ ဘုရားဖူးပြီး၍ မပြန်သေးဘဲ ဘုရားရဲ့တောင်ဘက်မုခ်ရှေ့တွင် ဈေးတန်းဘက်သို့လျှောက်ကာ လှေ့လာနေမိသည်။ ထိုသို့လျှောက်လာနေခိုက်တွင် ကုလားလေးတစ်ယောက်က သူ၏ဈေးဗန်းခင်းထားသော ပစ္စည်းမျိုးစုံ စုံလင်လှသည်။ ကြေးခွက်မျိုးစုံ၊ ဖွန်း၊ ရုပ်တုများ၊ ကြေးရုပ်မျိုးစုံတို့ဖြင့် ခင်းကျင်းပြသထားပုံမှာ သူ၏ဆိုင်တွင် လူများ ထိုင်၍တစ်မျိုး၊ ထတ်တတ်ရပ်၍တစ်မျိုး ကြည့်ရှုသူများ များပြားလျက်ရှိနေတာ တွေ့လိုက်ရသည်။

ဖေမင်းသူလည်း သူပါ စိတ်ဝင်စားလာ၍ သူပါ ဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိပါသည်။ ဖေမင်းသူကြည့်ရင်း ကုလားလေးရဲ့ ညာဘက်တွင် ထောင်ထားသော မှန်တစ်ချပ်ကို တွေ့လိုက်ရသည်။ မှန်မှာ စက္ကူကပ်ထားသည်။ ဘောင်ကိုတော့ မကာထားပါ။

ဘောင်မှာပဲ နဂါးနှစ်ကောင်ရဲ့ ကိုယ်ထည်လို ဘောင်လုပ်ပြီး အလယ်တွင် မှန်တပ်ထားသည်။ မှန်ကို စက္ကူကပ်ထား၍ သူ စိတ်ဝင်စားသွားသည်။

ဖေမင်းသူက –

"ညီလေး ... ဒါက မှန်လား"

"ဟုတ်ကဲ့ ... အစ်ကို မှန်ပါ"

"ဘာဖြစ်လို့ စက္ကူကပ်ထားတာလဲ"

ကုလားလေးက နဂါးနှစ်ကောင်၏မှန်ကို ဖေမင်းသူ လက်ထဲသို့ ထိုးပေးလိုက်သည်။ ထိုအခါ ဖေမင်းသူက မှန်ကို ယူလိုက်ပြီး စက္ကူကိုခွာကြည့်သည်။ စက္ကူက ကတ္တရာစေးနှင့် ကပ်ထားတာ တွေ့လိုက်ရသည်။

"ညီလေး ... မှန်ကို စက္ကူဘာကြောင့် ကပ်ထားတာလဲ"

"မသိဘူး အစ်ကို၊ လာရောင်းကတည်းက စက္ကူကပ်ပြီးသားပဲ"





"ညီလေးက မခွာဘူးလား"

"ဟင့်အင်း ... မခွာဘူး၊ ကတ္တရာစေးတွေနဲ့မို့ပါ"

"ဒါဆို ညီလေး ... မှန်ကို ဘယ်လိုရောင်းရမှာလဲ"

"မှန်က အဓိကမဟုတ်ပါဘူး အစ်ကို၊ ဘောင်ကိုကြိုက်ရင် ဝယ်မှာပဲဆိုပြီး မခွာတော့တာပါ"

"အင် ... ဟုတ်တယ်နော်၊ နဂါးနှစ်ကောင်နဲ့ ဘောင်လုပ်ထားတာ လက်ရာသေသပ်တယ်။ ပြီးတော့ နဂါးရုပ်နှစ်ရုပ်က လည်း တကယ့်နဂါး ကျနေတာပဲ"

ဖေမင်းသူက ဘောင်ကို သေချာစွာ ကြည့်နေမိသည်။ နဂါးခေါင်းနှစ်ခုက အပေါ်ဘက်တွင် မျက်နှာချင်းဆိုင်နေသည့် ကိုယ်လုံးကတော့ ဘောင်အဖြစ်ယူထားပြီး အမြီးဖျားနှစ်ခုလည်း ဆုံပေးထားသည်။ ဒီလိုဘောင်မျိုး သူ တစ်ခါမှ မတွေ့ဖူးပါ။ ဖေမင်းသူ သတိရသွားသည်။ အိပ်မက်ထဲတွင် သူ့ကို ကိုယ်ထင်လာပြသောမိန်းကလေး ဒီမှန်ထဲမှ ထွက်လာတာ သူသတိရသွားသည်။

မှန်ကိုကြည့်ပြီး ဖေမင်းသူ စိတ်ဝင်စားသွားသည်။ ထို့နောက် ကုလားလေးကို –

"ညီလေး ... ဒီမှန် ဘယ်လောက်နဲ့ရောင်းမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"၃၀၀၀ ပါ ...အစ်ကို"

ကုလားလေးက ဈေးခေါ်လိုက်သည်။ ဇေမင်းသူက တကယ်တော့ မှန်ရဲ့တန်ဖိုးက ဘာမှမရှိပါ။ ဆောင်ကြောင့် ဈေးက ပိုများသည်ဟု ထင်ရပေမယ့် တကယ့် နဂါးရုပ်တုဆိုလျှင် ဒီဈေးတော့ မရနိုင်ပါ။

ဈေးကသင့်၍ ဇေမင်းသူလည်း ဈေးမဆစ်တော့ပါ။ မှန်ကို သေချာစွာစစ်ဆေးပြီး ဝယ်ယူလိုက်လေတော့သည်။

ထိုအခါ ကုလားလေးက မှန်ကို သတင်းစာစက္ကူဖြင့် ထုပ်ပိုးပြီး သူ့ကို ပြန်ပေးလိုက်သည်။ ဇေမင်းသူ မှန်ကိုကြည့်ပြီး အိပ်မက်ထဲမှ မှန်များ ဖြစ်နေမလားလို့ စိတ်ထဲက ထင်နေမိသည်။

ဇေမင်းသူ ပွဲခူးမှ ဘုရားများလိုက်ဖူးပြီး ရန်ကုန်သို့ ပြန်ခဲ့လေတော့သည်။

❋ ❋ ❋



## အခန်း (၃)

## ပုံရိပ်တုနဲ့မှန်

ဇေမင်းသူ ပွဲခူးမှပြန်ရောက်ပြီး မှန်ကို အခန်းထဲရှိ စားပွဲပေါ်တွင် တင်ထားလိုက်သည်။ ညနေစောင်းနေ၍ ရေချိုးရန် ပြင်ဆင်လိုက်သည်။ ခဏကြာသော် –

"အစ်ကိုလေး ...အစ်ကိုလေး"

"ဘာလဲ ...မိညို"

"မေမေကြီးက ထမင်းစားဖို့ လာခေါ်ခိုင်းလို့ပါ"

"အေး အေး ...လာခဲ့မယ်"

မိညိုဆိုသောကောင်မလေးက အခန်းရှေ့မှ ပြန်ထွက်သွားလေသည်။ ခဏကြာသောအခါ ဇေမင်းသူ ထမင်းစားခန်း



www.burmeseclassic.com

www.burmeseclassic.com



သို့ လိုက်ခဲ့လေသည်။

မိသားစုထမင်းဝိုင်းလေး စည်ကားသွားလေသည်။ ထို အခါ ဖေမင်းသူ၏အဖေ ဦးဇော်မင်းက –

“သား ... ဘာအလုပ်လုပ်မယ်လို့ စိတ်ကူးထားလဲ”

“သား အလုပ်တစ်ခု လျှောက်ထားပါတယ်၊ လမ်းတံ တားမှာပါ။ ခေါ်စာတော့ မရောက်သေးပါဘူး။ အင်တာဗျူးတော့ ဖြေပြီးသွားပြီ”

“အောင်မှာပါ။ သားလို အရည်အချင်းရှိတဲ့ အင်ဂျင် နီယာကို အစိုးရက ခေါ်မှာပါ”

“သားတို့သူငယ်ချင်းတွေအားလုံး စုံရဲ့လား”

ဦးဇော်မင်းက ဖေမင်းသူ ပဲခူးသွားသည့်ကိစ္စကို ဖြတ် ကာ မေးလိုက်ခြင်းဖြစ်သည်။

“ဟုတ်ကဲ့ အဖေ ... အားလုံးလာပါတယ်”

“သူတို့ကော အလုပ်တွေ ဝင်နေကြပြီလား”

“နှစ်ယောက်ကတော့ သူတို့မိဘဆီမှာပဲ ယာယီဝင်လုပ် နေတယ်။ သားနဲ့ ကျန်နှစ်ယောက်ကတော့ အတူတူလျှောက် ထားတယ်”

ထမင်းစားဝိုင်းလေးတွင် မိသားစုသုံးဦး ပျော်ရွှင်စွာ





စားသောက်ရင်း ပြီးဆုံးခဲ့လေသည်။

ဖေမင်းသူ ထမင်းစားပြီး၍ မိမိအခန်းရှိရာသို့ ပြန်လာခဲ့ သည်။ အခန်းထဲသို့ရောက်သော် စားပွဲပေါ်တွင်တင်လျက်ရှိနေ သောမှန်ကို သတိရသွားသည်။

သူသည် မှန်နားသို့ရောက်လာပြီး ပါကင်စက္ကူကို ခွာ လိုက်သည်။ ပြီးနောက် မှန်တွင်ကပ်နေသော ကတ္တရာဖြင့် ကပ် ထားသော စက္ကူဖတ်ကို ခွာလိုက်သည်။

မှန်၏အရောင်မှာ ကတ္တရာစေးကပ်ထားတာ ဘယ် လောက်ကြာနေမှန်း မသိပါ။ မူလမှန်၏ မွဲညစ်ညစ်ဖြစ်နေသည်။ ဒါနဲ့ ဖေမင်းသူလည်း မှန်ကို အဝတ်စတွင် ရေစွတ်ပြီး တိုက်ပေး လိုက်သည်။

ယခုမှပင် မှန်၏အရောင်က ထွက်လာခဲ့သည်။ ပြီး နောက် ဘေးဘောင်များကိုလည်း ရေစွတ်ထားသော အဝတ်စ ဖြင့် လိုက်တိုက်ပေးလိုက်သည်။

ရေကြောင့် မှန်အသားနဲ့ဘေးဘောင်များ အရောင်နည်း နည်း ထွက်လာခဲ့သည်။ ထို့နောက် မှန်ကို မိမိ၏စားပွဲနား ဘေးတွင် သံချိတ်တစ်ခုတွင် ချိတ်လိုက်လေသည်။ ဖေမင်းသူ လည်း အားလုံးပြီးဆုံးသွား၍ ပင်ပန်းသောကြောင့် အိပ်ရာပေါ်



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တအိပ်လိုက်လေသည်။

ပဲခူးမှပြန်လာ၍ ခရီးပန်းလာသည်ကတစ်ကြောင်း၊ ထမင်းစားပြီး၍ အစာအဆိပ်တက်သည်ကြောင့် အိပ်ပျော်သွားလေသည်။

✲

"အစ်ကို အစ်ကို အစ်ကို"

သူ၏နားနားတွင် ခေါ်သံလိုလို ကြားလိုက်သည်။ ဇေမင်းသူလည်း မသက်ာ၍ ဘေးသို့ လှမ်းကာကြည့်လိုက်မိသည်။ အမျိုးသမီးတစ်ယောက် သူအိပ်နေသောအနားတွင် မတ်တတ်ရပ်လျက် သူ့ကိုခေါ်နေတာ တွေ့လိုက်ရသည်။

"အစ်ကို့ဆီကို ညီမရောက်နေပြီ၊ အစ်ကို့ကို ကျေးဇူးတင်ပါတယ်။ ညီမလေး နှစ်ပေါင်းများစွာ ပိတ်လှောင်ခံထားခဲ့ရတာ အခုမှပဲ လွတ်လပ်သွားတော့တယ်၊ အစ်ကို့ကို ကျေးဇူးတင်ပါတယ်"

ထိုအခါ ဇေမင်းသူက သူမက သူ့ပြောချင်ရာသာ



ဆက်တိုက်ပြောနေ၍ ဇေမင်းသူ ငြိမ်ကာနားထောင်နေလိုက်သည်။ ပြီးမှ –

"ညီမက ဘယ်က ဘယ်လိုရောက်လာတာလဲဟင်'

"အစ်ကိုပဲ ခေါ်လာခဲ့တာလေ"

'ငါလည်း ဘယ်သူ့ကိုမှ မခေါ်လာပါလား"

ဟု စိတ်ထဲမှ ပြောလိုက်မိသည်။

"ညီမကို အစ်ကို မသိပါလား၊ ညီမက ဘယ်သူလဲဟင်"

ထိုအခါ မိန်းကလေးက –

"ညီမက"

"ဒုန်း ဒုန်း ဒုန်း"

"ဒေါက် ဒေါက် ဒေါက်"

"သားရေ ... သား ... တံခါးဖွင့်ပါဦး"

အပြင်မှတံခါးခေါက်သံကြောင့် ဇေမင်းသူ အိပ်ရာမှ လန့်နိုးသွားသည်။ သူ အိပ်မက်လိုလို၊ တကယ်လိုလို မက်နေတာလား။ သူ့နားမှာ စကားလာရပ်ပြီးပြောနေတဲ့သူက ဘယ်သူပါလိမ့်။

"ဒေါက် ဒေါက်"

www.burmeseclassic.com



"သားရေ ...သား"

တံခါးခေါက်သံက တကယ်ဆိုတာ သိလိုက်၍ ဇေမင်းသူ တံခါးနားသို့ ထလာခဲ့သည်။ ပြီး ...တံခါးကို ဖွင့်ပေးလိုက်သည်။

"သား ...ဘယ်လိုဖြစ်တာလဲ၊ မေမေ တံခါးခေါက်တာ ကြာလှပြီ။ အိပ်မောကျနေတာလား"

"ဟုတ်တယ် မေမေ ... သား အိပ်မောကျသွားတယ်"

အမေ့ကို ပြန်ဖြေလိုက်ပေမယ့် သူ့ရဲ့စိတ်ထဲမှာတော့ မတင်မကျ ဖြစ်နေသည်။

"သား ...ညနေစောင်းမှာမအိပ်နဲ့တော့လေ။ အပြင်လေး ဘာလေး လမ်းထွက်လျှောက်ပါဦး။ ခုမှ ၆–နာရီကျော်ပဲ ရှိသေးတာ"

ထိုအခါ ဇေမင်းသူလည်း သူ၏လက်မှနာရီကို ကြည့်လိုက်မိသည်။

"အင်း ...ဟုတ်သားပဲ၊ သူ ဘယ်လိုဖြစ်ပြီး အိပ်ပျော်သွားပါလိမ့်"

"သား ...ကြားလား မေမေပြောတာ"





"ဟုတ်ကဲ့ ...မေမေ၊ သား ခဏနေကြရင် အပြင်ထွက်လာခဲ့မယ်"

ထို့နောက် မေမေ သူ၏အခန်းနားမှ ပြန်သွားလေသည်။ အမေသွားပြီး သူ အခန်းထဲသို့ ပြန်ဝင်ကာ မှန်ရှိရာသို့ လျှောက်လာခဲ့မိသည်။

"ငါ့ကို စကားလာပြောတဲ့သူက ဒီမှန်ထဲက မိန်းကလေးများ ဖြစ်နေမလား"

"ဘာဆိုင်လို့လဲ၊ မှန်က မှန်ပဲ။ မိန်းကလေးက မိန်းကလေးပဲ။ ငါများ အတွေးခေါင်နေမိပြီလား"

ဟုပြောပြီး ဇေမင်းသူ ရေချိုးရန်ပြင်ဆင်လိုက်လေတော့သည်။

ရေချိုးပြီး၍ မျက်နှာသုတ်ပြီး သူ မှန်ရှေ့သို့ရောက်လာခဲ့သည်။ ကိုယ်ပေါ်တွင် တဘက်ပိုင်း လွှမ်းခြုံထားလိုက်သည်။

မှန်ရှေ့သို့ရောက်နေသော ဇေမင်းသူ၊ မှန်ကိုကြည့်မိသည်။ မှန်ထဲတွင် သူက ခေါင်းကိုသပ်လိုက်သည်။ ပြီးနောက် ခေါင်းဖီးဖြင့် ဆံပင်များကို ဖြီးလိုက်သည်။

ထိုအခါ ...မှန်ထဲမှပုံရိပ်က ဘာမှမလုပ်ဘဲ သူ့ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေတာ တွေ့ရသည်။ ဇေမင်းသူလည်း အံ့သြ၍ ကိုယ့်မျက်စိကိုပင် ကိုယ်မယုံဘဲ ဖြစ်မိသည်။

နောက်တစ်ကြိမ် ထပ်ပြီး မျက်နှာကို စနိုးလိမ်းလိုက်သည်။ မှန်ထဲမှပုံရိပ်က ဘာမှပြန်မလုပ်ဘဲ သူ့ကိုပဲ စိုက်ကြည့်နေတာ တွေ့ရပြန်သည်။

ဇေမင်းသူ သူ၏စိတ်ထဲမှ မှန်ကို မသင်္ကာဖြစ်လာသည်။ မှန်အစစ်မှဟုတ်ရဲ့လားလို့ တွေးမိသည်။ မှန်ဖြစ်လို့လည်း သူ၏ပုံရိပ်က ထင်နေသည် မဟုတ်ပါလား။ မှန်ကို သံသယနည်းနည်းဖြစ်မိသည်။

ဇေမင်းသူ မှန်ကို သံချိတ်မှဖြုတ်ကာ ယူကြည့်လိုက်သည်။ ပြီးနောက် မှန်၏အနောက်ဘက်သို့ လှည့်ကာ ကြည့်ပြန်သည်။ မှန်၏အနောက်ဘက်တွင်လည်း ကတ်ထူစက္ကူစတအသစ်ကပ်ထားတာ တွေ့ရသည်။

မှန်၏ထူးခြားမှုကို သူ နားမလည်နိုင်အောင်ဖြစ်မိသည်။

"အင်း . . . ဒီမှန်ကို သူ မသင်္ကာချင်တော့ပါ။ ဒီမှန်ကို သူ ပဲခူးဘုရားက ဝယ်လာခဲ့သည်မဟုတ်ပါလား။ ဒီမှန်ရောင်းလိုက်တဲ့ ကုလားလေးဆီကို သွားပြီးမေးကြည့်မှပဲ ဒီမှန် ဘယ်ကရခဲ့လဲလို့ သိလိုက်ရလျှင်"





ဟုတွေးကာ မနက်ဖြန်ပဲ သူသွားမည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက် မှန်ကို သူနေရာသို့ပြန်ပြီးချိတ်လိုက်သည်။ မှန်ကိုလည်း မသင်္ကာသောအကြည့်ဖြင့် တစ်ဖန်ပြန်လှည့်ကာ ကြည့်လိုက်မိသည်။

မှန်ထဲမှပုံရိပ်က သူ့ကိုသာ စိုက်ပြီးကြည့်နေတာ တွေ့လိုက်ရသည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## မှန်ထဲမှ လူလား ဝိညာဉ်လား

ဇေမင်းသူ မနက်ဖြန်ပဲခူးသို့ စောစောထွက်မည်ဟု ဆုံးဖြတ်၍ အိပ်ရာသို့စောစောဝင်ခဲ့သည်။ အိပ်ရာပေါ်၌ အတွေးတစ်ခုရောက်လာပြီး မှန်ကိုကြည့်လိုက်မိသည်။ ထိုအခါ မှန်ထဲမှ အငွေ့များထွက်နေသည်ဟု စိတ်ထဲမှထင်လိုက်မိသည်။

ဒါကြောင့် မှန်ဆီသို့ ထ,လာခဲ့သည်။ မှန်ကို သေသေချာချာကြည့်လိုက်မိသည်။ ထိုအခါ မှန်ထဲမှလူက သူ့ကိုပြန်ကြည့်ကာ –

"မနက်ဖြန် ပဲခူးသွားရင် မင်းကို လူသုံးယောက်က ဒုက္ခပေးလိမ့်မယ်၊ သတိထားပါ"



ဟုပြောလိုက်သည်။ ဇေမင်းသူလည်း မှန်ထဲမှလူက သူ့ကို သတိပေးလိုက်သည်ကို အံ့သြစွာဖြင့်လည်းကောင်း ဇဝေဇဝါဖြင့် ကြားလိုက်သလို ခံစားလိုက်ရသည်။

"ဒီလူတွေက ဘာလို့များ ဒုက္ခပေးမလဲ"

ဟု စိတ်ထဲမှ ပြန်မေးနေမိသည်။ ဇေမင်းသူ အိပ်ရာပေါ်တွင် ဟိုလိုမ့် ဒီလိမ့်ဖြင့် ထိုစကားသံကိုသာ နားထဲတွင် စွဲနေမိသည်။ ပြီးနောက် –

ကားလေးသည် လမ်းပေါ်တွင် တရိပ်ရိပ်ဖြင့် ပြေးနေသည်။ မင်္ဂလာဒုံကျော်လာသည်။ ပြီးနောက် ထောက်ကြန့်လမ်းဆုံသို့ရောက်သော် ကားလေးကို ညာဘက်သို့ကွေ့ကာ ပဲခူးလမ်းမပေါ်သို့ ယူထားလိုက်သည်။

ထောက်ကြန့်အကျော် လှည်းကူးကြားအရောက် လယ်ကွင်းများကိုကြည့်ကာ တစ်ဖက်မှလာသော ကားများကိုကြည့်ပြီး သတိထားကာ မောင်းနေမိသည်။

ထိုအခါ ရှေ့နားတွင် လူသုံးဦးက သူ၏ကားကို လက်ကာတားနေသည်ကို တွေ့လိုက်ရသည်။ ဇေမင်းသူလည်း ကားလေးကို ထိုသူတို့နားသို့ မရောက်ခင် လမ်းဘေးနားသို့ကပ်ကာ ရပ်လိုက်သည်။ ထိုအခါ ထိုလူသုံးဦးက သူ၏ကားနားသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး ဇေမင်းသူက သတိထားကာကြည့်လိုက်သည်။

သူနားသို့ ဦးဆုံးရောက်လာသူမှာ သူ့ထက် အသက်နည်းနည်းကြီးပုံရသည်။ ကျွန်နှစ်ယောက်ကတော့ သူနဲ့အရွယ်တူဖြစ်မည်ဟု ယူဆရပါသည်။ အနားသို့ရောက်လာသောသူက–

"ညီလေး . . . အစ်ကိုတို့ကို လမ်းကြုံလိုက်ခွင့်ပြုပါနော်။ အစ်ကိုတို့က ဒီနားရွာထဲကပါ။ လှည်းကူးဆေးရုံတက်နေတဲ့ အမေ့ဆီ သွားချင်လို့ပါ။ အမေ အသည်းအသန်ဖြစ်နေတယ်လို့ ဖုန်းလာလို့ပါ"

ထိုလူ၏ပြောပုံအရ ကျွန်တော့်စိတ်ထဲမှာတော့ အမေ့အတွက်ဆို၍ သနားသွားမိသည်။ ကျွန်တော့်အနေနဲ့ကလည်း ကူညီချင်တဲ့စိတ်က စေ့ဆော်နေတော့ ထိုလူတို့ကို လိုက်ခွင့်ပြုလိုက်မိပါသည်။

သူတို့ကားပေါ်ရောက်ပြီး မောင်းထွက်ခဲ့ပါသည်။ ကားမောင်းပြီး ၁၅–မိနစ်ခန့်ကြာသောအခါ ပဲခူးမှ မောင်းလာသော ကားတစ်စီး၏ မှုမမှန်တာ လှမ်းမြင်လိုက်သည်။ အဝေးကပင် ကား၏ခေါင်းက ယိမ်းထိုးသလို ဖြစ်လာသည်။ ဇေမင်းသူလည်း ထိုကား၏အခြေအနေကို စောင့်ကြည့်နေမိသည်။

ထိုကားက အမြင်အာရုံတွင် နီးလာသောအခါ သစ်လုံးများ တင်လာသော ကားတစ်စီးဖြစ်နေတာ တွေ့ရသည်။ ဇေမင်းသူစိတ်ထဲမှာ တစ်ခုခုဖြစ်လာတော့မည်ဟု ထင်လိုက်မိသည်။

သို့သော် မကြာခင်မှာပဲ ထိုကားပေါ်မှ သစ်လုံးများ ချည်ထားသော နောက်ဘက်မှသံကြိုး ပြတ်သွားသည်။ ထိုအခါ သစ်လုံးများ ချောင်သွား၍ သစ်လုံးများ တစ်လုံးပြီးတစ်လုံး ပြုတ်ကျကျန်ခဲ့လေသည်။

ကားမောင်းသူမှာလည်း သစ်လုံးများ မငြိမ်မသက်မှုကြောင့် ကားမှာ အရှိန်ထိန်းမရ ဖြစ်လာသည်။ ကားကို ဘရိတ်သတ်ဖို့ကလည်း ဘရိတ်ပေါက်နေ၍ ဘယ်လိုမှ ထိန်းမရ ဖြစ်နေသည်။

ဇေမင်းသူ၏ကားလေးမှာ ထိုသစ်တင်သည့်ကားနဲ့ နီးလာပြီဖြစ်သည်။ ထိုအခါ ဇေမင်းသူလည်း ကားလေးကို လမ်းဘေးသို့ ထိုးကာရပ်လိုက်သည်။

ထိုအချိန်တွင် သစ်တင်ကားပေါ်မှ သစ်လုံးတစ်လုံးက လမ်းပေါ်သို့ ထောင်လိုက်ကျပြီး ခုန်ပေါက်ကာ ဇေမင်းသူကားရှိရာသို့ တန်းတန်းမတ်မတ် ရောက်လာနေတာ ဇေမင်းသူ တွေ့လိုက်ရပြီးနောက် –

"အား . . . အား"




www.burmeseclassic.com

www.burmeseclassic.com



ဟု အသံကြားလိုက်ရပြီး –

"ဝုန်း"

ဟူသောအသံနဲ့အတူ အသံများ ဆူညံကာဖြင့်။

ဖေမင်းသူ လန့်ကာ အိပ်ရပေါ်မှ လန့်နိုးသွားလေသည်။ ပြီးနောက် သူ၏ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ သူ အိပ်ရာပေါ်တွင် ထထိုင်လျက်သား ဖြစ်နေသည်။ မျက်နှာတစ်ခု လုံးမှာလည်း ချွေးသီးချွေးပေါက်များဖြင့် မောဟိုက်ကာ နှလုံးခုန် လျက် မောနေသလိုဖြစ်နေသည်။

ဘယ်လိုဖြစ်ပြီး ဒီအိပ်မက်ဆိုး မက်ရပါလိမ့်။ တစ်ခါမှ လည်း မဖြစ်ဘူးပါလား။ ဒါဟာ နိမိတ်လက္ခဏာပြတာလား။ အိပ်ရာပေါ် မဝင်ခင်က မှန်ထဲမှအသံကြားလိုက်တာ (လူသုံး ယောက် ဒုက္ခပေးလိမ့်မယ်) ဟု ကြားလိုက်သလိုပဲ။

ဘာပဲဖြစ်ဖြစ် သတိတော့ထားရမှာပဲ။

ဟု အတွေးများဖြင့် ဖြစ်နေပြီး နာရီကိုကြည့်လိုက်မိ သည်။ နံနက် ၃–နာရီပဲရှိသေးသည်။ ဖေမင်းသူလည်း စောနေ သေး၍ ပြန်အိပ်လိုက်လေတော့သည်။

✲ ✲ ✲



## အခန်း (၅)

## အိပ်မက်၏အကောင်အထည်

ကားလေးက ကတ္တရာလမ်းပေါ် တရိပ်ရိပ်ပြေးနေသည်။ ထိုအခါ မင်္ဂလာဒုံလမ်းဆုံသို့ ရောက်လာသည်။ ထိုမှဆက်ကာ မောင်းလာခဲ့ပြီး တစ်ခုသောကားမှတ်တိုင်မှ လူတစ်စုက သူ့အား လှမ်းခေါ်လိုက်သည်။ ထိုအခါ ဖေမင်းသူလည်း ထိုခေါ်လိုက်သော လူများကို ကြည့်လိုက်သောအခါ –

"ဟ ...မင်းတို့ ဒီမှာဘာလာလုပ်တာလဲ"

ပတ်ဝန်းကျင်ကိုကြည့်လိုက်သောအခါ မင်္ဂလာဒုံဈေးရှေ့ နားရှိ ကားမှတ်တိုင်တွင် ဖြစ်နေသည်။ ထိုအခါ ထိုလူများထဲမှ လူတစ်ဦးက –



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇေ ... ဘယ်သွားမလို့လဲ"

ထိုအခါ ဇေမင်းသူလည်း အသံလာရာသို့ ကြည့်မိသည်။

"ဟင် ... ဇင်မျိုးတို့ပါလား"

ဇေမင်းသူက ဇင်မျိုး၊ ထွန်းအောင်ကျော်တို့နှစ်ယောက်ကို ကားမှတ်တိုင်တွင် တွေ့လိုက်ရာ ကားကိုရပ်ပေးလိုက်သည်။ ထိုအခါ ကားနားသို့ သူငယ်ချင်းနှစ်ယောက် ရောက်လာပြီး–

"ကိုဇေ ... ဘယ်သွားမလို့လဲ"

"ပဲခူးသွားမလို့"

"ဘယ်သူ့ဆီလဲ ငါတို့ဆီကိုလား"

"မဟုတ်ပါဘူးကွ၊ ကိစ္စလေးတစ်ခုရှိလို့ပါ။ ကဲ ... မင်းတို့လည်း ပဲခူးကိုပဲလား"

"အေး ... ဟုတ်တယ်၊ တို့ ပဲခူးကားကိုစောင့်နေတာ။ အခုတော့ အတော်ဖြစ်သွားတယ်"

ထိုအခါ ဇေမင်းသူက –

"ဒါနဲ့ မင်းတို့က ဒီကိုဘာလာလုပ်တာလဲ"

"အသိတစ်ယောက် ဆေးရုံတက်လို့ လာကြည့်တာပါ။ ဒါနဲ့ မင်းက ပဲခူးကို ဘာကိစ္စလဲ။ ကေန္ဒတော့ မင်းလည်း





ပဲခူးသူတစ်ယောက်နဲ့ တွေ့နေပြီထင်တယ်"

"မဟုတ်ပါဘူးကွာ။ ငါ့ကိစ္စနဲ့ငါပါ"

"ဘာလဲ ... ငါတို့မသိရဘူးလား။ ဘာဖြစ်လို့လဲ။ တို့မသိစေချင်တဲ့ကိစ္စများ ဖြစ်နေလို့လား"

"မဟုတ်ပါဘူးကွ"

ဟု သူငယ်ချင်းများက အရမ်းသိချင်နေကြ၍ သူ့ကို မရမက မေးနေတော့သည်။ ဇေမင်းသူလည်း သူသွားရသည့် ကိစ္စကို သူတို့ကို မပြောလည်းရသည်ဟု စိတ်ထဲမှ ပြောလိုက်မိသည်။

ကားလေးက ထောက်ကြန့်ကျော်လာခဲ့ပြီ။

"ကိုဇေ ... မင်းလည်း ဘာမှအလုပ်မလုပ်တော့ဘူးလား"

ဇင်မျိုးက ကောက်ကာငင်ကာ ပြောလိုက်သည်။

"လုပ်မှာပေါ့ကွ။ ကျောင်းပြီးတာမှ မကြာသေးဘဲ၊ အခုလည်း ငါ မိဘတွေလုပ်ငန်းမှာ တတ်နိုင်သလောက် ကူညီပေးနေတာပဲကွ"

တကယ်တော့ ဇေမင်းသူ၏အဖေအမေတို့က ပွဲရုံလုပ်ငန်း လုပ်ကိုင်ကြသောသူတို့ဖြစ်သည်။ ဘုရင့်နောင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပွဲရုံရှိသည်။ အညာဒေသမှထွက်ရှိသော ပဲမျိုးစုံကို ကောက်ပြီး ပြန်လည်ဖြန့်ဖြူးသော လုပ်ငန်းဖြစ်သည်။ တစ်ခါတလေကျမှ သူကသွားသည်။ ပွဲရုံကို အဖေနဲ့အမေတို့ကသာ ဦးစီးတာများ သည်။

ထိုအခါ ထွန်းအောင်ကျော်က –

"ဒါနဲ့ ... ခုနစကား ဆက်ရဦးမယ်။ ကိုဇော ပဲခူးကို ဘာကိစ္စလဲ"

ဒီကောင်တွေ နောက်ဆုံးကျတော့ ဒီကိစ္စကိုပဲ ခဏခဏ မေးနေတော့လည်း မပြောလျှင် ခဏခဏမေးနေကြတော့မည် ဖြစ်သည်

ဟုတွေးရင်း လည်းကူးသို့မရောက်ခင်တွင် လူသုံး ယောက် သူ၏ကားကို တားနေသည်။ ဇေမင်းသူလည်း ထိုလူ သုံးယောက် တားနေသည်ကို ရုတ်တရက်ရပ်ပေးလိုက်ရသည်။ ထိုအခါ အသိထဲတွင် အတွေးတစ်ခုက ဝင်လာသည်။ ညက အိပ်မက်ကို သွားသတိရမိသည်။ အိပ်မက်ထဲတွင်လည်း ဒီလူ သုံးယောက်ပါပဲ။ ဇေမင်းသူ မှတ်မိနေသည်။

ဒါဆိုရင် ဒီလူတွေကို တင်လိုက်ရင် နောက်ဆက်တွဲ ဖြစ်လာမယ့်ပြဿနာများကို ကြိုတင်သတိရမိကာ –





အင်း ... မဖြစ်ဘူး။ ဝါကားထဲမှာလည်း သူငယ်ချင်း နှစ်ယောက်က ပါလာပြီးသား။ ထိုင်စရာလည်း နေရာမရှိတော့ ပါ။ ဒီတော့ ထိုသူသုံးယောက်ကို ငြင်းမှရတော့မည်ဖြစ်သည်။

ထိုအခါ ... ထိုလူသုံးယောက်ထဲမှ အသက်အကြီးဆုံး သူက ...

"ညီလေး ... အစ်ကိုတို့ကို တစ်ခုလောက်ကူညီပါ လား"

"ဟုတ်ကဲ့ ပြောပါ၊ ကျွန်တော် ဘာအကူအညီပေးရ မလဲ"

ထိုအခါ ၎င်းလူက –

"ကျွန်တော်တို့မှာ အရမ်းအရေးကြီးနေလို့ပါ။ မိခင် ဆေးရုံမှာ အသည်းအသန်ဖြစ်နေလို့ ကားကြုံများလိုက်လို့ရ မလားလို့ပါ"

အိပ်မက်ထဲက အတိုင်းပါပဲလားဟု ဇေမင်းသူ နည်း နည်းတော့ ကြောက်သလို လန့်သလို ဖြစ်သွားသည်။ သူတို့သုံး ယောက်ကိုလည်း သေချာစွာကြည့်နေမိသည်။ အိပ်မက်အတိုင်း ဖြစ်လာခဲ့ရင်တော့ သူ့ရဲ့အသက်ပါ စိုးရိမ်ရသည် မဟုတ်ပါလား။ ဒါကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ် အစ်ကို၊ ကျွန်တော့်ကား လူလေး ယောက်ပဲဆန့်လို့ပါ၊ အခုလည်း သူငယ်ချင်းနှစ်ယောက်ပါလာလို့ ပါ၊ တခြားကို စောင့်ပြီးငှားပါနော်၊ အကူအညီတောင်းကြည့်ပါ"

ထိုသို့ပြောလိုက်သောအခါ ထိုလူက ကားထဲသို့ တစ် ချက်ကြည့်လိုက်သည်။ ပြီးနောက် –

"အေးလေ . . . ဒါဆိုလည်း အစ်ကိုတို့ တခြားကားကို အကူအညီတောင်းကြည့်လိုက်ပါ့မယ်"

ဟုပြောကာ ကျွန်တော်တို့ကားလည်း မောင်းထွက်ခဲ့ လေသည်။ လည်းကူးတွင် လက်ဖက်ရည်တစ်ဆိုင်သို့ဝင်ပြီး လက်ဖက်ရည်ဝင်သောက်ကြသည်။ ထိုအခါ ဆိုင်ထဲသို့ရောက်ပြီး ခဏကြာသောအခါ သူတို့သောက်နေသော လက်ဖက်ရည်ဆိုင် နားမှ ကားတစ်စီးဖြတ်သွားတာ တွေ့လိုက်ရသည်။ ကားလေးက တော့ ဗင်ကားလေးတစ်စီးဖြစ်သည်။ ကားထဲမှလူများကတော့ လမ်းတွင် ကားတားသောသူများဖြစ်နေတာ တွေ့လိုက်ရသည်။ ထိုအချိန်တွင် –

"ကိုဇေ သောက်လေ၊ ဘာလိုက်ကြည့်နေတာလဲ"

"ဘာမှမဟုတ်ပါဘူးကွ။ ခုနက ငါတို့ကားကိုတားတဲ့ လူသုံးယောက် ကားရသွားပြီ။ ခုနလေးတင်ပဲ ဗင်ကားလေးနဲ့





အတူ ပါသွားတာ"

"အဲဒါ ဘာဖြစ်လဲကွ၊ တစ်စီးမဟုတ်တစ်စီး ကားက တော့ရမှာပဲ၊ ဒါများ ထူးဆန်းနေလို့လား"

"ထူးဆန်းတယ်ကွ၊ သူတို့သုံးယောက်ကို ငါ စိတ်မချ ဘူးကွ"

ဇင်မျိုးမှာ ဇေမင်းသူပြန်ပြောလိုက်သောစကားကြောင့် စိတ်ထဲမှာ နားမလည်သလို ဖြစ်မိသည်။ ထို့ကြောင့် –

"မင်းက ဘာကိုစိတ်မချဖြစ်ရတာလဲ"

"အေး . . . ငါပြောမယ်၊ အခု ငါပြောမယ့်စကားက ဟုတ်ချင်လည်း ဟုတ်မယ်၊ လွဲချင်လည်းလွဲမယ်။ ဒါပေမဲ့ . . . ငါ့စိတ်ထဲမှာတော့ ဟုတ်ဖို့က ၉၀ ရာခိုင်နှုန်းဖြစ်နေတယ်"

"မင်းဟာက ဘာတွေလည်းကွ"

ထွန်းအောင်ကျော်က နားမလည်သလို ပြောလိုက် သည်။

"အေး . . . ခုတော့ မင်းတို့ နားမလည်သေးဘူးပေါ့"

"မင်းက ဘာလို့ စိတ်မချဖြစ်အောင် သူတို့က ဘာဖြစ် နေမို့လဲ"

ဇင်မျိုးက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဖေမင်းသူက သူ၏ညက မြင်မက်သော အိပ်မက်အကြောင်းကို ပြောပြလိုက်သည်။ ထိုအခါ ဇင်မျိုးက –

"အိပ်မက်ဆိုတာ မှန်ချင်လည်း မှန်တတ်တာ။ မင်းက ကျိန်းသေတွက်ထားလို့မရဘူးကွ။ တစ်ခါတလေ စိတ်ချောက်ချားလို့လည်း မြင်ချင်ရာမြင်တတ်တာပဲ။ ဘာလဲ မင်းက အကြားအမြင်ရနေလို့လား"

"အေးလေ ... ခုတော့ မင်းတို့က လက်တွေ့မမြင်ရသေးတော့ မင်းတို့စိတ်ထဲရှိတာ ပြောနေဦးမှာပဲ။ ငါကတော့ ယုံနေတယ်"

သူတို့သူငယ်ချင်းသုံးယောက်လည်း လက်ဖက်ရည်ဆိုင်ထဲတွင် စကားပြောရင်း နာရီဝက်လောက်အချိန်ဖြုန်းလိုက်ကြသည်။ ပြီးနောက် ကားလေးရှိရာသို့ ပြန်လာကာ ပဲခူးသို့ ဆက်ထွက်ခဲ့လေသည်။

ဖေမင်းသူတို့ကားလေးသည် လှည်းကူးမြို့မှအထွက် ၂ မိုင်၊ ၃ မိုင်ကျော်လောက်တွင် လူများအုံကာ ဝိုင်းကြည့်နေသည်ကို ဖေမင်းသူတို့ တွေ့လိုက်ရသည်။ ထိုအခါ ထွန်းအောင်ကျော်က ...

"ရှေ့မှာ ဘာဖြစ်လဲမသိဘူး၊ လူတွေ အုံနေတယ်





ပြီးတော့ ဟိုတက်ကားလမ်း သစ်ပင်ကိုလည်း ကားဝင်တိုက်ထားတယ်ထင်တယ်၊ တစ်ဖက်စောင်းနေတယ်"

ဟုပြောလိုက်ရင်း ဖေမင်းသူက ကားလေးကို ထိုလူအုပ်နဲ့ မနီးမဝေးတွင် ရပ်ပြီး ကားပေါ်မှ ဆင်းလိုက်ကြသည်။ ပြီးနောက် ထိုလူအုပ်နားသို့သွားကာ –

"ဟင်"

"ဟာ"

"ဘယ်လိုဖြစ်ကြတာလဲ"

သူတို့သုံးယောက်၏ အာမေဍိတ်စကားကြောင့် အနားတွင် ရပ်ကြည့်နေသောသူက –

"ဟိုသစ်လုံးကားကြောင့်လေ၊ သစ်လုံးတစ်လုံးက ဒီလူတွေကားကို လာထိတာ၊ ကားထဲမှာ မြင်တဲ့အတိုင်းပဲ"

ဟု ဘေးကလူတစ်ဦးက ပြောလိုက်သည်။

ကားထဲမှာ ကားမောင်းသမားက သစ်လုံး၏ရိုက်မိသောအရှိန်ကြောင့် ကားခေါင်းတစ်ခုလုံးပိကာ ခေါင်းပိုင်းထိုင်သောလူနှစ်ယောက် သေဆုံးနေတာ တွေ့လိုက်ရသည်။ ကားနောက်ခန်းတွင်ပါလာသော လူသုံးယောက်မှာက ကားကို သစ်လုံးဝင်ဆောင့်သောအရှိန်ကြောင့် ခေါင်းပြားကာ ညှပ်ပိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသုံးယောက်က သေမလား ရှင်မလားတော့မသိနိုင်ပါ။ လောလောဆယ်တော့ မေ့နေကြသည်။ ထိုသို့ လူများကြည့်နေကြစဉ် လှည်းကူးဘက်မှ ရဲကားနဲ့ အရေးပေါ်ကားများ မောင်းလာတဲ့အသံ ကြားလိုက်ရသည်။

ထိုအခါ အရေးပေါ်ကားများ ရောက်လာပြီး ရဲကားများက သူတို့၏လုပ်ထုံးလုပ်နည်းစဉ်များ။ ဓာတ်ပုံရိုက်သူကလည်း ကားတစ်စီးလုံးကို ထောင့်စေ့အောင်ရိုက်နေသည်။ ပြီးနောက် ကားထဲမှလူများကို လူနာတင်ယာဉ်ပေါ်သို့ တင်နေတာ တွေ့လိုက်ရသည်။

ထိုသို့ လူနာများကို ကြည့်လိုက်သောအခါ သူ့ကားကိုတားစီးသောလူများဖြစ်နေတာ တွေ့လိုက်ရလေသည်။ ထိုအခါ ဖင်မျိုးက ဖေမင်းသူကို ကြည့်လိုက်မိသည်။ ပြီးနောက် ဖေမင်းသူကို အဓိပ္ပာယ်ပါသောအကြည့်ဖြင့် 'မင်းပြောတာမှန်နေပါလား' ဆိုတဲ့စကားလုံးဖြင့် မပြောပေမယ့် ထိုသဘောသက်ရောက်နေသည်။

ထို့နောက် … သူတို့သုံးဦး ကားလေးဆီသို့ ပြန်လာကာ ပဲခူးဘက်သို့ ဦးတည်လိုက်လေသည်။ ကားလမ်းပေါ်တွင် သစ်လုံးများက ဟိုတစ်တုံး ဒီတစ်တုံး ဖြန့်ကြဲနေသည်ကိုလည်း



ကားလေးက ရှောင်ကာ မောင်းခဲ့ရသည်။

လမ်းတစ်နေရာတွင် ဖင်မျိုးက –

"ကိုဖေ … မင်းပြောတာ မှန်နေပါလား။ အချိန်ပိုင်းပဲ ကွာတယ်နော်"

ထိုအခါ ဖေမင်းသူက –

"အချိန်ပိုင်းပဲကွာမှာပေါ့။ ငါကိုယ်တိုင်က စိတ်မချလို့ မင်းတို့ကို လက်ဖက်ရည်တိုက်ရင်း အချိန်ဖြုန်းလိုက်တာလေ"

"ဟင် … ဟုတ်လား"

ထွန်းအောင်ကျော်က လန့်ကာ ပြန်မေးလိုက်မိသည်။

"ဟုတ်တယ် ထွန်းအောင်ကျော်၊ ငါ့စိတ်ထဲမှာ တစ်မျိုးဖြစ်နေမိတယ်။ ငါလည်း မင်းတို့နဲ့ တွေ့ခဲ့တာ ကံကောင်းတယ်လို့ ဆိုရမယ်။ မင်းတို့နဲ့သာမတွေ့ရင် မင်းတို့ ငါ့ကားပေါ် မပါခဲ့ရင် ငါလည်း ဒီလူသုံးယောက်ကို တင်မိမှာပဲ။ ခုတော့ … မင်းတို့ ပါလာလို့ ငါ့မှာ ပြောစရာတစ်ခု ရသွားတာပေါ့။ ပြီးတော့ သူတို့သုံးယောက်ကလည်း ငါ့ရဲ့အိပ်မက်ထဲမှာ တွေ့တဲ့လူတွေ အတိုင်းပဲ"

မဖြစ်သော်ရှိ ဖြစ်သော်ရှိဆိုတဲ့စကားအတိုင်း ငါက ဒါကို ဉာဏ်နဲ့ကစားလိုက်တာပဲ။ သူတို့သာ ငါ့ကားမှာ

www.burmeseclassic.com

www.burmeseclassic.com



ပါလာခဲ့ရင် ငါလည်း ဟိုကားမောင်းသမားလိုပဲ ဖြစ်နေမှာပဲ။ ဒီလူသုံးယောက်ဟာ သူတို့ကံကြမ္မာက အဆိုးဘက်ကို ရောက်နေကြတယ်လို့ ဆိုရမှာပဲ။ ပြီးတော့ ငါ့ကိုလည်း အိပ်မက်လာပေးတဲ့ အသံရှင်ကိုလည်း ကျေးဇူးတင်မိတယ်''

ဖင်မျိုးက မေးလိုက်မိသည်။

''ဘယ်ကအသံရှင်လဲကွ''

''အဲဒါကတော့ မရေရာသေးလို့ ငါမပြောသေးဘူးကွ''

''မင်းဟာကလည်းကွာ ...ပဟေဠိဝှက်နေပြန်ပြီ''

''ခုတော့ မင်းတို့ ဒီလောက်ပဲ နားလည်ထားပါကွ''

ဟုပြောကာ ကားလေးက ရွှေမောဓောဘုရားဝင်းနားသို့ ရောက်လာသည်။ ထိုအခါ ဖေမင်းသူက –

''မင်းတို့ကို အရင်လိုက်ပို့ရမလား''

''ရပါတယ်၊ မင်းသွားတဲ့ဆီကိုပဲ ငါတို့လိုက်မယ်။ ပြီးတော့ မင်းလည်း ငါတို့အိမ်ကို တစ်ခါတည်းလိုက်ခဲ့၊ ထမင်းစားပြီးမှ ပြန်ရမယ်''

ကျွန်တော်လည်း သူငယ်ချင်းများ၏စကားကို မငြင်းတော့ပါ။ သူတို့ပြောသလိုပဲ လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ ရွှေမောဓောဘုရားဝင်းထဲသို့ မောင်းဝင်ခဲ့လေသည်။



ကားလေးကို ကားဝင်းထဲ ပါကင်တစ်ခုထဲတွင် ဝင်ရပ်ကာ ထားလိုက်သည်။ ပြီးနောက် ပစ္စည်းဟောင်းများရောင်းသော ကုလားလေးကို လိုက်ရှာမိသည်၊ ဘုရားဝင်းထဲတွင် ကုလားလေးက အမြဲရှိတဲ့အကြောင်း ပြောလိုက်၍ အခုလို လာခဲ့ခြင်းဖြစ်လေသည်။

ဈေးတန်းတစ်ခုသို့လျှောက်ကာ လိုက်ကြည့်နေမိသည်။ တစ်ခုသော အစွန်အဖျားတွင် ကုလားလေးကို တွေ့လိုက်ရလေသည်။ ကျွန်တော် ဝမ်းသာသွားမိသည်။ ထိုကုလားလေးနားသို့ လျှောက်လာမိသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## မှန်၏အကြောင်း တစေ့တစောင်း

ကုလားလေးက ဖေမင်းသူကို တွေ့လိုက်ရ၍ –

“အစ်ကို . . . ဘာယူမလဲအစ်ကို၊ အားပေးပါဦး။ ဈေးဦး မပေါက်သေးလို့ပါ”

ဖေမင်းသူက ကုလားလေးကိုကြည့်ကာ –

“အားပေးဖို့လာတာ မဟုတ်ပါဘူးကွ။ မေးစရာရှိလို့ပါ”

“ဘာမေးမလို့လဲ အစ်ကို”

“ငါ မင်းဆီက မှန်လေးဝယ်သွားတာ မှတ်မိလား။ မှန်ပေါ်မှာ ကတ္တရာစေးနဲ့ စက္ကူကပ်ထားတာလေ”





ထိုအခါ ကုလားလေးက ခဏတာစဉ်းစားလိုက်သည်။ ပြီးမှ မျက်နှာပြုံးကာ –

“သြော် . . . ဟုတ်ပြီ၊ ကျွန်တော် မှတ်မိပြီ။ အဲဒီမှန်က ထူးခြားလိမ့်မယ်ဆိုတာ ကျွန်တော်သိလို့ ကောင်းကောင်းမှတ်မိတာပေါ့။ ဘာလဲအစ်ကို အစ်ကို့ဆီမှာ ထူးခြားမှုတွေ တွေ့လို့လား”

“ဆိုပါတော့၊ ဒါပေမဲ့ . . . ညီလေးကို ဒီမှန် ဘယ်သူလာရောင်းသွားတာလဲဆိုတာ သိချင်လို့ပါ။ အဲဒါ ညီလေးပြောပြလို့ ရမလား”

“ရတာပေါ့ အစ်ကို၊ ဒီမှန်ကို လာရောင်းတဲ့ အဒေါ်ကြီးကိုလည်း ကျွန်တော် ကောင်းကောင်းသိပါတယ်။ ပြီးတော့ အဲဒီအဒေါ်ကြီးက ပြောသွားသေးတယ်”

ဖေမင်းသူ ကုလားလေးပြောတာ ပိုပြီး စိတ်ဝင်စားသွားသည်။ ပြီးတော့ မှန်လာရောင်းတဲ့သူကိုလည်း သိတယ်ဆိုတော့ ဝမ်းသာသွားမိသည်။ ဒီလိုနဲ့ ကုလားလေးက –

“ဒီမှန်ကို မင်းကြိုက်သလောက်ပေးပါ၊ ငါကတော့ ငါ့လက်ကလွတ်ရင် ပြီးပြီ။ ပြီးတော့ ဒီမှန်မှာ ကပ်ထားတဲ့စက္ကူကို ဘယ်တော့မှမခွာနဲ့လို့ ပြောသွားသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



ကုလားလေးလည်း ကျွန်တော့်ကို ပြောပြပြီး ကျွန်တော့်ရဲ့မျက်နှာကို အကဲခတ်နေသည်။ ဒါကို ကျွန်တော်က ရိပ်မိ၍ ကုလားလေးက ပြန်မေးလိုက်သည်။

"ဒါနဲ့အစ်ကို ... မုန့်ပေါက်ကစက္ကူ ခွာလိုက်သလား"

"အေး ... ငါလည်း မုန့်ဆိုတော့ ခွာလိုက်တာပေါ့။ ပြီးတော့ ဘောင်ကလည်း နဂါးနှစ်ကောင်နဲ့ ခန့်နေတော့ ငါလည်း ဆေးကြောမလို့ ခွာလိုက်တာပေါ့"

ထိုအခါ ကုလားလေး အံ့ဩသောမျက်နှာဖြင့် –

"ဒါဆို မုန့်ပေါ်မှာ ဘာများထူးခြားမှုရှိနေလဲ အစ်ကို"

"မုန့်ပေါ်မှာတော့ ဘာမှ ထူးခြားမှုမရှိပါဘူး။ ဒါပေမဲ့ ဒီမုန့်ရောက်ပြီးနောက်မှာ အိပ်မက်တွေအမျိုးမျိုး မက်တယ်။ အိပ်မက်တွေကလည်း မကောင်းတဲ့နိမိတ်တွေပဲ ဖြစ်နေတယ်။ ဒီမုန့်မှာများ ကျိန်စာတစ်ခုခု မိနေလားမသိဘူး"

ထိုအခါ ကုလားလေးက –

"ကျွန်တော်တော့ ဘာမှနားမလည်ဘူး အစ်ကို။ အမြတ်ရလို့ ရောင်းလိုက်တာပါ၊ ကျွန်တော်ကတော့ ဝယ်တယ်၊ ရောင်းတယ်နော်၊ အမြတ်ရရင် ကုလားလေး စားတယ်။ ဒါပဲ သိတယ် အစ်ကို"





ထိုအခါ ဖေမင်းသူက –

"အေးပါ ... မင်းကိုလည်း ငါက ဘာမှမပြောပါဘူး။ ငါသိချင်တာက ဒီမုန့်ကို မင်းဆီ လာရောင်းတဲ့သူကိုပဲ သိချင်တာပါ။ အဲဒါ ... မင်းများ ကူညီပေးနိုင်မလား"

"ဟာ ... ရပါတယ်အစ်ကို၊ ဒီလောက်ကတော့ မခဲယဉ်းပါဘူး။ ကျွန်တော်ပြောလိုက်ပါ့မယ်။ ဆရာရှာပြီးသာ သွားပေါ့"

"အေး ... ရတယ်၊ လိပ်စာသာပေးပါ"

ထိုအခါ ကုလားလေးက မုန့်ရောင်းလိုက်သော အဒေါ်ကြီး၏ အိမ်လိပ်စာကို ရေးပေးလိုက်လေသည်။

ကုလားလေးနားမှ သူတို့သုံးဦး ထွက်လာခဲ့ကြသည်။ ကားပေါ်သို့ရောက်တော့မှ ဇင်မျိုးက –

"မင်းဟာက ဘာတွေလဲကွ၊ ငါတော့ ဘာမှ နားမလည်တော့ဘူး"

ဇင်မျိုး ညည်းလိုက်သောအသံကြောင့် ဖေမင်းသူက သူတို့ကိုကြည့်ကာ ပြုံးလိုက်မိသည်။ တကယ်တော့ သူကိုယ်တိုင်ကလည်း ဒီအကြောင်းတွေကို ပြောပြချင်ပေမယ့် အကြောင်းအရာက မနိုင်လုံသေးတော့ မပြောပြခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဒီနေ့ ပဲခူးလာရင်းတွေ့ခဲ့ရသော မြင်ကွင်းကြောင့် အကြောင်းအရာက တိုက်ဆိုင်မှုမဟုတ်ဘဲ သူ့ကိုပြောနေသော အသံရှင်ရဲ့ နမိတ်လက္ခဏာနဲ့ မြင်မိသောအိပ်မက်များမှာ တစ်ထပ်တည်း ကျနေသည်ဟု သူ၏စိတ်ထဲတွင် ခံစားလိုက်ရသည်။

နောက်ဆုံးတွေ့ခဲ့ရသောမြင်ကွင်းက သူ့ကိုပါ သေစေနိုင်တယ်ဆိုတာ သိလိုက်ရသည်။ သို့သော်လည်း သူ၏ကံတရားက သူငယ်ချင်းနှစ်ယောက်က ကယ်လိုက်သည်ဟု သူယုံကြည်လိုက်သည်။ ဒါကြောင့်လည်း သူတို့သိချင်နေသောအကြောင်းအရာကို ပြောပြလိုက်ရလေတော့သည်။

''ဒီလိုသူငယ်ချင်းတို့''

ဟု အစချီကာ ပဲခူးကို သူငယ်ချင်းများ ဆုံဖို့လာခဲ့ရာမှစပြီး ကုလားလေးဆီ မှန်ဝယ်ခဲ့တဲ့အထိ ပြောပြလိုက်သည်။ ထို့နောက် မှန်လေး သူ့လက်ထဲမှာ ရှိနေတုန်း အဖြစ်အပျက်များကိုလည်း တစ်ခုချင်း တစ်ခုချင်း ပြောပြနေလေတော့သည်။

''အခုလည်း မနေ့ကအိပ်မက်ကြောင့် ငါ့စိတ်ထဲမှာ မတင်မကျဖြစ်မိတယ်၊ အိပ်မက်ထဲမှာ မြင်မိတာတွေဟာ အပြင်မှာ တကယ်ဖြစ်နေတယ်ဆိုတာ ငါမယုံလို့မရတော့ဘူး။





အခုလည်း ငါ့ရဲ့မိဘတွေကိုပါ ထိခိုက်လာတော့မယ်ဆိုတာ ငါသည်း သည်းမခံနိုင်တော့ဘူး။ ဒီမှန်ကြောင့်ဆိုတာ ကျိန်းသေရင် ငါ ဘာလုပ်ပေးရမလဲဆိုတာ သိချင်လို့ အခုလို ပဲခူးကိုလိုက်လာတာပဲ''

ထိုအခါ ဇင်မျိုးက –

''ကိုဇေ ... မင်းရဲ့ မနေ့ကအိပ်မက်ဆိုတာ ဘယ်လိုတော်လို့လဲ''

ထိုအခါ ဇေမင်းသူက သူ၏မြင်မက်သောအိပ်မက်ကို သူတို့ကို ပြောပြလိုက်သည်မှာ –

မှန်လေး ဇေမင်းသူလက်ထဲရောက်ပြီး မကြာခင်မှာပဲ ပထမအသံရှင်က အိပ်မက်ထဲမှာ လာပြောခဲ့သည်။ ဒုတိယ နောက်တစ်ပတ်မှာတော့ ဇေမင်းသူက ညအိပ်ရာဝင်ဖို့ အခန်းထဲသို့အဝင်မှာ မှန်လေးကို သတိရ၍ မှန်နားသို့ ရောက်သွားသည်။ ပြီးနောက် မှန်ကိုကြည့်လိုက်သည်။

မှန်ထဲမှပုံရိပ်များ ပြုံးပြနေသည်ကို သူ တွေ့လိုက်ရသည်။ သူက အပြင်မှာ မပြုံးဘဲ မှန်ထဲက သူ၏ပုံရိပ်က ပြုံးနေတာတွေ့လိုက်ရ၍ ဒီညတော့ နိမိတ်ကောင်းဖြစ်မှာပဲဟု ယူဆမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ဖေမင်းသူလည်း အိပ်ရာပေါ်သို့တက်ကာ အိပ်လိုက်လေသည်။

ဖေမင်းသူ အပြင်မှပြန်လာသည်။ ဧည့်ခန်းတွင် မိဘနှစ်ပါးက ထိုင်ကာစကားပြောနေကြသည်။ ထိုအခါ မိဘများက သူပြန်လာတာတွေ့၍ –

"ကိုဖေ ... သား ... ဒီနားခဏလာပါဦး"

ဟု အဖေက ခေါ်လိုက်သည်။ ဖေမင်းသူလည်း ဧည့်ခန်းသို့ လျှောက်လာခဲ့သည်။ အနားသို့ရောက်သော် အဖေက သူ့ကို စာအိတ်တစ်ခု လှမ်းပေးသည်။

"သားရဲ့နာမည်နဲ့စာ ရောက်နေတယ် ရော့"

ဟု ဖေမင်းသူလက်ထဲသို့ လှမ်းပေးနေသည်။ ဖေမင်းသူလည်း ရှိသေစွာယူလိုက်ပြီး ချက်ချင်းပဲ ဖောက်ဖတ်လိုက်သည်။ စာဖတ်နေတုန်း အဖေနဲ့အမေက သူ၏မျက်နှာကို အကဲခတ်နေကြသည်။ ခဏကြာတော့ ဖေမင်းသူမျက်နှာ ပြုံးလာသည်ကို တွေ့လိုက်ရ၍ မိဘများလည်း ပြုံးသွားကြသည်။

ဖေမင်းသူ စာဖတ်ပြီး မိဘများဘက်သို့ လှည့်ကာ–

"အဖေ သားရဲ့အလုပ်ခေါ်စာရပြီ၊ ကုမ္ပဏီတစ်ခုက ခန့်စာလာတယ်၊ သူတို့ တာဝန်ယူထားတဲ့ မန္တလေး-မြစ်ကြီးနား





လမ်းပိုင်း လမ်းတံတားမှာ အင်ဂျင်နီယာရာထူးနဲ့သွားရမယ်။ အဲဒါ အကြောင်းပြန်ဖို့ ပြောထားတယ်"

ထိုအခါ အဖေနဲ့အမေက သားကို အလုပ်သွားလုပ်ရမယ်ဆိုတော့ မျက်နှာတော့မကောင်းဖြစ်သွားသည်။ အခုလို သားနဲ့ တစ်ခါမှ မခွဲဖူးတော့ ဝမ်းနည်းသလိုဖြစ်မိသည်။ ဒါကို ဖေမင်းသူက နားလည်၍ –

"အဖေရယ် ... ကျွန်တော်က အကြာကြီးမသွားပါဘူး။ ခွင့်ရတာနဲ့ ပြန်လာမှာပါ၊ ပြီးတော့ လမ်းတံတားက မန္တလေး-မြစ်ကြီးနား လမ်းပိုင်းဆိုတော့ မဝေးပါဘူး"

ဟုသာ နှစ်သိမ့်စကားပြောလိုက်ပေမယ့် သူ့အနေနဲ့က လည်း အဖေတို့နဲ့ ခွဲရမယ်ဆိုတော့ စိတ်မကောင်းတော့ ဖြစ်မိသည်။

သူလည်း အဖေတို့နဲ့ စကားပြောပြီး အခန်းထဲသို့ ဝင်လာခဲ့လေသည်။ ထိုအခါ မှန်နားသို့ရောက်သွားပြီး မှန်ကို ကြည့်လိုက်မိသည်။ ထိုအခါ မှန်ထဲမှလူမှာ ဒေါသထွက်နေသော မျက်နှာဖြင့် သူ့ကို ကြည့်နေသည်ကို သူက လန့်ပြီး နောက်ဆုတ်လိုက်မိသည်။ ထိုအခါ နောက်တွင်ရှိသော အအေးပုလင်းလေး တင်ထားသော စားပွဲကိုတိုက်မိကာ –



www.burmeseclassic.com

www.burmeseclassic.com



"ဂွမ်း"

ဟူသောအသံကြောင့် ဖေမင်းသူစိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ ပထမကြည့်တုန်းက မှန်ထဲကလူက ပြုံးပြသည်။ နောက်တစ်ခေါက်ကြည့်တော့ ဒေါသထွက်နေသည်ကိုတွေ့ရ၍ ဘယ်လိုဖြစ်တာလဲဆိုတာ ဖေမင်းသူ စဉ်းစားမရအောင် ဖြစ်မိသည်။

✿

ဖေမင်းသူမှာ အပြင်မှပြန်လာသည်။ အိမ်အကူ ကောင်မလေးက သူ့နားသို့ရောက်လာပြီး –

"အစ်ကိုလေး"

"ဘာလဲမိညို"

"ဦးလေးတို့ ဆေးရုံရောက်နေတယ်"

"ဟာ ... ဘာဖြစ်လို့လဲ"

"ကားချင်းတိုက်မိတယ်လို့ ပြောတာပဲ"

"ဘယ်ဆေးရုံလဲ"





"ဆေးရုံကြီးမှာတဲ့"

မိညိုရဲ့ စကားမဆုံးခင်မှာပဲ ကျွန်တော်လည်း ကားလေးဆီသို့ပြန်လာပြီး ဆေးရုံကြီးသို့လာခဲ့သည်။ ဆေးရုံကြီးသို့ ရောက်သော် အဖေနဲ့အမေတို့မှာ ကြီးကြီးမားမား ဒဏ်ရာမရတာ တွေ့လိုက်ရ၍ စိတ်ချသွားမိသည်။ အဖေက ခေါင်းအနည်းငယ် ကွဲသွားသည်။ အမေက ခြေထောက်မှာ ဒဏ်ရာအနည်းငယ် ရသည်ကို တွေ့လိုက်ရသည်။

"တော်သေးတာပေါ့ အမေရယ် ... သားဖြင့် စိတ်ပူသွားတာပဲ"

ဟု ပြောပြီးနောက် စိတ်ထဲမှာ တွေးရင်း တွေးရင်း–

"ဘုန်း ဂွမ်း"

ဟူသောအသံကြောင့် –

"အောင်မယ်လေးဗျ"

ဟု အော်လိုက်မိသည်။ ပြီးနောက် အိပ်ရာထက်မှ ငေါက်ခနဲ ထထိုင်လိုက်သည်။

ဟင် ... အိပ်မက်ပါလား။ အိပ်မက်ကလည်း တကယ်ဖြစ်နေသလိုပဲ။ စိတ်ထဲမှ –

"တကယ်မဖြစ်ပါစေနဲ့၊ တကယ်မဖြစ်ပါစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်းသူ ဆုတောင်းနေမိသည်။ အိပ်မက်ကြောင့် ဆက်ပြီးမအိပ်ရဲတော့ဘဲ အိပ်ရာပေါ်မှ ထလိုက်သည်။ နာရီကို ကြည့်လိုက်သောအခါ အာရုံဦး ၄–နာရီရှိနေပြီဖြစ်သည်။

ဒါနဲ့ မောင်းသူလည်း ဘုရားခန်းသို့သွားကာ လက်အုပ်ချီပြီး –

"အရှင်ဘုရား ... အိပ်မက်ထဲကလို တကယ်မဖြစ်ပါစေနဲ့" လို့ ဆုတောင်းနေမိသည်။

✿ ✿ ✿

## အခန်း (၇)

## အိပ်မက်နဲ့ဒေါ်လေးငယ်

မောင်းသူ၊ သူ၏သူငယ်ချင်းများကို အိပ်မက်အကြောင်း ပြောပြလိုက်လေသည်။ ထိုအခါ သူငယ်ချင်းနှစ်ဦးမှာ မောင်းသူကို အံ့သြကာ မောင်းသူ၏မိဘများကို စိတ်ပူနေမိသည်။

ယခု မောင်းသူ ပဲခူးလာခဲ့ရတဲ့အကြောင်းကို သိလိုက်ရ၍ သူတို့ပါ အကူအညီလိုရင် လိုက်ပြီး ကူညီပေးမယ်ဟု ဆုံးဖြတ်လိုက်ကြသည်။

သူတို့ကားလေးသည် ကုလားလေးပေးလိုက်သော လိပ်စာအတိုင်း လမ်းထဲသို့ရောက်လာခဲ့သည်။ ပဲခူးမြို့၏အစွန် တောလမ်းကလေးတစ်ခု။ ထိုမှ အိမ်များကို လိုက်ရှာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပဲခူးမြို့၏မြို့ပြင်နားမရောက်တစ်ရောက်ပဲဆိုရမှာ ဖြစ်သည်။ အိမ်များက ကျိုးတိုးကျဲတဲ တစ်အိမ်နှင့်တစ်အိမ် ခြံဝင်းများဖြင့် တသီးတခြားနေကြသည်။ ခြံဝင်းခတ်ထားသည်မှာလည်း ဝါးခြမ်းပြားများဖြင့် လည်းကောင်း၊ ဆူးခက်များဖြင့်လည်းကောင်း တချို့မှာ ဝါးပင်များကိုစိုက်ကာ ခြံအပြင်ခတ်ထားသည်ကို တွေ့ရသည်။

ဖေမင်းသူရှာနေသောအိမ်မှာ ရှေ့တွင် ဆူးခက်များဖြင့် ခြံကို အဖြစ်သဘောဖြင့် ခတ်ထားလေသည်။ ခြံဝင်းထဲတွင် အိမ်မှာ လုံးချင်းအိမ်လေး။ ထနိမိုး ထရံကာ၊ ပျဉ်ခင်းအိမ်လေး ဖြစ်သည်။ အိမ်ရှေ့တွင် ကွပ်ပျစ်သဘောမျိုး ခြေထောက်လေးချောင်းဖြင့် ကွပ်ပျစ်ရိုက်ထားတာ တွေ့ရသည်။ ခြံဝင်းနဲ့အိမ်က သိပ်မဝေးပါ။ အော်ခေါ်၍ ကြားလောက်သည်။

ဒါပေမဲ့ . . . လမ်းထဲသို့ ကားဝင်လို့မရပါ။ လမ်းမှာ ဖုံ၊ ချိုင့်များဖြင့် ကားသွားလို့မရပါ။ မိုးတွင်းဆိုလျှင်တော့ ပိုဆိုးမည်ဟု ထင်ပါသည်။

ဒီပတ်ဝန်းကျင်ကိုကြည့်ရတာ လယ်ယာလုပ်ကိုင်စားသောက်သောသူများ ဖြစ်လိမ့်မည်ဟု ထင်မိပါသည်။

ဖေမင်းသူတို့လည်း ကားလေးကို ရနိုင်သမျှ မောင်းခဲ့ပြီး





လမ်းဘေးတစ်နေရာတွင် ထားခဲ့သည်။ ပြီးနောက် လမ်းထဲသို့ ဝင်ကာ တွေ့သောသူကို နာမည်မေး၍ လိုက်ကြည့်ရင်း ထိုအိမ်လေးသို့ရောက်လာခဲ့သည်။

"ကိုဇေ . . . ခေါ်ကြည့်ပါလား"

ဖင်မျိုးက အနားမှ ပြောလိုက်သည်။ ထိုအခါ ဖေမင်းသူက လိပ်စာထဲမှနာမည်ကို ကြည့်ကာ –

"အဒေါ်ရေ . . . အဒေါ်၊ ဒေါ်လေးငယ်ရဲ့အိမ် ဟုတ်ပါသလား ခင်ဗျ"

ထိုကဲ့သို့အော်ခေါ်သံကြောင့် အိမ်ထဲမှ အမျိုးသမီးတစ်ဦး ထွက်လာသည်။ ဖေမင်းသူ ဝမ်းသာသွားသည်။

အသက်အားဖြင့် ၅၀ ကျော်လောက် ရှိမည်ဟု ခန့်မှန်းရသည်။ ထိုအမျိုးသမီးက သူတို့နားသို့ လျှောက်လာပြီး –

"တူလေးတို့က ဘယ်သူတွေများလဲကွဲ့"

"ဒီကအဒေါ်က ဒေါ်လေးငယ် ဟုတ်ပါတယ်နော်"

"အေး . . . ဟုတ်ပါတယ်၊ ဘာကိစ္စများလဲကွဲ့"

"ဒီလိုပါ အဒေါ်"

ဟု ဖေမင်းသူက သူလာရတဲ့အကြောင်းကို ပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရွှေမော်ဓောဘုရားက ကုလားလေးဆီက မှန်တစ်ချပ်ဝယ်ခဲ့တယ်၊ အဲဒီမှန်ရဲ့ထူးခြားမှုတွေကြောင့် နိမိတ်တွေ မကောင်းတာကြောင့်ပါ။ ပြီးတော့ ဒီမှန်ကို အဒေါ် ဘယ်လိုရခဲ့တာလဲဆိုတာလည်း ကျွန်တော် သိချင်လို့ပါ။ အဲဒါ ကျွန်တော့်ကို ပြောပြနိုင်မလားလို့ လာမေးတာပါ"

"ဩော် ... တူလေးတို့က အဲဒီမှန်ကို ဝယ်လိုက်တာကိုး"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ မှန်က ရှေးကျလွန်းလို့ ကျွန်တော်လည်း သဘောကျပြီး ဝယ်လိုက်တာပါ။ ပြီးတော့ ... မှန်လေးက နိမိတ်လက္ခဏာတွေ ပြောပြနေသလားလို့။ ကျွန်တော့်စိတ်ထဲမှာ တွေးမိလို့ပါ"

ဒေါ်လေးငယ်ဆိုသော မိန်းမကြီးလည်း ဇေမင်းသူ့ကို ကြည့်လိုက်သည်။ ထိုအခါ ဇေမင်းသူက -

"ကျွန်တော့်နာမည် ဇေမင်းသူပါ၊ သူက ဇင်မျိုး၊ သူက ထွန်းအောင်ကျော်လို့ခေါ်ပါတယ်၊ ကျွန်တော်တို့က သူငယ်ချင်းတွေပါ"

"လာ ... ထိုင်ကြပါကွယ်၊ အဒေါ့်မှာက ဒီနေ့ တစ်ယောက်တည်းပါကွယ်။ ကျွေးစရာတော့ ဘာမှမရှိဘူး"





အဒေါ်၏ ပွင့်ပွင့်လင်းလင်းပြောဆိုမှုကြောင့် အရိုးခံတောသူတစ်ဦးဆိုတာ သိလိုက်ရ၍ -

"ရပါတယ် အဒေါ်ရယ်၊ ကျွန်တော်တို့က ဘာမှမစားပါဘူး။ ကျွန်တော်တို့ကိုသာ ဒီမှန်လေးအကြောင်း ပြောပြပါနော်"

ထိုအခါ ဒေါ်လေးငယ်ဆိုသောသူက ...

"အဒေါ် ဒီမှန်ကို ဘာကြောင့်ရောင်းလိုက်ရသလဲဆိုတာ နိမိတ်မကောင်းလို့ပဲ၊ အဒေါ့်ဆီမှာ ဆက်ထားရင် ဒီထက်ဆိုးလာမှာစိုးလို့ပါ၊ ဒီမှန်ကိုရခဲ့ပြီးကတည်းက အဒေါ်တို့မိသားစု တစ်ခုပြီးတစ်ခု ဘာမှကောင်းကျိုးချမ်းသာ မရှိခဲ့ပါဘူး။ ပြဿနာတစ်ခုပြီးတစ်ခု ဖြစ်ခဲ့ရတယ် ...၊

အဒေါ်တို့လည်း အစတုန်းက သတိမထားမိခဲ့ဘူး။ မှန်ရခါစတုန်းက အဒေါ်တို့မိသားစု ဘာပြဿနာမှ မဖြစ်ခဲ့ပါဘူး။ ရပြီးတာနဲ့ တစ်လလောက်အကြာမှာ အဒေါ့်ယောကျ်ားလည်း ဆုံးခဲ့ရတယ်။ ဆုံးခဲ့ရတာကလည်း အဒေါ်ကိုယ်တိုင် အိပ်မက်ထဲမှာ မြင်ရတယ် ...၊

အပြင်မှာလည်း အဲဒီအတိုင်းပဲ ဆုံးသွားရရှာတယ်။ ပြီးတော့ ... အဒေါ့်ရဲ့သားကြီးလည်း ယာခင်းထဲမှာ မြွေကိုက်ပြီး ဆုံးသွားရှာတယ်။ အဲဒါကိုလည်း အိပ်မက်အဖြစ် ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



မြင်မိတယ်၊ ဒါတွေကို အဒေါ်လည်း သတိရလာတော့ မှန်ကို သိမ်းထားတဲ့ သေတ္တာလေးထဲမှ ထုတ်ကြည့်မိတယ် ...။

မှန်ဆိုတာ ပုံရိပ်စစ်ပဲပေါ်ရမှာ မဟုတ်လား။ အခုတော့ မှန်ထဲကပုံရိပ်က အပြင်ပုံရိပ်နဲ့ တခြားစီဖြစ်နေတယ်။ အဒေါ်က မှန်ကိုကြည့်ပြီး ပြုံးလိုက်တာ မှန်ထဲကပုံရိပ်က မဲ့နေတာ တွေ့ရတော့ အဒေါ်လည်း ထူးဆန်းတယ်လို့ ယူဆမိတာပေါ့ ...။

ဒါကြောင့် မှန်ထည့်ထားတဲ့ သေတ္တာလေးကို သေချာစွာ ရှာကြည့်မိတယ်။ မှန်ထည့်ထားတဲ့သေတ္တာလေးအောက် သတ္တုပြားလေးတစ်ပြား ရလိုက်တယ်။ သတ္တုပြားပေါ်မှာ ပါဠိလိုရေးထားတော့ အဒေါ်လည်း မဖတ်တတ်တော့ ဒီအတိုင်းပဲထားလိုက်ရတယ်''

''ဒါနဲ့ အဒေါ် ... ကျွန်တော့ကို အဲဒီသေတ္တာလေးနဲ့ သတ္တုပြားကို ပြကြည့်လို့ရမလား''

''ရပါတယ် ငါ့တူတို့ရယ်''

ဟုပြောကာ ဒေါ်လေးငယ် အိမ်ထဲသို့ဝင်သွားလေသည်။ ခဏကြာတော့ ၁ ပေခွဲ နှစ်ပေခန့်ရှိမည့်-သေတ္တာလေးအနားသို့ ရောက်လာသောအခါ သေချာလေ့လာလိုက်သောအခါ –

ကျွန်းသေတ္တာ၏အဖုံးပေါ်တွင် ဂဠုန်တစ်ကောင်က နဂါး





တစ်ကောင်ကို မ,ချီနေပုံကို ထွင်းထားတာတွေ့ရလေသည်။ ကျွန်းသေတ္တာ၏ ဘေးပတ်လည်တွင်လည်း မြွေတစ်ကောင်၏ ခေါင်းပိုင်းနှင့် အမြီးထိ တစ်ကိုယ်လုံးပုံ ထွင်းထားလေသည်။ ထူးဆန်းသည်က မြွေ၏အမြီးက ပါးစပ်အတွင်းထဲသို့ ဝင်နေတာ တွေ့လိုက်ရသည်။

ဒါ ... ဘာကြောင့် ဒီလိုမျိုးဖြစ်နေတာလဲဆိုတာ စဉ်းစားမရအောင် ဖြစ်မိသည်။ ကျွန်တော် ကြားဖူးတာက ဒီလိုမျိုးဖြစ်နေသောမြွေမျိုးကို တစ်ခုခု စီရင်ထားရင် မကောင်းသောအန္တရာယ်များ ကျရောက်တတ်သည်ကို ကျွန်တော် လေ့လာမိသလောက် သိခဲ့ရသည်။

တစ်ခါက ကျွန်တော်ဖတ်ဖူးခဲ့သော စာအုပ်တစ်အုပ်တွင် မြွေကွင်းဆက်၊ မြွေထုံကူးခြင်းအကြောင်းတစ်ခုကို သတိရမိသည်။ ထိုကဲ့သို့ မြွေမျိုးများက များသောအားဖြင့် မြွေစောက်၊ နှင်းတော်ကြာ၊ တောကြီးမြွေဟောက်၊ နှင်းမြွေအနွယ်ဝင် မြွေမျိုးများကိုသာ တွေ့ရတတ်သည်။

ထိုကဲ့သို့ မြွေမျိုးများသည် ဂမ္ဘီရဆန်စွာ ဖြစ်ဖြစ်တတ်၍ ထိုမြွေမျိုးတို့ တွေ့ခဲ့သူသည် လိုချင်တပ်မက်ကြသည်။ ထိုကဲ့သို့ မြွေမျိုးကိုတွေ့လျှင် တချို့မသမာသူတို့က သတ်ပြီးကာ



www.burmeseclassic.com

www.burmeseclassic.com



အဆောင်သဘောမျိုး ဆောင်တတ်ကြသည်။ တကယ်တော့ ထိုကဲ့သို့အဆောင်မျိုးကို ဆောင်ထားသောသူတို့သည် တစ်နည်းနည်းဖြင့် ပျက်စီးဘေးဒုက္ခရောက်ခဲ့ကြရသည်က များလေသည်။

တချို့အောက်လမ်းဆရာများက ထိုမြွေကွင်းဆက်များကို လိုအင်ဆန္ဒ, လောဘ, မောဟ, အတ္တစိတ်များဖြင့် အဆောင်ပြုလုပ်၍ သူတစ်ပါးကို ဘေးဒုက္ခရောက်အောင် ကူညီပေးတတ်ကြသည်။ အခကြေးငွေ အဆမတန်တောင်းကာ ဆေးစီရင်၍ ပြုလုပ်ပေးတတ်သည်။

ယခု ဒေါ်လေးငယ်၏သေတ္တာပတ်လည်ကို မြွေကွင်းဆက်အဖြစ် ထွင်းထုပြီး သေတ္တာထဲတွင် ထည့်ထားသော မှန်ဘောင်ကိုလည်း နဂါးနှစ်ကောင်၏ပုံဖြင့် ဖော်ထုတ်ထားသည်မှာ တစ်ဦးဦး၏ကြံစည်လုပ်ဆောင်ချက် ဖြစ်လိမ့်မည်ဟု ယူဆမိသည်။

ဇေမင်းသူအနေနဲ့ ဒေါ်လေးငယ် ယူဆောင်လာသောသေတ္တာကို သေချာစွာ ဖွင့်ကြည့်လိုက်သည်။ အထဲတွင် သတ္တုပြားဖြင့် အင်းကွက်ချကာ ပါဠိဘာသာလိုလို ရေးထားသော စာပိုဒ် သုံးပိုဒ်ကို တွေ့လိုက်ရသည်။

ထိုစာပိုဒ်များကို ဇေမင်းသူက မဖတ်တတ်၍ ဘာတွေရေးထားမှန်းမသိပါ။ ဒါပေမဲ့ အင်းကွက်ပေါ်မှာ ရေးထားတယ်ဆိုတော့ ကောင်းသောရေးထားခြင်း မဟုတ်ဘူးဆိုတာ စိတ်ထဲက ထင်မိသည်။ ထို့နောက် ဇေမင်းသူက –

“အဒေါ် ... ဒီသေတ္တာကို ဘယ်နားက ရခဲ့တာလဲတင်”

ထိုအခါ ဒေါ်လေးငယ်က –

“ဒီရွာရဲ့အရှေ့ဘက် အဒေါ်တို့ရဲ့ လယ်ယာမြေထဲက ရခဲ့တာ။ အဲဒီနားမှာ စေတီပျက်လိုလိုတော့ တွေ့တယ်၊ နှစ်ပေါင်း အတော်ကြာပြီလို့ ထင်ပါတယ်”

✲ ✲ ✲





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## မြွေကွင်းဆက်နဲ့ သေတ္တာလေး

ထိုအခါ ဇေမင်းသူက –

"အဒေါ်က မှန်ကိုသာ ရောင်းခဲ့ပြီး ဒီသေတ္တာလေးကိုတော့ ဘာကြောင့်မရောင်းတာလဲဟင်"

"အဒေါ်က သေတ္တာလေးကို သဘောကျလို့ပါ။ ပြီးတော့ သေတ္တာလေးပေါ်မှာ ထုထားတဲ့ပန်းပုလက်ရာလေးကလည်း လက်ရာမြောက်တော့ သိမ်းထားမိတာပါ"

"ဒါနဲ့ ... ဒီသေတ္တာလေး သိမ်းထားတော့ အဒေါ်တို့ ဘာပြဿနာများ ဆက်ဖြစ်သေးလဲဟင်"

"အခုထိတော့ ဘာမှ ဆက်မဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ ...





အိပ်မက်တော့ မကောင်းဘူး။ လန့်လန့်နိုးတယ်"

ဇေမင်းသူရဲ့သူငယ်ချင်းများက ဒေါ်လေးငယ်ကိုကြည့်ပြီး ဘာဆက်ပြီးကြားရဦးမလဲဆိုတာ နားစွင့်နေမိသည်။ ထိုအခါ ဇင်မျိုးက –

"အဒေါ် တကယ်တော့ ဒီသေတ္တာလေးကို မသိမ်းထားသင့်ဘူး။ အဒေါ် တစ်ခုခုလုပ်ပစ်ရမှာ၊ ဥပမာ–ရေမျှောရင်မျှော၊ ဒါမှမဟုတ် မီးရှို့ရင်ရှို့ပေါ့၊ သိမ်းထားတာ မသင့်တာတော့ အမှန်ပဲ"

ထိုအခါ ဒေါ်လေးငယ်က ဇင်မျိုးပြောလိုက်မှ ကြောက်စိတ်ဝင်လာပြီး ကြောက်လာမိသည်။ ထိုအခါ ဇေမင်းသူက ဆက်ပြီး –

"ဒေါ်ဒေါ် ... ကျွန်တော်တို့ အဲဒီသတ္တုပြားလေးရောင်းချင် ရောင်းပါ။ ကျွန်တော်လေ၊ ဒီသတ္တုပြားပေါ်မှာ ရေးထားတဲ့စာကို ပါဠိစာတတ်တဲ့သူနဲ့ပြကြည့်ပြီး အဓိပ္ပာယ်ဖော်ချင်လို့ပါ။ ပြီးတော့ ကျွန်တော်ထင်တာ တစ်ခုရှိနေတယ် ...၊

ဘာလဲဆိုတော့ ဒီမှန်ဟာ ကျိန်စာတိုက်ခံထားရတဲ့မှန်တစ်ချပ်ဖြစ်လိမ့်မယ်ဆိုတာ ကျွန်တော်သိနေသလိုပဲ။ အဲဒီကျိန်စာကို ပြေအောင် ဘယ်လိုလုပ်ပေးရမလဲဆိုတာ ဒီစာကို



www.burmeseclassic.com

www.burmeseclassic.com



အစီပွာယ်ဖော်ပြီးတော့မှ သိရလိမ့်မယ်လို့ထင်မိတယ် ...၊ ဒီတော့ အဒေါ်က ဒီသတ္တုပြားလေးကို ရောင်းပါလား"

ထိုအခါ ဒေါ်လေးငယ်က ...

"ဟာ ... ငါ့တူရယ် ... မရောင်းပါဘူး ပေးလိုက်မှာပါ၊ အဒေါ့်ဆီမှာထားရင်လည်း ဘာမှ လုပ်တတ်မှာ မဟုတ်တာ။ ငါ့တူတို့သာ ကောင်းသလို စီရင်လို့ရအောင် အဓိပ္ပာယ်ဖော်ကြည့်ပေါ့၊ ဒါနဲ့ ဒီသေတ္တာလေးကို ဒေါ်လေး ဘာလုပ်ရင်ကောင်းမလဲဟင်၊ ငါ့တူတို့ပြောလို့ အဒေါ်တောင် ကြောက်လာပြီ"

ဖေမင်းသူ ဒေါ်လေးငယ်ကို အကဲခတ်မိသည်။ ဒေါ်လေးငယ် ကြောက်နေပြီဆိုတာ သိရသည်။ ဒါကြောင့် နှစ်သိမ့်ပြီး ...

"အဒေါ် ... ဒီသေတ္တာလေးကို ဆက်ပြီးသိမ်းထားပါ။ ကျွန်တော် ဒီစာတွေဖော်ပြီးရင် ဘာလုပ်သင့်သလဲဆိုတာ အဒေါ့်ဆီ နောက်တစ်ခေါက်ပြန်လာခဲ့မယ်"

"အေးပါ ... ငါ့တူတို့ရယ်၊ အဒေါ်တော့ ငါ့တူတို့ရောက်လာပြီး ဒီသေတ္တာလေးကို မကြည့်ရဲတော့ဘူး။ ခြံထဲမှာပဲ လုံခြုံတဲ့နေရာမှာ ဝှက်ထားလိုက်တော့မယ်"

ထိုအခါ ဖေမင်းသူက –





"ဒါနဲ့ အဒေါ် ... ဒီသေတ္တာနဲ့မှန် ရခဲ့တယ်ဆိုတာ ဒီရွာက ဘယ်သူတွေ သိထားသေးလဲ"

"ဘယ်သူမှ မသိပါဘူးကွယ်၊ အဒေါ်တို့ရွာကလူတွေက အေးအေးသမားတွေပါ"

"ဒါနဲ့ ဒေါ်ဒေါ် ... ဒီအိမ်မှာ ဒေါ်လေးတစ်ယောက်တည်းလား"

"ဟုတ်တယ်ကွဲ့၊ သားသမီးတွေက လယ်ထဲသွားကြတယ်၊ သမီးလတ်က ရန်ကုန်မှာကျောင်းတက်တယ်၊ အဆောင်မှာနေတယ်ပေါ့၊ အဒေါ့်မှာ သားနှစ်ယောက်၊ သမီးနှစ်ယောက်ရှိတယ်ကွဲ့၊ သူတို့တွေက လူကြီးတွေဖြစ်နေကြတော့ အဒေါ်က အိမ်စောင့်ပေါ့၊ သူတို့တွေကတော့ အလုပ်ကိုယ်စီနဲ့လေ"

"ကောင်းပါတယ် အဒေါ်ရယ်၊ သားသမီးတွေက သိတတ်တော့ အဒေါ်လည်း နားရတာပေါ့"

"ဒါနဲ့ တူလေးတို့ ဘယ်တော့ပြန်လာဦးမလဲ"

"မကြာခင် လာမှာပါ ဒေါ်ဒေါ်၊ ရက်အတိအကျကိုတော့ မပြောတတ်သေးပါဘူး ...၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး ကျွန်တော်တို့က ရန်ကုန်မှာ နေတာပါ၊ ရန်ကုန်ထိ ကားမောင်းရဦးမှာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ...ကောင်းပါပြီ၊ နောက်လည်း ပဲခူး ရောက်ရင် အဒေါ်ဆီဝင်လာလည်နော်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

ဟုပြောပြီး သူငယ်ချင်းသုံးယောက်သား ပြန်ထွက်ခဲ့ကြလေတော့သည်။

ဖေမင်းသူ၊ ပဲခူးမြို့ထဲရှိ ဇင်မျိုးတို့အိမ်သို့ ဝင်လည်ခဲ့သည်။ မနက်စာ ဇင်မျိုး၏အိမ်တွင်စားခဲ့ပြီး ရန်ကုန်သို့ ညနေစောင်းမှ ပြန်ခဲ့လေတော့သည်။

✿ ✿ ✿

## အခန်း (၉)

## အိပ်မက်ပေးသူ

ဖေမင်းသူ အိမ်သို့ ညမိုးချုပ်မှပြန်ရောက်သည်။ ပြန်ရောက်ရောက်ချင်း သူ၏အိပ်ခန်းသို့ တန်းပြီးဝင်ခဲ့သည်။ ပြီးနောက် မှန်နားသို့သွားပြီး မှန်ကိုကြည့်မိသည်။ ထိုအခါ မှန်ထဲမှ ပုံရိပ်က သူ့ကို မနှစ်မြို့သည့်ပုံစံဖြင့် ကြည့်နေတာ တွေ့လိုက်ရသည်။ အလိုမကျသောမျက်နှာထားဖြင့် ကြည့်နေသောပုံရိပ်ကို သူ အံ့သြစွာ ကြည့်လိုက်သည်။

ဖေမင်းသူ မှန်ထဲမှပုံရိပ်ကိုကြည့်ပြီး စိတ်ထဲ၌ တစ်မျိုးဖြစ်မိသည်။ ဘာကြောင့်များ အလိုမကျပါလိမ့်ဟု စိတ်ထဲမှ တွေးမိသည်။ သူ ပဲခူးသို့သွားပြီး မှန်အကြောင်းစုံစမ်း၍များ



www.burmeseclassic.com

www.burmeseclassic.com



အလိုကျတာလားဟု တွေးနေမိသည်။ ပြီးနောက် အင်းကွက်ပုံ ဖော်ထားသော သတ္တုပြားကို ထုတ်ကြည့်မိသည်။

"အင်း ... ဒီပဟေဠိကို အမြန်ဆုံးဖော်မှပဲ"

ဟုတွေးကာ သတ္တုပြားလေးကို ပြန်သိမ်းလိုက်လေသည်။ ပြီးနောက် ရေမိုးသန့်စင်ရန် ရေချိုးခန်းသို့ ဝင်ခဲ့လေတော့သည်။

✵

ညဥ့်သည် လရောင် လခြမ်းကွေးလေးကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်၍နေလေသည်။ အိမ်အပေါ် လှေသာဆောင်ပေါ်မှ အဝေးသို့ လှမ်းကြည့်မိသည်။ အဝေးသို့ ဘာမှ မမြင်ရပေမယ့် ဇေမင်းသူကတော့ ကြည့်နေမိသည်။

မိမိတို့အိမ်က ဆိတ်ငြိမ်ရပ်ကွက်လေးဖြစ်လေတော့ ပတ်ဝန်းကျင်တစ်ခုလုံး ပုစဉ်းရင်ကွဲသံလေးမှအပ ဘာအသံမှ မကြားရပါ။ ဟိုးအဝေးမှ လမ်းမီးတိုင်များကလည်း လင်းသည့်တိုင်က လင်းပြီး မလင်းသည့်တိုင်များက မလင်းပါ။ ထိုအခါ –





"မောင်တော် ... မောင်တော် ... ညီမတော်ကို ကယ်ပါနော်၊ သူတို့လေ ညီမကို ပိတ်လှောင်ထားခဲ့တာ ကြာခဲ့ပါပြီ၊ ကယ်ပါနော်"

ဟု အသံကို နားထဲ၌ ကြားလိုက်သလို ထင်မိသည်။ ထိုအသံကြောင့် ဇေမင်းသူ နောက်သို့ လှည့်ကြည့်မိသည်။ သို့သော် ဘာမှမမြင်ရပါ။ အသံသာ ကြားလိုက်ပြီး ကိုယ်ထင်မတွေ့ရပါ။ ဇေမင်းသူ စိတ်ထဲ နည်းနည်းတော့ ကြောက်မိသည်။

ဒါပေမဲ့ ဒီအသံရှင်က သူ၏နားထဲတွင် စွဲမိနေပြီဖြစ်၍ ကြာလာတော့ စိတ်ထဲမှာ နည်းနည်းတော့ ဖြေသာမိသည်။ သူ၏အတွေးများတွင် နေ့ခင်းကယူလာသော သတ္တုပြားလေးကို ဘယ်သူ့ဆီမှာ ပြရမလဲဟူသောအတွေးများဖြင့် အပြင်လောကသို့ ငေးနေမိသည်။

"အင်းလေ ... ဒါတွေကို မနက်ဖြန်မှာ သူ၏သူငယ်ချင်းဖြစ်တဲ့ ဗန်ဒိန်းကို အကူအညီတောင်းရမယ်။ ဗန်ဒိန်းက ဒီတိစ္စနဲ့ပတ်သက်လျှင် ကျွမ်းကျင်သည်၊ အပေါင်းအသင်းလည်း ဆန့်သည် မဟုတ်ပါလား"

ဇေမင်းသူ အတွေးကောင်းနေစဉ် နောက်ဘက်မှခေါ်သံတစ်ခုကြားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားကိုဇေ ... ကိုဇေ"

ထိုအခါ ဇေမင်းသူနောက်သို့ လှည့်ကြည့်မိသည်။ အမေ က အနားသို့ရောက်လာပြီး –

"မအိပ်သေးဘူးလား၊ ညဥ့်နက်နေပြီလေ"

"ဟုတ်ကဲ့ပါအမေ ... အိပ်တော့မှာပါ"

အမေ၏စိုးရိမ်ပူပန်မှုများနှင့် သားသမီးများအပေါ် ဂရု တစိုက် ကြည့်ရှုနေသည်ကို ဇေမင်းသူ သနားမိလေသည်။ သူ မအိပ်သေးတာ အယ်အချိန်ကများ စောင့်ကြည့်နေမိပါလိမ့်ဟု လည်း တွေးမိသည်။ မိဘများရဲ့ စိုးရိမ်ပူပန်မှုတွေဟာ မိဘတိုင်း ရဲ့ မေတ္တာတွေပဲ မဟုတ်ပါလား။

ဇေမင်းသူ အိပ်ရာထက်သို့ ဝင်မိလေတော့သည်။

✲

အမှောင်ရိပ်ထဲမှ လူသုံးယောက်၊ ခြံနားသို့ကပ်လာ သည်။ လူတစ်ဦးလက်ထဲတွင် အိတ်လေးတစ်လုံး ပါလာသည်။ ကျန်လူ၏လက်ထဲတွင် အထုပ်ကလေးတစ်ထုပ် ပါလာသည်။





ခြံနားသို့ကပ်လာသည်။ ခြံနားရောက်တော့ လူတစ်ရပ်စာဖြစ် သော ခြံနားတွင် ပထမလူက ခါးကုန်းလိုက်သည်။ ဒုတိယလူက ထိုလူ၏ကျောကုန်းပေါ်သို့တက်ကာ ရပ်လိုက်သည်။ ထိုအခါ ကျန်ခဲ့သောလူက အထုပ်ထဲမှ ဂုန်နီအိတ်နှစ်လုံးကိုထပ်လိုက်ပြီး ကျောကုန်းပေါ်ရပ်နေသောလူ၏လက်ထဲသို့ ပေးလိုက်သည်။

ထိုအခါ ထိုလူက ထိုဂုန်နီအိတ်ကို သံဆူးကြိုးပေါ် အုပ် လိုက်သည်။ ပြီးနောက် ထိုသံဆူးကြိုးကို ခွကျော်ကာ ခြံထဲသို့ ဝင်ခဲ့လေသည်။

ထိုလူသုံးဦး ခြံထဲသို့ရောက်သော် အိမ်၏နောက်ဘက်မှ ပြီး တံခါးနားသို့ ကပ်လိုက်သည်။ ပြီး ... ထိုတံခါး၏နံဘေး မှတင်းပေါက်မှန်ကို စိန်သွားတစ်ခုဖြင့် လက်ဝင်လို့ရအောင် အဝိုင်းလေး ဝိုင်းလိုက်သည်။

ပြီးနောက် ကော်ကပ်ထားသော အဝတ်စဖြင့် ထိုမှန်ဝိုင်း လေးကို ခပ်ဆတ်ဆတ်လေးထုကာ ဆွဲခွာယူလိုက်သည်။ ထို အခါ အပေါက်ကလေး ဖြစ်သွားသည်။

ထိုအပေါက်မှ တံခါး၏မြောက်လက်ကို ဖြုတ်လိုက် သည်။ ထိုသို့ပြုလုပ်ပြီး ထိုအပေါက်မှ အိမ်ထဲသို့ သုံးဦးလုံး ဝင်ခဲ့ကြလေသည်။ ပထမ အိမ်၏အနောက်ဘက်မှ ဧည့်ခန်းသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ညှော်ခန်းထဲမှ ပစ္စည်းများကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ လျှောက်ကြည့်နေသည်။

တစ်နေရာအရောက်တွင် –

“ညောင် ညောင် ညောင်”

ဟူသော ကြောင်လေး၏အော်သံ ကြားလိုက်ရပြီး လက်နှိပ်ဓာတ်မီးဖြင့် ထိုးနေသောလူက လက်ဖြင့် ကြောင်လေးကို မောင်းထုတ်လိုက်လေသည်။ ထိုကြောင်၏အော်သံကြောင့် အိမ်အောက်ထပ်ထောင့်ခန်းတွင် အိပ်နေသော အိမ်စေကောင်မလေး မိညိုက နိုးသွားကာ တံခါးကို ဖွင့်လိုက်သည်။

“ဂျောက်”

ဟူသောအသံကြောင့် ထိုလူသုံးဦးသည် လှေကားခေါင်းအောက်သို့ ပြေးကပ်လိုက်ကြသည်။

ပြီးနောက် အိမ်နောက်ဘက်သို့ မိညိုက ဝင်လာခဲ့ရာ–

“ဟင် . . . တံခါးပွင့်နေပါလား။ လာကြပါဦးရှင် လာကြပါဦးရှင်”

ဟူသောအသံကြောင့် ဇေမင်းသူ အိပ်ရာမှလန့်ကာနိုးသွားလေသည်။ ထိုအခါ အိမ်အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။ အိမ်၏အောက်ထပ်တွင် ဘာမှမဖြစ်ပါ။ အားလုံး သူနေရာ



နှင့်သူ ရှိနေကြသည်။ အိမ်နောက်သို့ဝင်ကာ ကြည့်ပြန်သည်။ တံခါးလည်း ပိတ်လျက်သား။ မိညို၏အခန်းအနားသို့ရောက်ပြန်တော့လည်း အထဲမှ မိညိုက အိပ်လို့ကောင်းနေသည်။

“ဟင် . . . ဒါဆို ငါ အိပ်မက်မက်နေပါလား။ အိပ်မက်ကလည်း တကယ့်အတိုင်းပါပဲလား”

ဟုတွေးကာ သူ၏အခန်းသို့ ပြန်ခဲ့လေသည်။ ဇေမင်းသူ စိတ်ထဲမှာတော့ မကျေနပ်ပါ။ ဒါနဲ့ ဇေမင်းသူတစ်ယောက် အိပ်မပျော်ဘဲ ခြံထဲသို့ လှမ်းကာကြည့်နေမိသည်။

ထိုအချိန်တွင် ခြံနားသို့ အရိပ်သုံးခု တပ်လာတာတွေ့ရသည်။ ငါ့ရဲ့အိပ်မက်ထဲကအတိုင်းများ ဖြစ်လာမလား မသိဘူး။ ဒါဆိုရင်တော့ ငါ သတိထားကြည့်နေမှ။

ထိုအခါ ထိုလူသုံးဦးက ခြံပေါ်သို့ ခွကျော်ဖို့ ကြိုးစားနေကြသည်။

“ဟုတ်ပါပြီ . . . အိပ်မက်ထဲကအတိုင်းပဲ။ ဒီတော့ ငါ ဘာလုပ်ရမလဲ”

ဇေမင်းသူ အိမ်ထဲမှမီးများအားလုံး လိုက်ဖွင့်လိုက်လေသည်။ ခြံထဲမှ ခြံစည်းရိုးပေါ်မှ မီးများပါ အားလုံးဖွင့်လိုက်လေသည်။ ထိုအခါ သူခိုးသုံးဦးမှာ အိမ်ရှင်နိုးသွား၍ ဒီနေ့အဖို့



www.burmeseclassic.com

www.burmeseclassic.com



နိုးဖို့မဖြစ်တော့မှန်းသိ၍ ပြန်လစ်ခဲ့ရလေတော့သည်။

ငါ့ကို အိပ်မက်က နိမိတ်လက္ခဏာပေးလိုက်တာပဲ။ ငါ့ကို နိုးလာအောင် လှုပ်ဆော်လိုက်သလိုပဲ။ ဘာပဲဖြစ်ဖြစ်လေ ... အန္တရာယ်တော့ ကင်းသွားတာပေါ့။

ငါ့ကို ကြိုတင်နိမိတ်မြင်မိအောင် အိပ်မက်အဖြစ် ဖန်တီးပြလိုက်တာပဲ။ အခုလည်း ငါက ပြန်မအိပ်တော့ဘဲ စောင့်လိုက်တာ သူခိုးတွေရဲ့ရန်ကို ကာကွယ်လိုက်သလို ဖြစ်သွားခဲ့ရပြီ မဟုတ်ပါလား။

ဖေမင်းသူလည်း ခြံနားသို့ကပ်ကာ လာကြည့်သည်။ ခုနက သူခိုးများဟုထင်ရသော အရိပ်သုံးဦး၏နေရာနားသို့ ရောက်လာခဲ့သည်။ ခြံ၏အပေါ် သံဆူးကြိုးနားသို့ရောက်သော်–

"ဟင် ... ဟာ ... ဟုတ်နေပါပြီ။ အိပ်မက်ထဲက အတိုင်းပဲ၊ သူခိုးတွေ ခြံထဲဝင်ဖို့ ကြိုးစားနေကြတာပဲ"

သံဆူးကြိုး၏အပေါ်တွင် ဂုန်နီအိတ်များတင်ထားတာ တွေ့လိုက်ရသည်။

"အိမ်ထဲ ဘာဝင်ခိုးချင်လို့ပါလိမ့်၊ သူခိုးတွေဆိုတော့ ရတာယူကြမှာပဲ၊ ငါ့ရဲ့အိပ်မက်ရှင်က ငါ့ကို ကြိုတင်နိမိတ် လက္ခဏာပေးလို့ ငါတို့အိမ် သူခိုးရန်က ကင်းသွားတယ်"





ဟု စိတ်ထဲမှ ကျေးဇူးတင်မိသည်။ ဖေမင်းသူတစ်ယောက် မှန်လေး သူ၏အိမ်သို့ရောက်လာပြီးကတည်းက ကောင်းသော မြင်မက်ခြင်း၊ မကောင်းသောမြင်မက်ခြင်း ဟူသော နိမိတ်ပုံ အိပ်မက်များကို အခါများစွာ မြင်မက်နေ၍ စိတ်ထဲမှာ မကြောက်တော့ဘဲ သတိထားဆင်ခြင်နေရသည်။

ယခုလည်း မိမိအိမ် သူခိုးခိုးခံရမယ့် အခြေအနေကို သူ ကာကွယ်နိုင်ခဲ့သည် မဟုတ်ပါလား။

ဒီညအဖို့တော့ သူ ဆက်ပြီး အိပ်ပျော်တော့မည် မဟုတ်တော့ပါ။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

## နိမိတ်ပုံအိပ်မက်များ

ဖေမင်းသူ စာအုပ်ကိုကောက်ကိုင်ကြည့်လိုက်သည်။ စာအုပ်တွင်ရေးထားသောခေါင်းစဥ်ကို ဖတ်မိလိုက်၍ သူ၏စိတ်ထဲ ခံစားနေရသောအရာများကို တွေးကာ တိုက်ဆိုင်မှုများ ရှိနေမလားလို့ ထင်မိသည်။ စာအုပ်ခေါင်းစဥ်ကို သဘောကျကာ ခေတ္တယူဖတ်မိသည်။

ပြီးနောက် သဘောကျကာ ...

"ညီလေး ... ဒီစာအုပ် ဘယ်လောက်လဲ"

"၁၀၀၀/- ပေးပါအစ်ကို၊ စာအုပ်က ရှားပါးစာအုပ်အစ်ကို"





ရောင်းတဲ့လူက သူ၏စာအုပ်ကို ရောင်းချင်လွန်းလို့ ညွှန်းနေသည်။ ကျွန်တော်ကလည်း သဘောကျနေတယ်ဆိုတာ သူက အကဲခတ်မိမှာပါ။ ဒါနဲ့ ကျွန်တော်လည်း ဈေးမဆစ်တော့ဘဲ ငွေထုတ်ပေးလိုက်လေသည်။

ပြီးနောက် ထိုစာအုပ်ဆိုင်မှ ဆက်ကာ လျှောက်လာနေမိသည်။ သူရောက်နေသောနေရာက ပန်းဆိုးတန်းအောက်လမ်းဘက် စာအုပ်အဟောင်းရောင်းသော ဆိုင်ဘက်ခြမ်းဖြစ်သည်။

သူ ဆက်ပြီးလျှောက်လာစဥ် နိုင်ငံခြားမှတ်ပုံတင်ရုံးနားသို့ ရောက်လာသည်။ ထိုအခါ ထိုရုံး၏အရှေ့ဘက်တွင် စာအုပ်ဆိုင်တစ်ဆိုင် တွေ့လိုက်ရသည်။ ထိုဆိုင်၏ရှေ့တွင် ကောင်မလေးနှစ်ယောက်။ အဝေးကပင် လှလွန်းလို့ကြည့်နေမိသည်။ ထိုနှစ်ယောက်ထဲမှ တစ်ဦးက –

ထဘီစကတ်အနီနဲ့ အပေါ်အင်္ကျီအဖြူပေါ်မှာ အဝါနွယ်ပန်းများထိုးထားသောအင်္ကျီက သူမ၏အလှကို ဖော်ပြနေသလိုဖြစ်သည်။ သူမ၏အရှိုက်၊ အဖို၊ အမို့အမောက်ကလည်း သူမ၏အလှကို အနောက်ကပဲကြည့်ကြည့်၊ ဘေးကပဲကြည့်ကြည့် ပုရိသယောကျာ်းများ နှစ်ခါပြန်ကြည့်ချင်သည့်အလှမျိုးဆိုတာ ကျွန်တော့်ကိုယ်တွေ့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူ၏အနားမှ လူငယ်လေး ၃ ယောက်က–

"အရမ်းလှတဲ့မမပဲ"

ပထမတစ်ယောက်က ပြောလိုက်သည်။ ထိုအခါ ထိုလူငယ်၏ဘေးမှ လူငယ်လေးက –

"ဟုတ်တယ်ကွ၊ တစ်ကိုယ်လုံး ဘာမှပြောစရာမရှိဘူး၊ အဲဒီမမသာ ငါ့ရဲ့ရည်းစားဖြစ်ရင် . သိပ်ကောင်းမှာပဲ"

ဟု လူငယ်လေးနှစ်ဦးရဲ့ ပြောသွားသောစကားကို ဖေမင်းသူ ကြားလိုက်ရ၍ ထိုလူငယ်လေးနှစ်ဦးကို မနာလိုဖြစ်မိသည်။

ဖေမင်းသူလည်း ထိုအမျိုးသမီးနားသို့ တဖြည်းဖြည်း နီးကပ်လာသောအခါ သူမ၏မျက်နှာလေးကို တဖြည်းဖြည်း နီးကပ်မြင်လိုက်ရသောအခါ –

"ဟင် ... ယွန်းသခင်တို့ပါလား"

ဒါနဲ့ အနီးသို့ကပ်သွားပြီး ...

"ယွန်းသခင် မဟုတ်လားဟင်"

ထိုအခါ သူမက သူ၏နောက်မှ ခေါ်သံကြား၍ နောက်သို့ လှည့်ကြည့်မိသည်။

"ဟင် ... အစ်ကိုပါလား၊ ဘယ်ကိုလာတာလဲဟင်"





"ကျွန်တော် စာအုပ်တွေလျှောက်ကြည့်တာပါ၊ အခုလည်း စာအုပ်တစ်အုပ်တွေ့လို့ ဝယ်ခဲ့သေးတယ်"

"ဘာစာအုပ်လဲဟင်"

"အိပ်မက်စာအုပ်လေးပါ"

ထိုအခါ ယွန်းသခင်က ဖေမင်းသူ၏စာအုပ်လေးကို ယူကာ မျက်နှာဖုံးမှ ခေါင်းစဉ်းကို ဖတ်လိုက်သည်။

"အစ်ကိုက အိပ်မက်တွေကို ယုံလားဟင်"

ထိုအခါ ဖေမင်းသူက စဉ်းစားကာ –

"အရင်တုန်းကတော့ ကျွန်တော် သတိမထားမိပါဘူး။ အခုနောက်ပိုင်းမှာ ကျွန်တော် အိပ်မက်တွေပေါ်မှာ မယုံလို့မရတော့ပါဘူး"

ထိုအခါ ယွန်းသခင်က ...

"ဘာဖြစ်လို့လဲ အစ်ကို"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် အိပ်မက်တွေ မက်လာခဲ့လို့ပဲ၊ ပြီးတော့ အိပ်မက်ထဲကအတိုင်း အပြင်မှာ ဖြစ်လာခဲ့တာများတယ်၊ မယုံလို့စောင့်ကြည့်ခဲ့တာလည်း အဲဒီအတိုင်း ဖြစ်သွားကြတာ ကိုယ်တွေ့ပါပဲ"

"အစ်ကိုရဲ့အိပ်မက်ကလည်း ထူးဆန်းလိုက်တာနော်၊



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်နိမိတ်ကို ဖော်ပြနေသလားလို့ထင်ရတယ်''

''ဟုတ်တယ် ယွန်း၊ ကျွန်တော် ယွန်းလို့ပဲ ခေါ်မယ် နော်''

''ရပါတယ်''

သူတို့နှစ်ဦး အိပ်မက်အကြောင်းပြောနေချိန်တွင် ယွန်း၏ သူငယ်ချင်းဖြစ်တဲ့ ချယ်ရီသင်းက စာအုပ်ဆိုင်မှ ဆိုင်ရှင်နဲ့စကား ပြောနေသည်။ လက်ထဲမှာလည်း စာအုပ်တစ်အုပ်ကို ပြနေသည်။

ဖေမင်းသူက ချယ်ရီသင်းပြနေသောစာအုပ်ကို အမှတ်မဲ့ လှမ်းကြည့်လိုက်သောအခါ ပါဠိစာအုပ်ဖြစ်နေတာ တွေ့လိုက်ရ သည်။

''အစ်ကို အစ်ကို ... ခုနကအိပ်မက်အကြောင်း ပြော ပါဦး''

''ဟုတ်တယ် ယွန်း၊ ကျွန်တော် အိပ်မက်ကို မယုံလို့မရ တော့ဘူး။ အိပ်မက်တိုင်းက ကျွန်တော့်ကို ခြောက်လှန့်နေတယ် လို့ ထင်မိတယ်၊ ကျွန်တော့်အိပ်မက် ဘယ်လောက်ထူးဆန်းသလဲ ဆိုတော့ ညကမက်တဲ့အိပ်မက်ကိုပဲ ပြောပြမယ်''

ဟုပြောကာ အနားပတ်ဝန်းကျင်သို့ မျက်စိကစားကာ ကြည့်လိုက်သည်။ သူ ရုတ်တရက် စကားဖြတ်သွားတာ ယွန်းက





ကြောင်ကာကြည့်နေရိုက် –

''ယွန်းတို့အချိန်ရလားဟင်''

''ဘာဖြစ်လို့လဲ အစ်ကို''

''ဩော် ... ဒီလိုပါ၊ အချိန်ရရင် ဆိုင်တစ်ဆိုင်မှာ တစ်ခုခု စားရင်းပြောရင်း ပိုကောင်းမလားလို့ပါ''

''ရပါတယ် ... ကျွန်မတို့ကလည်း စာအုပ်ဆိုင်ကို အခုလိုအားတဲ့အခါ လာရှာနေကြပါ''

ဖေမင်းသူက ဦးဆောင်ကာ အနီးဆုံး ကော်ဖီဆိုင်သို့ ခေါ်လာခဲ့လေသည်။

ဆိုင်သို့ရောက်သော် ကော်ဖီများ မှာသောက်ပြီးနောက် ဖေမင်းသူက စတင်ကာ –

''ခုနက မချယ်ရီဝယ်နေတာ ဘာစာအုပ်လဲဟင်''

''ပါဠိစာအုပ်ပါ၊ ပါဠိကို ဘာသာပြန်တဲ့စာအုပ်ပါ၊ အဲဒီ စာအုပ်က အရမ်းရှားပါးတယ်၊ အဲဒီဈေးဆစ်တာ မရခဲ့ဘူး''

''မချယ်ရီတို့က ဘာမေဂျာကလဲ''

''ကျွန်မတို့က မြန်မာစာအဓိကယူထားကြတာပါ၊ အဲဒီ မှာ ပါဠိလို ထပ်ယူထားတာပါ၊ အခုလည်း ပါဠိဘာသာပြန် စာအုပ်ကိုတွေ့လို့ ဝယ်မလို့ပါ''

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဖေမင်းသူလည်း ဝမ်းသာသွားသည်။ ဘာဖြစ်လို့လဲဆိုတော့ သူမှာရထားတဲ့ အင်းကွက်ထဲကပါဠိကို ယခုချယ်ရီသင်းတို့ကို ဖတ်ခိုင်းကြည့်ရင် ကောင်းမလားလို့ စိတ်ကူးရမိသည်။

"အတော်ပဲ မချယ်ရီသင်းကို အကူအညီတောင်းရမယ်"

"ဘာများလဲ ကိုဖေမင်းသူ"

"တခြားတော့ မဟုတ်ပါဘူး။ ကျွန်တော့်မှာ ပါဠိလိုရေးထားတဲ့ အင်းကွက်တစ်ခုရဲ့အဓိပ္ပာယ်ကို ဖော်ပေးစေချင်လို့ပါ။ ကျွန်တော်လည်း ပါဠိလိုတတ်တဲ့သူရှာနေလို့ပါ"

"ရတယ်လေ၊ ကျွန်မ ဖတ်ကြည့်ပေးပါ့မယ်"

"ဟုတ်ကဲ့ . . . ဒါဆိုရင် တစ်နေ့လောက် ကျွန်တော်တို့ဆုံရအောင်လေ။ ဒါမှမဟုတ် မချယ်ရီသင်းတို့နေတဲ့ အဆောင်လိပ်စာလေးနဲ့ ဖုန်းနံပါတ်လေး ရေးပေးပါ"

ဟုပြောကာ သူ၏အိတ်ထဲမှ စက္ကူအလွတ်တစ်ရွက် ထုတ်ပေးလိုက်လေသည်။

ဖေမင်းသူနဲ့ ချယ်ရီတို့ စကားပြောနေတာ ယွန်းသခင်က ဘာတစ်ခွန်းမှ ဝင်မပြောဘဲ နားထောင်နေလိုက်သည်။ တကယ်တော့ သူလည်း ဘာမှအကူအညီမပေးနိုင်တဲ့သူဆိုတော့





နှုတ်ဆွံ့နေမိသည်။ ယွန်းသခင်က မြန်မာစာ အဓိကပဲယူထားတော့ ပါဠိကို စိတ်မဝင်စားပါ။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီနေ့ ကျွန်တော် စာအုပ်ထွက်ဝယ်တာ အခုလို မချယ်ရီသင်းတို့နဲ့ တွေ့ရတာ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သွားတယ်"

"ရပါတယ် ကိုဖေမင်းသူရယ်၊ ကျွန်မတို့ရဲ့သူငယ်ချင်းကိုလည်း ကိုဖေမင်းသူက ကူညီပေးခဲ့တာပဲ။ ကျွန်မတို့ကလည်း ပြန်ပြီး ကူညီပေးရမှာပေါ့"

ဟုပြောကာ ချယ်ရီသင်းက ယွန်းသခင်ဘက်သို့လှည့်ကာ ပြောလိုက်သည်။ ယွန်းသခင်က ဖေမင်းသူကိုကြည့်ကာ ခေါင်းညိတ်ပြမိသည်။ ထို့နောက် ဖေမင်းသူက . . .

"ဒီက ယွန်းသခင်ကို ဒီကပြီးရင် ဘယ်သွားဦးမှာလဲဟင်"

"ကျွန်မတို့ အားလုံးပြီးပါပြီ၊ အဆောင်ပြန်မှာပါ"

ဟုပြောကာ သူတို့ စားသောက်ဆိုင်မှာပဲ လမ်းခွဲကာ ပြန်ခဲ့ကြလေတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

## အန္တရယ်ကြားမှ ချစ်သူနှစ်ဦး

ဇေမင်းသူ ကားလမ်းတစ်ဖက်မှတစ်ဖက်သို့ ကူးရန် ကားအသွားအလာကို စောင့်နေမိသည်။ ကားများက တစ်စီးပြီး တစ်စီး မရှင်းဘဲ ဖြစ်နေသည်။ နေရာက ပြည်လမ်း အဆောင် များရှိရာဘက်သို့ ကူးဖို့ ကားအရှင်းကို စောင့်နေသည်။

ထိုအချိန်တွင် အမျိုးသမီးတစ်ဦးက ကားရှင်းတာ စောင့်နိုင်၍ လမ်းကူးဖို့ လုပ်လိုက်စဉ် ထောင့်ချိုးမှထွက်လာ သောကားက လမ်းမပေါ်သို့ ကားခေါင်းကိုထုတ်လိုက်စဉ် တည့် တည့်လာသောကားက ထိုထောင့်ချိုးမှထွက်လာသော ကား ခေါင်းကိုရှောင်ကာ ကွေ့ပြီး အရှိန်မထိန်းနိုင်ဘဲ ဖြစ်သွားသည်။





ထိုအရှိန်ကြောင့် ထောင့်ကြားက လမ်းဖြတ်ကူးသော အမျိုးသမီး ကို ဝင်တိုက်လိုက်မိသည်။

"အား"

ထိုအမျိုးသမီးမှာ လမ်းမပေါ်သို့ ခွေခနဲကျသွားပြီး မေ့လဲ သွားလေသည်။

✲

"ဟာ ... သွားပြီထင်တယ်"

ဟု ပါးစပ်မှထုတ်ဖော်ပြောလျက် အိပ်ရာပေါ်မှ လန့်ကာ နိုးသွားသည်။

ဇေမင်းသူ အိပ်မက်မက်နေသည်။ အိပ်မက်ထဲတွင် လဲကျသွားတဲ့မိန်းကလေးက ဘယ်သူများပါလိမ့်။ တစ်ဖက်ကား လမ်းမှဖြစ်နေ၍ မျက်နှာကို သေသေချာချာ မမြင်လိုက်ပါ။

ဇေမင်းသူ စိတ်ထဲမှ တစ်မျိုးဖြစ်မိသည်။ အဲဒီမိန်းက လေး သေသလား ရှင်သလားဆိုတာ သူ သိချင်နေမိသည်။ သို့သော်လည်း သူက လန့်နိုးသွား၍ မသိလိုက်ရပါ။



www.burmeseclassic.com

စိတ်ထဲမှတော့ ရှင်ပါစေဟု ဆုတောင်းပေးနေမိလေသည်။

ဖေမင်းသူ ပြန်၍စဉ်းစားမိသည်။

ညက အိပ်ရာမဝင်ခင် သူ မှန်နားသို့ သွားကြည့်မိသည်။ သူ မှန်နားသို့သွားကြည့်မိတိုင်း ကြည့်မိတိုင်း ညဆိုရင် အိပ်မက်တစ်ခုခုတော့ အမြဲမြင်မိသည်။

ခုလည်း ညက မှန်နားသို့ သွားခဲ့သည်။ မှန်ထဲမှ သူ့ရုပ်က သူ့ကို မနှစ်မြို့သောအကြည့်ဖြင့် ကြည့်ခဲ့သည်။ ဒါကို ဖေမင်းသူက သတိမထားခဲ့ပါ။ ပြီးတော့ အိပ်ရာဝင်ခဲ့သည် မဟုတ်ပါလား။

အိပ်မက်ထဲမှ အမျိုးသမီးကို ကားတိုက်တာကို သူက ဘာကြောင့် အိပ်မက်အဖြစ်မက်ရတာလဲ။ မိန်းကလေးကို သူ သတိထားမိသည်။ အနီဝမ်းဆက်လေးနဲ့ မျက်နှာကိုတော့ ဝေးနေ၍ မမြင်လိုက်ပါ။

ဒါဆိုရင် ဒီအမျိုးသမီးကို ကယ်စေချင်လို့လား။ သူ့ကို အိပ်မက်အဖြစ် မြင်မိအောင် မှန်လေးက အိပ်မက်ဖြစ်အောင် ဖန်တီးလိုက်လေသလား။

ဟု စိတ်ထဲမှ မတင်မကျ ဇဝေဇဝါဖြစ်မိသည်။ အိပ်ရာမှ





ထလိုက်သည်။ နံနက် ၆ နာရီပင်ရှိနေခဲ့သည်။

မနေ့က ချယ်ရီသင်းနဲ့တွေ့ဖို့ ချိန်းထားခဲ့သည်။ ဒီနေ့ အရောက်သွားမည်ဟု စိတ်ကူးထားသည်။ ဖေမင်းသူလည်း ရေချိုးခန်းသို့ဝင်ပြီး ကိစ္စဝိစ္စများကို ပြုလုပ်လေသည်။ ပြီးနောက် နံနက်စာစားဖို့ အောက်သို့ဆင်းလာခဲ့လေသည်။

"လာ သား ... အမေတို့နဲ့အတူ ကော်ဖီလာသောက်"

အမေက သူ့ကိုတွေ့၍ လှမ်းခေါ်လိုက်သည်။ ဖေမင်းသူလည်း အဖေ့နားတွင် ဝင်ထိုင်လိုက်သည်။ အမေက ကော်ဖီပန်းကန်ထဲသို့ ကော်ဖီများ ထည့်ပေးလေသည်။

ထိုအခါ အမေက –

"သား ... ဒီနေ့ ဘယ်သွားဦးမလဲ"

"ဘာဖြစ်လို့လဲ အမေ"

"အမေ ကားမမောင်းချင်လို့ အဖေ့ကို ပွဲရုံလိုက်ပို့ပါလား"

"ဟုတ်ကဲ့ အမေ၊ လိုက်ပို့ပါ့မယ်"

ဟု ဖေမင်းသူက အဖေ့ကိုပြောပြီး ကော်ဖီဆက်သောက်လေသည်။ ထို့နောက် အမေက –

"သား ... အလုပ်က ဘယ်လိုလဲ၊ မရသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အမေ၊ ရခါနီးပြီလို့ပြောတယ်"

"ဘယ်သူပြောတာလဲ"

"သူငယ်ချင်းတွေ ပြောတာပဲ"

ထိုအခါ အဖေက . . .

"ရရင်လည်း ရန်ကုန်နဲ့ နီးနီးရအောင် လိုက်ပြောထားဦးလေ"

"ဟုတ်ကဲ့ပါ ဖေဖေ"

ကော်ဖီဝိုင်းလေး ပြီးသွားလို့ ဇေမင်းသူက ပထမဦးစွာ ထလာခဲ့လေသည်။ ပြီးနောက် . . . ကားနားသို့ လျှောက်လာပြီး ဆီ၊ ရေ၊ လေ၊ ဝိုင် အားလုံး စစ်ဆေးလိုက်လေသည်။

အားလုံးပြီးဆုံးသွား၍ အဖေနဲ့အမေတို့ကို စောင့်လိုက်သည်။ ခဏကြာသောအခါ အဖေနဲ့အမေ ထွက်လာခဲ့လေသည်။

ကားလေး ခြံထဲမှ မောင်းထွက်ခဲ့လေသည်။

✲

ဇေမင်းသူ အဖေတို့ကို ပို့ရုံပို့ပြီး ကားလေးကို သမိုင်း





လမ်းဆုံမှ ပြည်လမ်းဘက်သို့ ထွက်လိုက်သည်။ ပြည်လမ်းအတိုင်း မောင်းလာခဲ့ပြီး ယွန်းသခင်တို့နေသော အဆောင်လမ်းထိပ်သို့ အရောက်တွင် ကားလေးကို ဘေးသို့ကပ်ကာ ရပ်လိုက်သည်။

ထို့နောက် ကားပေါ်မှဆင်းကာ တစ်ဖက်ကားလမ်းသို့ ကူးရန် ကားကိုကြည့်လိုက်သည်။ ကားများက အသွားအလာ ရှင်းသေးဘဲ ခဏရပ်စောင့်နေလိုက်သည်။

ထိုအခါ အာရုံထဲတွင် ညကမြင်မိသော အိပ်မက်ကို သွားသတိရမိသည်။

"ဟာ . . . ဟင်"

ဟုတ်နေပြီ။ ညက အိပ်မက်အတိုင်းပဲ။ ဒါဆိုလျှင် တစ်ဖက်ကားလမ်းသို့ လှမ်းကြည့်လိုက်သည်။

"ဟော . . . ဟိုမှာလာနေပြီ"

ဇေမင်းသူ ပါးစပ်မှ အသံမထွက်ဘဲ ပြောလိုက်မိသည် သူမြင်လိုက်ရသောအရာမှာ တစ်ဖက်ကားလမ်းမှ အမျိုးသမီး တစ်ဦး အနီဝမ်းဆက်နဲ့ သူရပ်နေသောဘက်သို့ ကားလမ်းကူးရန် စောင့်နေသည်။

ထိုအခါ ဇေမင်းသူလည်း သူ့ခေါင်းထဲသို့ အသိတစ်ခု ဝင်သွားသည်။ သူသာ ဟိုဘက်ကားလမ်းသို့ အရင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်သွားနိုင်လျှင် ထိုအမျိုးသမီးကို ကယ်တင်နိုင်လိမ့်မည်ဟု စဉ်းစားမိသည်။

ဒါကြောင့် ဖေမင်းသူ ဟိုဘက်ကားလမ်းသို့ကူးရန် ကားများကို တားလျက် သူအရင်ရောက်အောင် ကူးခဲ့သည်။ ထိုသို့ကူးနေစဉ် အနီဝမ်းဆက်နဲ့ ကောင်မလေးရပ်နေသော လမ်းထောင့်မှ ကားတစ်စီးက လမ်းမပေါ်သို့ ထောင့်ချိုးကွေ့ရန် လုပ်နေစဉ် ဖေမင်းသူက တစ်ဖက်ကားလမ်းသို့ အရင်ရောက်နှင့်သည်။

ထိုသို့ ဖေမင်းသူက အရောက်၊ ကောင်မလေးကလည်း ကားလမ်းကူးဖို့ ပလက်ဖောင်းမှ ကားလမ်းပေါ်သို့အဆင်းတွင် ကားတစ်စီးက သူမအနီးသို့အရောက် –

“ဝိုး ရှူး ရှူး”

“ကျွီ ကျွီ”

ဟူသောအသံနှင့်အတူ ကားက သူမအနားသို့အရောက် ဘရိတ်ဖမ်းလိုက်သောအသံနဲ့တစ်ပြိုင်နက်တည်း ဖေမင်းသူကလည်း အနီဝမ်းဆက်ကောင်မလေးကို အနောက်မှ ရုတ်တရက် လှမ်းဆွဲလိုက်သောအခါ –

“အောင်မယ်လေး လေ”





ဟူသော ကောင်မလေး၏ ထိတ်လန့်တုန်လှုပ်သောအသံနဲ့အတူ ဖေမင်းသူ၏ရင်ခွင်ထဲသို့ ပွေ့လျက်သားဖြင့် နှစ်ဦးစလုံး နောက်သို့လန်၍ လဲကျသွားလေသည်။

ဖေမင်းသူက အောက်က၊ ကောင်မလေးက အပေါ်မှဖြစ်၍ ဖေမင်းသူက ကောင်မလေးကိုဖက်ထားလျက် လွတ်သွားမည်မို့၍လား၊ ကားတိုက်ခံရမည်ဖြစ်လို့လားတော့ မသိပါ။ တင်းတင်းကျပ်ကျပ်ဖက်လျက် ရှိနေသည်။

ပထမဦးစွာ သတိရလိုက်သည်က ကောင်မလေးဖြစ်သည်။ သူမက ဖေမင်းသူ၏ရင်ခွင်ထဲမှ လက်များကို တွန်းဖယ်ကာ ကပျာကယာ ထလိုက်သည်။

ပြီးနောက် သူမက ရှက်လို့ မျက်နှာမထားတတ်အောင်ဖြစ်နေပြီး တစ်ဖက်သို့လှည့်ကာ နေလိုက်သည်။

ထိုအခါ ဖေမင်းသူလည်း လဲကျရာမှ ထလိုက်သည်။ ပြီးနောက် –

“ညီမ ဘယ်နာသွားသေးလဲ၊ ဘာမှမဖြစ်ပါဘူးနော်”

“အင်း . . . ဘယ်မှမနာပါဘူး။ အစ်ကို့ကို ကျေးဇူးတင်ပါတယ်၊ အစ်ကိုသာ မဆွဲလိုက်ရင် ညီမ ကားတိုက်ခံရတော့မလို့”



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကားထဲမှ လူကြီးတစ်ဦးက ကားအောက်သို့ ဆင်းလာပြီး –

"သမီးတို့ ဘာဖြစ်သွားသေးလဲဟင်"

"ကံကောင်းလို့ပေါ့ သမီးရယ်၊ လမ်းထဲကကားက ပရမ်းပတာ မောင်းထွက်လာလို့ ဦးလည်း သူ့ကားကိုရှောင်ရင်း အခုလို သမီးကို တိုက်မိတော့မလို့"

ထိုအခါ ကားမောင်းတဲ့လူကြီးက ဖေမင်းသူ့ကိုကြည့်ကာ –

"ငါ့တူကို ကျေးဇူးတင်ပါတယ်နော်၊ ဒီသမီးလေးကိုသာ ငါ့တူက မဆွဲလိုက်ရင် ဒီကသမီး ကားတိုက်မိမှာ သေချာပဲ"

ဖေမင်းသူလည်း ထိုအခါကျမှ အနီဝမ်းဆက်လေးနဲ့ သူမကို သေချာစွာကြည့်မိတော့သည်။

"ဟာ"

"ဟင်"

နှစ်ဦးစလုံး အံ့ဩသွားကြသည်။

"ကိုဖေ"

"ဟင် ... ယွန်းသခင်"

ထိုအခါ နှစ်ဦးစလုံး အားနာသောအကြည့်များဖြင့်





တစ်ဦးကိုတစ်ဦး ကြင်နာစွာကြည့်မိလေတော့သည်။

"ကံကောင်းလို့ပါလား ယွန်းရယ်၊ ကျွန်တော် ဝမ်းသာတယ်ဗျာ၊ ကျွန်တော့်အိပ်မက်အတိုင်းဆိုရင် ယွန်းက ကားတိုက်ခံရမှာ၊ ဒါပေမဲ့ ... ကျွန်တော်က သတိရှိလိုက်လို့ အခုလို တယ်တင်နိုင်လိုက်တာ၊ ယွန်း ဘာမှမဖြစ်တာ ဝမ်းသာမိတယ်"

ထိုအခါ ယွန်းသခင်က ဖေမင်းသူ ဘာတွေပြောနေလဲဆိုတာ နားမလည်သလို ကြောင်ကာကြည့်နေမိသည်။

ဒါကို ဖေမင်းသူက သိလိုက်သည်။

"ယွန်း ... နားမလည်ဘူးထင်တယ်၊ နောက်မှ ကျွန်တော် ရှင်းပြမယ်၊ ဒါနဲ့ ... ယွန်းက အခု ဘယ်သွားမှာလဲ"

ထိုအခါ ယွန်းသခင်က –

"ကျွန်မ မြို့ထဲခဏသွားမလို့ပါ၊ မြို့ထဲက ဈေးတစ်ခုမှာ အစည်းတစ်ခု အပ်ထားလို့ သွားရွေးမလို့ ကားမှတ်တိုင်ရှိတဲ့နေရာကို ကားကူးမလို့ပါ"

"လာ ... ဒါဆို ကျွန်တော်လိုက်ပို့မယ်"

"ဟင်"

"ဘာဖြစ်လို့လဲ ... ကျွန်တော့်မှာ ကားပါလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အအော ဖိုဘက်မှာ၊ တကယ်တော့ ကျွန်တော်က ဒီနားကို ဘာကြောင့် လာခဲ့ရသလဲဆိုတော့ ချယ်ရီသင်းဆီ လာတာပါ။ ပါဠိစာဖတ်နိုင်းဖို့ပါ။ အခုတော့ နောက်မှပဲ ဖတ်နိုင်းတော့မယ်၊ ယွန်းကို စိတ်မချလို့ ကျွန်တော် မြို့ထဲထိလိုက်ပို့ပါရစေနော်”

ဖေမင်းသူ၏မျက်နှာငယ်လေးဖြင့် တောင်းပန်နေသောကြောင့် လည်းကောင်း၊ အသက်ကိုကယ်တင်လိုက်လို့ အားနာသောကြောင့်လည်းကောင်း ခေါင်းညိတ်မိသည်။

ထိုအချိန်တွင် ကားမောင်းလာသော လူကြီးက –

“ဦးကို ခွင့်ပြုပါဦးနော်၊ သမီးတို့က အသိတွေဆိုတော့ ပို့ပြီးအဆင်ပြေသွားတာပေါ့”

“ဟုတ်ကဲ့ပါ ...ဦး၊ ရပါတယ် ...ရပါတယ်”

ဟု နှစ်ယောက်သား ပြောလိုက်မိလေသည်။

ဖေမင်းသူနဲ့ ယွန်းသခင်တို့ ကားလေးရှိရာ တစ်ဖက်ကားလမ်းသို့ နှစ်ဦးစလုံး ကားလမ်းကူးရန် ကားများကို စောင့်နေကြသည်။ ထိုအခါ ဖေမင်းသူက ယွန်းသခင်၏လက်ကို လှမ်းကိုင်ကာ ကားလမ်းဘက်သို့ ကူးခဲ့ကြသည်။

ထိုကဲ့သို့ ဖေမင်းသူ၏ ပြုမူသည်ကို မငြင်းပယ်ပဲ ငြိမ်ကာ လက်ကိုတွဲလျက် တစ်ဖက်ကားလမ်းသို့ လိုက်ခဲ့လေသည်။





ကားနားသို့ရောက်ခါနီးမှ ဖေမင်းသူက သူမ၏လက်ကို လွှတ်ပေးလိုက်လေသည်။ ပြီးနောက် ကားတံခါးကို ဖွင့်ပေးလိုက်သည်။

ယွန်းသခင်လည်း ကားထဲသို့ဝင်ထိုင်လိုက်ကာ မြို့ထဲသို့ ဆက်လက်ထွက်ခွာခဲ့လေတော့သည်။

ကားထဲတွင် နှစ်ဦးသား စကားမပြောကြဘဲ အတွေးများစီကာဖြင့် ကားလေးဦးတည်ရာသို့ လိုက်လာခဲ့လေသည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

## ရင်ခုန်မိတာ အချစ်လား

ဖေမင်းသူတို့ ယုဇနပလာဇာရှေ့သို့ ရောက်လာသည်။ ကားကို ပလာဇာ၏ပါကင်ပေါ်သို့ တက်ကာ ရပ်လိုက်သည်။

ဖေမင်းသူက အရင်ဆင်းပြီး ယွန်းသခင်ကို ကားတံခါး ဖွင့်ပေးလိုက်သည်။ ပြီးနောက် –

"ယွန်း . . . ကြောက်နေတုန်းပဲလား။ အအေးတစ်ခုခု သောက်ရအောင်"

ဟု ဖေမင်းသူက ညင်သာစွာပြောလိုက်သည်။ ထိုအခါ ယွန်းသခင်လည်း ခေါင်းလေးညိတ်ကာ ကားထဲမှ ဆင်းလိုက်သည်။





ပလာဇာ၏စားသောက်ခန်းဘက်သို့ နှစ်ဦးသား လျှောက်လာပြီး အအေးများ မှာသောက်လေသည်။

ပြီးနောက် ဖေမင်းသူက –

ပလာဇာ၏စားသောက်ခန်းဘက်သို့ နှစ်ဦးသား လျှောက်လာပြီး အအေးများ မှာသောက်လေသည်။

ပြီးနောက် ဖေမင်းသူက –

"ယွန်း"

"ရှင်"

"ကြောက်နေတုန်းပဲလား"

"နည်းနည်းတော့ ပြေသွားပြီ"

ထိုအခါ အအေးသံဘူးလေးကို ဖောက်ကာ ဖန်ခွက်ထဲသို့ ဖေမင်းသူက ထည့်ပေးလိုက်သည်။

"ရော့ . . . သောက်လိုက်ပါ၊ ဒါနဲ့ . . . ယွန်း ပစ္စည်းရွေးပြီး ပြန်မှာပဲမဟုတ်လား၊ ဘယ်ကိုဝင်ဦးမှာလဲဟင်"

"ဟင့်အင်း . . . ပြန်တော့မယ်၊ ယွန်း ဘယ်ကိုမှ သွားချင်စိတ်မရှိတော့ဘူး"

"ဒါဆိုရင် ကျွန်တော် စောင့်နေမယ်လေ၊ ကျွန်တော်လည်း ယွန်းတို့ဆီ လာတာပဲ၊ အခုလို တိုက်တိုက်ဆိုင်ဆိုင်



www.burmeseclassic.com

မထင်ထားတဲ့ကိစ္စလေး ဖြစ်လိမ့်မယ်လို့ မထင်ထားဘူး။ ပြီးတော့ ကျွန်တော့်ရဲ့အိပ်မက်ကိုလည်း ကျွန်တော် သတိထားနေမိတာ အမှန်ပဲ၊ အိပ်မက်ထဲကအတိုင်း အားလုံးကွက်တိပဲ''

''ကိုဇေက အိပ်မက်ကို ဘယ်လိုမက်လို့လဲဟင်''

ထိုအခါ ဇေမင်းသူက သူ ညက မြင်မက်မိသော အိပ်မက်ကို အစမှအဆုံး ယွန်းကို ပြောပြလိုက်လေသည်။

''ကိုဇေ့အိပ်မက်က ထူးဆန်းတယ်နော်၊ ကိုဇေ့ကို သတိပေးနေသလိုပဲ၊ ကယ်နိုင်းချင်တာလား မသိဘူးနော်''

''ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်၊ ဒါကြောင့်လည်း အိပ်မက်မက်ပြီးတိုင်း ကျွန်တော် သတိထား ထားနေရတယ် ...၊

ခုဆိုရင် ယွန်းကို ကယ်လိုက်နိုင်တယ်လေ၊ တကယ်ဆိုရင် အိပ်မက်ထဲကအတိုင်းဆိုရင် ဒါမှမဟုတ် ကျွန်တော်သာ သတိမထားမိရင် ယွန်း အခုလောက်ဆို သေးရုံရောက်နေပြီ ...၊

ဒါကြောင့် ကျွန်တော် ဝမ်းသာမိတယ်လို့ ယွန်းကို ပြောခဲ့တာ မဟုတ်လား၊ အခုဆိုရင် ယွန်းလည်း ဘာမှမဖြစ်တော့ဘူး၊ ကျွန်တော်လည်း ကယ်တင်လိုက်ရလို့ ယွန်းကို ပိုပြီးရင်းနီးမှုရခဲ့တာပေါ့''





ဟု ဇေမင်းသူပြောလိုက်သောစကားကို ယွန်းသခင်က မျက်စောင်းလေးထိုးကာ ကြည့်လိုက်သည်။

ပြီးနောက် ... အပြုံးလေးတစ်ချက်ပွင့်ကာ မျက်လွှာလေး ချကာ ခေါင်းကို ငုံ့နေလိုက်မိလေတော့သည်။

ထိုအခါ ဇေမင်းသူက ယွန်းသခင်၏လက်လေးကို အမှတ်မဲ့ကိုင်ပြီး ...

''ကျွန်တော်လေ ယွန်းကို အရမ်းခင်သွားခဲ့မိပြီ၊ ကျွန်တော့်ကို အထင်တော့မသေးလိုက်ပါနဲ့နော်၊ ကျွန်တော် တကယ်ခင်လို့ ခင်တယ်လို့ပြောတာပါ''

ထိုအခါ ယွန်းသခင်က စိတ်လှုပ်ရှားလွန်းလို့ ဇေမင်းသူကိုင်ထားသော လက်ကို ရုန်းဖို့မေ့သွားသည်။ နောက်မှ သတိဝင်ကာ သူမက လက်ကို ဖြည်းညင်းစွာ နောက်ပြန်ဆုတ်လိုက်သည်။

''ကျွန်မ ပစ္စည်းသွားရွေးလိုက်ဦးမယ်''

''ဟုတ်ကဲ့ ... ယွန်း၊ ကျွန်တော် ဒီဆိုင်ထဲမှာပဲ စောင့်နေမယ်နော်''

ထိုအခါ ... သူမက ဇေမင်းသူကိုကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ ပြီးနောက် ... ဆိုင်ထဲမှ ဖြည်းညင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာခဲ့လေတော့သည်။

✿

ဖေမင်းသူ ယွန်းသခင်တို့၏အဆောင်ရှေ့သို့ ရောက်သော် ကားကို သစ်ပင်ရိပ်အောက်တွင် ရပ်လိုက်သည်။

ကားပေါ်မှ နှစ်ဦးသား ယှဉ်တွဲကာ အဆောင်ထဲသို့ ဝင်ခဲ့ကြလေသည်။ ထိုအခါ အဆောင်၏အပေါ်ထပ်မှ ချယ်ရီသင်းနဲ့ ခွာညိုသင်းတို့က မြင်လိုက်သည်။ ထိုအခါ ခွာညိုသင်းက

"ဟိုနှစ်ယောက် အရမ်းလိုက်တာပဲနော်"

"ဟုတ်တယ်"

ချယ်ရီသင်းက ထောက်ခံလိုက်သည်။ ထို့နောက် ခွာညိုသင်းက ဆက်ပြီး ...

"ကိုဖေက ဒီကို ဘာလာလုပ်လဲမသိဘူး၊ လာ ... သွားမေးကြရအောင်"

ဟု နှစ်ဦးသား အဆောင်ပေါ်မှ ဆင်းလာခဲ့သည်။ အဆောင်၏ရှေ့ရှိ မြက်ခင်းပေါ်တွင် ညောင်ခုံလေးနားသို့ ယွန်း





သခင်နဲ့ ဖေမင်းသူတို့က ရောက်နှင့်ပြီး ထိုင်လိုက်သည်။ ထိုအခါ အနားသို့ ချယ်ရီသင်းတို့ ရောက်လာခဲ့သည်။

"ကိုဖေမင်းသူလည်း ပါလာတာကိုး"

"ဟုတ်တယ် မချယ်ရီ၊ ကျွန်တော်ပြောထားတဲ့ ပါဠိစာတို့စွကြောင့်ပါ"

"သြော် ... ဟုတ်သားပဲ၊ ကိုဖေပြောထားတာ မေ့နေတယ်။ အခုပါလား"

"ပါ,ပါတယ်"

ဟုပြောပြီး ဖေမင်းသူက သူ၏ပိုက်ဆံအိတ်လေးကို ဖွင့်ကာ စက္ကူလေးနှင့် သေချာစွာထုတ်ထားသော အင်းပြားလေးကို ပေးလိုက်သည်။

အင်းပြားလေးကို ချယ်ရီသင်းက ဖြေကြည့်ပြီး အင်းပြားပေါ်တွင် ပေါ်နေသော ပါဠိစာလုံးများကို သေချာစွာကြည့်မိသည်။

ပြီးနောက် ... ဖေမင်းသူကို –

"ကျွန်မ ဖတ်ထားလိုက်ပါ့မယ်၊ အဓိပ္ပာယ်ကိုတော့ မှတ်သားပြီး ဖေမင်းသူကို ပြန်ပြီးအကြောင်းကြားပေးပါ့မယ်"

"ကျွန်တော် ဘယ်တော့လောက် လာခဲ့ရမလဲခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်နေ့လာခဲ့ပေါ့ . . . ရပါတယ်"

ထိုအခါ ဖေမင်းသူက ယွန်းအာက်သို့လှည့်ကာ -

"အင်းပြားကိစ္စပြီးသွားရင်လည်း လာလည်လို့ရမလား ဟင်"

ဖေမင်းသူက ယွန်းသခင်ကိုကြည့်ပြီး ပြောနေသည်ကို ချယ်ရီသင်းတို့က ဘာမှမပြောဘဲ ယွန်းသခင်ကိုသာ ကြည့်နေကြသည်။

ထိုအခါကျမှ . . . ယွန်းသခင်က ဖေမင်းသူကို ကြည့်လိုက်သည်။ သူ့ကိုကြည့်ပြီး ပြောနေသည်ကို မြင်လိုက်၍ ချယ်ရီသင်းတို့ကိုပါ အကူအညီတောင်းသည့်သဘော ကြည့်လိုက်မိသည်။

ဒါကို နားလည်လိုက်သော ချယ်ရီသင်းက . . .

"ရပါတယ် ကိုဖေရယ်၊ ကျွန်မတို့က ကိုဖေ့အတွက်ဆို အမြဲတမ်း ကြိုဆိုနေမှာပါ"

ထိုအခါ ယွန်းသခင်က သူမဖြစ်ပျက်ခဲ့တာကို ပြန်တွေးရင်း ရှက်နေ၍ ဘာပြောရမှန်းမသိဘဲဖြစ်နေသည်။ ဒါကို ဖေမင်းသူက သဘောပေါက်ကာ သူဆက်နေလျှင် ယွန်း ဒီထက်ပိုပြီး ရှက်နေမှာစိုးလို့ -





"ယွန်း . . . ကျွန်တော်ပြန်ပါဦးမယ်၊ နောက်နေ့မှ လာခဲ့မယ်နော်"

ယွန်းသခင်က ခေါင်းညိတ်လိုက်သည်။

ဖေမင်းသူလည်း ချယ်ရီသင်းတို့ကိုပါ နှုတ်ဆက်ကာ အဆောင်ထဲမှ ပြန်ထွက်ခဲ့လေတော့သည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

## ဝမ်းသာစရာ သတင်း

"ကိုဇေ ... ကိုဇေ"

"ဇေမင်းသူရေ ... ဇေမင်းသူ"

"ကားဟွန်းတီးကွ"

ထွန်းအောင်ကျော်က ဗန်ဒိန်းကို ပြောလိုက်သည်။ ထိုအခါ ဗန်ဒိန်းက ကားမောင်းနေရာမှ –

"တီ တီ တီ"

ထိုအချိန်တွင် ဇေမင်းသူက အိပ်ရာမှနိုးလာသည်။ ညက ၁၂ နာရီကျော်မှ အိပ်ရ၍ အိပ်ရေးမဝဖြစ်နေသည်။ လမ်းမဘက်မှ ခေါ်သံတော့ နားထဲမှာ ကြားနေသည်။ ဒါပေမဲ့ ...





အိပ်မက်ထဲကလိုလို တကယ်လိုလို ဖြစ်နေ၍ မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသည်။

ယခုတော့ ကားဟွန်းသံကြောင့် တကယ်အိပ်ရာမှ ထဖြစ်သွားသည်။ ပြီးနောက် မှန်ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည်။

"ဟာ ... ဟိုကောင်တွေပဲ၊ စောစောစီးစီး"

ထိုအခါ ဇေမင်းသူ စားပွဲတင်နာရီကို လှမ်းကြည့်မိသည်။ ၈ နာရီတောင် ထိုးနေပြီပဲ။

ခြံတံခါးကို မိညိုက ဖွင့်ပေးလိုက်သည်။ ထိုအခါ ဗန်ဒိန်းတို့အုပ်စု ကားလေး ဆင်ဝင်အောက်သို့ရောက်လာသည်။ ထိုအခါ အပေါက်ဝတွင် ဦးဇော်မင်းက –

"သားတို့ပါလား"

"ဟုတ်ကဲ့ဦး၊ ကိုဇေ အိပ်ရာမှမနိုးသေးဘူးလား"

"နိုးပါပြီကွယ်၊ ဦးတို့လည်း နံနက်စာစားဖို့စောင့်နေတာ၊ သားတို့ရဲ့ကားဟွန်းသံကြောင့် ထွက်လာခဲ့တာ"

ထိုအချိန်တွင် ဇေမင်းသူက အိမ်အောက်ထပ်သို့ ရောက်လာခဲ့သည်။ ပြီးနောက် ဗန်ဒိန်းတို့ကိုမြင်၍ –

"မင်းတို့ စောစောစီးစီးကွ၊ ဘာကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဝမ်းသာစရာသတင်း လာပြောတာ"

"ဘာများလဲကွ"

"မင်းလျှောက်ထားတဲ့အလုပ်ရပြီ"

"ဟင် ... ဟုတ်လား"

"ဘယ်ကုမ္ပဏီက ခေါ်တာလဲ"

"အေးရှားက ခေါ်တာကွ၊ လမ်းတံတားဘက်ကို"

"မင်းကော ပါလား"

"ပါတယ်၊ မင်းနဲ့ငါ နှစ်ယောက်စလုံးပဲ"

"ဒါနဲ့ ... ဘယ်မြို့နယ်ဘက် ကျသလဲ"

"အဲဒါ ... ငါလည်း သိချင်လို့ ရန်ကုန်တက်လာတာ၊ ပြီးတော့ မင်းကိုလည်း ခေါ်ပြီး ကုမ္ပဏီကို သွားကြမယ်လေ"

"အေး ... သွားမယ်၊ လာ ... အခုလောလောဆယ် တော့ နံနက်စာကော်ဖီသောက်ရအောင်"

ဟုပြောကာ ဗန်ဒိန်းနဲ့ထွန်းအောင်ကျော်ကို ကော်ဖီဆိုင်းသို့ ခေါ်ခဲ့လေသည်။

ကော်ဖီဆိုင်းတွင် ဦးဇော်မင်းက –

"သားတို့ အလုပ်ရကြပြီလား"

"ဟုတ်ကဲ့ ဦး၊ အခု အဲဒီကိစ္စ ကိုဇေ့ကိုလာခေါ်တာပါ၊





ကျွန်တော်တို့ ကုမ္ပဏီကို သွားကြမလို့"

ဟု ဗန်ဒိန်းက ပြောလိုက်သည်။ ဦးဇော်မင်းက ဆက်ပြီး ...

"ဘယ်နေရာလဲဆိုတာ သိကြပြီလား"

"မသိသေးပါဘူး ဦး၊ အခုပဲ ကုမ္ပဏီကို သွားမေးမလို့ပါ"

"ဪ ... အေး အေး"

ဟု ဦးဇော်မင်းက ခေါင်းတညိတ်ညိတ်ဖြင့် ကော်ဖီကို ဆက်သောက်နေသည်။ ထို့နောက် ဦးဇော်မင်းက ပထမဦးစွာ ကော်ဖီဆိုင်းမှ ထသွားလေသည်။ ဦးဇော်မင်းနောက်မှ ခေါ်သူသူ လည်း ထလိုက်သွားလေသည်။

ကော်ဖီဆိုင်းတွင် ဇေမင်းသူနဲ့သူငယ်ချင်းတို့ အုပ်စုသာ ကျန်ခဲ့လေသည်။

✿

အေးရှားကုမ္ပဏီသို့ သူတို့သုံးဦး ရောက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကုမ္ပဏီက အင်းလျားကန်နားဘက်တွင် ရှိသောကြောင့် သူတို့ ကမ္ဘာ့အေးဘုရားလမ်းမှ အင်းလျားကန်ဟိုတယ်လမ်းအတိုင်း မောင်းခဲ့ကြသည်။

ကုမ္ပဏီသို့ သူတို့ရောက်သောအခါ မန်နေဂျာနှင့် ဝင်တွေ့ကြသည်။ ထိုအခါ ဗန်ဒိန်းက သူ၏လက်ထဲမှ ခေါ်စာကို ပြလေသည်။

ထိုအခါ မန်နေဂျာက . . .

"ထိုင်ပါ"

ဟု ပြောလေသည်။

မန်နေဂျာက သူ၏လက်ထဲမှခေါ်စာကို ယူကြည့်၍ သူတို့ သွားရမည့်နေရာကို လိုက်ရှာလေသည်။ ပြီးနောက် သူတို့ဘက် သို့ကြည့်ကာ –

"ညီလေးတို့က ဘယ်နေရာဖြစ်ဖြစ် သွားနိုင်တယ် မဟုတ်လား"

ထွန်းအောင်ကျော်က –

"ဟုတ်ကဲ့ . . . ဆရာ၊ သွားပါ့မယ်"

ထိုအခါ မန်နေဂျာက သူတို့သွားရမည့်နေရာကို ပြောလေသည်။





"ညီလေးတို့ မကွေးဘက်ကို ကျတယ်၊ အားလုံး ၅ ယောက်၊ အင်ဂျင်နီယာ ၅ ယောက်နဲ့ အလုပ်သမား ၃၀ ပါမယ်၊ လာမယ့်တနင်္ဂနွေမှာ သွားရမယ်။ ကုမ္ပဏီကနေ ပို့ပေးမှာ ပါ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း အဲဒါလာမေးတာပါ၊ အခုလိုသိရတော့ ကျွန်တော်တို့လည်း ဝမ်းသာပါတယ်၊ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး"

ဟု ဇေမင်းသူ နှုတ်ဆက်ကာ ပြန်ထွက်ခဲ့လေ၏။ သူတို့ သုံးဦးစလုံး အလုပ်စဝင်တော့မည်ဖြစ်လို့ အားလုံးပျော်နေကြ သည်။ ပြီးတော့ . . . သုံးဦးစလုံးကလည်း တစ်နေရာတည်းမှာ အတူတကွ တာဝန်ယူရမှာဖြစ်လို့ ဝမ်းသာနေကြသည်။

ကားဆီသို့ပြန်ရောက်သော် ဗန်ဒိန်းက . . .

"အခု . . . ငါတို့ ဘယ်သွားကြမှာလဲ"

ထိုအခါ ဇေမင်းသူက . . .

"ငါသွားချင်တဲ့နေရာတစ်ခု ရှိတယ်။ အဲဒီကို အရင်သွား ပြီးမှ တို့ တစ်ခုခုသွားစားကြမယ်"

"မင်းက ဘယ်ကိုသွားချင်တာလဲ၊ တို့လည်း မသိရ သေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုရောက်တော့ သိရမှာပါ"

ဟုပြောကာ ဇေမင်းသူက သူမောင်းမယ်ဟုပြောကာ ဒရိုင်ဘာနေရာ သူဝင်ထိုင်လိုက်လေသည်။

ကားလေးက အင်းလျားကမ်ဘက်မှ ပြည်လမ်းဘက်သို့ ထွက်လိုက်သည်။ ပြီးနောက် . . . အဆောင်တစ်ခုရှေ့သို့ ရောက်လာခဲ့လေသည်။

ထိုအခါ ဗန်ဒိန်းက –

"ကိုဇေ . . . ဒါ မိန်းကလေးအဆောင်မဟုတ်လား"

"ဟုတ်တယ်လေ၊ ငါလာတာလဲ ယွန်းသခင်ဆီလာတာပဲ"

"ဟင်"

ဟု ဗန်ဒိန်းက အံ့ဩကာ –

"မင်းက ဒီလိုတောင်ဖြစ်နေပြီလား"

ဗန်ဒိန်းက အဓိပ္ပာယ်ပါသောစကားကို ပြောလိုက်သည်။ ဇေမင်းသူလည်း အဓိပ္ပာယ်ကိုသဘောပေါက်ကာ ပြန်ပြောလေသည်။

"မင်းပြောတဲ့အဓိပ္ပာယ်မျိုး ရောက်ခါနီးပါပြီ"

ဟုပြောကာ ဇေမင်းသူက ကားပေါ်မှဆင်းလိုက်သည်။





အဆောင်ထဲသို့ လှမ်းကြည့်ကာ အမျိုးသမီးတစ်ဦး သူတို့နားသို့ လာနေသည်။ ထိုအခါ ဇေမင်းသူက –

"ညီမ ညီမ . . . ယွန်းသခင်တို့ရှိလားဟင်"

"ရှိပါတယ်၊ ကျွန်မ ခေါ်ပေးပါ့မယ်"

ဟုပြောကာ အဆောင်ထဲသို့ ပြန်ဝင်သွားလေသည်။ ခဏကြာသောအခါ ယွန်းသခင်တို့သူငယ်ချင်းအုပ်စုအားလုံး လေးဦးထွက်လာကြသည်။

"ကိုဇေမင်းသူတို့ပါလား . . . သူငယ်ချင်းတွေလည်း ပါသကိုး"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ အလုပ်ကိစ္စတစ်ခုဆီလာရင်း ယွန်းတို့ဆီကို ဝင်လည်တာပါ"

ထိုအခါ ယွန်းသခင်က ပန်းခြံထဲ၌ ညှော်ခုံလေးရှိရာသို့ ခေါ်ခဲ့လေသည်။ သူတို့အားလုံး နေရာယူပြီးနောက် ဇေမင်းသူက . . .

"ကျွန်တော်တို့လာတာ ယွန်းတို့အတွက် အနှောင့်အယှက်များ ဖြစ်သွားသလားဟင်"

"မဖြစ်ပါဘူး ကိုဇေ ရပါတယ်"

ဟု ယွန်းသခင်က ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ချယ်ရီသင်းက …

"ကိုဇေမင်းသူကို ကျွန်မပေးစရာတစ်ခု ရှိသေးတယ်"

ဟုပြောပြီး အဆောင်ထဲသို့ ဝင်သွားလေသည်။

"ကိုဇေမင်းသူတို့က အလုပ်ကိစ္စဆိုတော့ ဘာအလုပ်များ လုပ်လို့လဲရှင်"

ခွာညိုသင်းက မေးလေသည်။ ထိုအခါ ဗန်ဒိန်းက –

"ကျွန်တော်တို့ အေးရှားကုမ္ပဏီမှာ အလုပ်ရပြီလေ။ နောက်လလောက်မှာ အလုပ်ဝင်ရတော့မယ်"

"ဟင် … ဟုတ်လား"

ဟု ယွန်းသခင်က အံ့သြကာဖြင့် –

"ဒါဆို … ကိုဇေတို့က နယ်မှာ အလုပ်သွားလုပ်ရတော့မှာပေါ့နော်"

"ဟုတ်တယ် ယွန်း၊ အဲဒါကြောင့် ကျွန်တော်လည်း ဝမ်းသာရမလား၊ ဝမ်းနည်းရမလားဆိုတာ ဝေခွဲမရဖြစ်နေမိတယ်"

"ဟင် … ဘာဖြစ်လို့လဲ။ ကိုဇေက ဝမ်းသာရမှာပေါ့ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ … ကျွန်တော့်





စိတ်ထဲမှာ ဝမ်းနည်းတာလည်း ရှိနေလို့ပါ"

"ဘာဖြစ်လို့"

ထိုအခါ ဇေမင်းသူက ယွန်းသခင်၏မျက်ဝန်းလေးကို ကြည့်လိုက်ပြီး ဆွေးရိပ်သန်းသောမျက်နှာလေးဖြင့် ဖြည်းညင်းစွာ ပြောလိုက်သည်။

"ကျွန်တော် ယွန်းသခင်နဲ့ ခွဲခွာရမှာစိုးလို့ပါ"

ဟု တိုးညင်းသာစွာ ပြောလိုက်သည်။

သူငယ်ချင်းများက သူတို့နှစ်ဦးစကားပြောနေတာ အလိုက်တသိဖြင့် ခွာညိုသင်းနဲ့မေသူဇော်တို့ကို အနားမှ ပထုတ်သည့်အလိုဖြင့် ထိုင်ခုံလေးကို ခပ်လှမ်းလှမ်း သစ်ပင်အောက်သို့ ဆွဲသွားကာ ထိုင်လိုက်ကြသည်။ ထိုသို့ သူငယ်ချင်းများက သူတို့နှင့် ဝေးသွားတော့မှ ဇေမင်းသူက ယွန်းကို ပြောလိုက်မိလေသည်။

ထိုအခါ ယွန်းသခင်က ဇေမင်းသူကို မျက်လွှာလေးပင့်ကာ ကြည့်လိုက်မိသည်။ ဇေမင်းသူကလည်း ယွန်းသခင်ကို ဆွေးရိပ်ဝေသောမျက်နှာလေးဖြင့် –

"ယွန်း"

တိုးညင်းသာစွာ ခေါ်လိုက်သည်။

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု တိုးတိုးလေး ထူးလိုက်သည်။ ထိုကဲ့သို့ ထူးသော အသံကို ဖေမင်းသူက မကြားနိုင်တော့ဘဲ ယွန်းကို သူ မျက် အောက်မှပျောက်သွားမှာ စိုးရိမ်သလို ကြည့်နေမိသည်။

နှစ်ဦးသား စကားမပြောဘဲ ခေတ္တငြိမ်သက်သွား သည်။ ရင်ထဲမှာတော့ စကားများစွာ ပြောနေကြလေသည်။

ထိုအချိန်တွင် ချယ်ရီသင်း အဆောင်ထဲမှ ပြန်ထွက်လာ သည်။ ပြီးနောက် ဖေမင်းသူတို့နားသို့ရောက်လေသော် –

"ကိုဖေမင်းသူ ... ကျွန်မတော့ ရသလောက် ထားပေးတယ်၊ အဓိပ္ပာယ်လည်း ပြန်ထားတယ်"

BURMESE CLASSIC

ဟုပြောကာ အင်းပြားလေးနဲ့ စာရွက်ခေါက်လေးတစ် လက်ထဲသို့ ထည့်ပေးလိုက်သည်။ ပြီးနောက် ချယ်ရီသင်းက –

"ဒီအင်းပြားလေးက နှစ်ပေါင်း ဘယ်လောက်ကြာပြီ မသိဘူးနော်၊ ဝိညာဉ်ကို မှန်တစ်ခုထဲမှာထည့်ပြီး ကျိန်စာတို ထားတဲ့စာပဲ"

ထိုကဲ့သို့ ချယ်ရီသင်း ဝေဖန်ပြောဆိုလိုက်တာ သူ ထားသည့်အတိုင်း ဖြစ်နေတယ်ဆိုတာ သိလိုက်ရသည်။

အနားတွင်ရှိနေသော ယွန်းက –

"ဘယ်က အင်းပြားလဲဟင်"





ယွန်းက သိချင်၍ မေးလိုက်သည်။

ဖေမင်းသူက ထိုအကြောင်းကိုပြောပြလျှင် သူ မှန်ကို ဝယ်ခဲ့သော ပဲခူးက စရမည်ဖြစ်သည်။ ထို့ကြောင့် ယွန်းကို–

"ကျွန်တော် တစ်နေ့ကျရင် ယွန်းကို အစမှအဆုံး ပြော ပြပါ့မယ်၊ အခုတော့ ဒီလောက်ပဲသိထားပါနော်။ ဒါပေမဲ့ ... ယွန်းကို တစ်ခုတော့ ပြောပြလိုက်မယ်။ ယွန်းရဲ့အသက်ကို ကယ်ခဲ့တဲ့ ကျွန်တော့်ကို ဒီအင်ပြားနဲ့ပတ်သက်တဲ့ မှန်ထဲက ဝိညာဉ်ပဲ ကူညီပေးတယ်လို့ မှတ်ထားလိုက်ပါ"

ယွန်းမှာ ဖေမင်းသူ ဘာပြောလိုက်တယ်ဆိုတာကို နား လည်သော မျက်လုံးဖြင့် ကြည့်နေမိသည်။ စိတ်ထဲမှလည်း ဘာတွေပြောလိုက်မှန်းတောင် မသိလိုက်ပါ။ ဖေမင်းသူပြောသလို နောက်မှပဲ သေချာစွာမေးတော့မည်ဟု။

ဖေမင်နသူလည်း စာရွက်ခေါက်လေးကို အကြမ်း ဘောလောက်သာဖတ်ပြီး အိတ်ထဲသို့ထည့်လိုက်သည်။ ထို အချိန်တွင် သူတို့နားသို့ သူငယ်ချင်းအုပ်စုများ ချဉ်းကပ်လာကာ ဦးဒိန်းက –

"ကိုဖေ ... တို့တွေ တစ်ခုခုသွားစားရအောင်ကွာ၊ ဒီက ဦးတွေပါ လိုက်ခဲ့ကြပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဗန်ဒိန်း၏ပြောစကားကို ထွန်းအောင်ကျော်က ဆက်ပြီး

"ဟုတ်တယ်၊ အားလုံးကို ခေါ်တာနော်။ ငြင်းမယ်လို့တော့ မကြံနဲ့"

ထွန်းအောင်ကျော်၏ တစ်ချက်လွှတ်အမိန့်ကို ယွန်းတို့သူငယ်ချင်းအုပ်စုက ပြုံးကာဖြင့် ခေါင်းညိတ်ကြလေသည်။

သူတို့အားလုံး အဆောင်ထဲမှ နီးစပ်သောစားသောက်ဆိုင်တစ်ခုထဲသို့ ထွက်လာခဲ့ကြလေတော့သည်။

✲ ✲ ✲

BURMESE CLASSIC .com

## အခန်း (၁၄)

## ဝိညာဉ်ကုဆရာကြီး

ဖေမင်းသူ၊ ထွန်းအောင်ကျော်၊ ဗန်ဒိန်းတို့သုံးဦး အလုပ်ခွင်သို့ စဝင်သောနေ့ဖြစ်သည်။ သူတို့သုံးဦးစလုံး မကွေးလမ်းပိုင်းတွင် တစ်ဖြတ်စီကို ဦးစီးကာ လုပ်ဆောင်ရလေသည်။

အလုပ်ခွင်သို့ဝင်ပြီး တစ်ပတ်အကြာတွင် ဖေမင်းသူ၏မှန်ချပ်လေးကို သတိရသွားသည်။ သူ့အနေနဲ့ မှန်ကိုမကြည့်ခဲ့တာ ယခုဆိုလျှင် တစ်ပါတ်ကျော်ခဲ့ပြီ။ သူ့ကိုလည်း အိပ်မက်များ မပေးခဲ့သည်မှာလည်း ကြာခဲ့ပြီ။

တစ်ညတွင် အိပ်ရာထက်၌ သူ မှန်ထဲမှအမျိုးသမီးလေးကို သတိရမိသည်။ ပြီးနောက် ယွန်းတို့ကိုလည်း သတိရမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူအနေနဲ့ အလုပ်ခွင်သို့သာ ဝင်ခဲ့ရသည်။ ယွန်း... တော့ သူ သတိရမိသည်။ ဒီတစ်ခါ လကုန်ရင်တော့ ခွင့်ယူ... ရန်ကုန်ပြန်မည်ဟု ဆုံးဖြတ်ထားသည်။ သူ၏သူငယ်ချင်းများ... လည်း ပြောရဦးမည် မဟုတ်ပါလား။

ထိုညတွင် သူ အိပ်ပျော်သွားစဉ်။

✲

သူ ရန်ကုန်သို့ပြန်ရန် အဝေးပြေးကားဂိတ်သို့ ရော... လာခဲ့သည်။ ကားဂိတ်တွင် လက်မှတ်ဝယ်ပြီးနောက် ကားပေါ်... တက်လိုက်သည်။ ကားထဲသို့ ရောက်လေသော် –

"အနံ့က ဆိုးလိုက်တာ၊ ဘာအနံ့ပါလိမ့်"

သူရသောအနံ့ကို ကားထဲမှာ သူထက် ကြိုရောက်... သောသူများကောရခဲ့လား မသိဘူး။ ဒါပေမဲ့ . . . သူတို့ကိုကြည့်... ရတာ ဘာအနံ့မှမရသလို အေးဆေးစွာနေကြသည်။

သူရလိုက်သောအနံ့မှာ ဓာတ်ဆီအနံ့ဖြစ်သည်... နောက်မှသိလိုက်ရသည်။ ဒါနဲ့ သူလည်း မခံနိုင်လွန်း...





...ကားအောက်သို့ ပြန်ဆင်းလိုက်သည်။ ပြီးနောက် နာရီကိုကြည့်လိုက်တော့ ကားထွက်ဖို့က နာရီဝက်လောက်လိုသေးတာ သိလိုက်၍ ကားနဲ့အနီးဆုံး အဆောင်လေးတစ်ခုထဲ၌ ထိုင်လိုက်သည်။

ထိုအခါ သူတက်ခဲ့သောကား၏နောက်စက်ခန်းထဲမှ မီးခိုးများ အူထွက်လာတာ တွေ့လိုက်ရ၍ –

"ဟာ . . . မီးခိုးတွေ ထွက်နေတယ်"

လူတစ်ယောက်က နောက်မှ လှမ်းအော်လိုက်သည်။ ပြီးနောက် ထိုလူက ကားမောင်းနေသော ဒရိုင်ဘာနေရာသို့ သွားခဲ့ပြီး –

"ဆရာကြီး . . . ဆရာကြီး . . . ကားနောက်ဆုံး စက်ခန်းထဲမှာ မီးခိုးတွေ ထွက်နေတယ်"

ဟု လာရောက်ပြောသောအချိန်တွင် –

"ဝုန်း"

ဟူသောအသံနှင့်အတူ ကားစက်ခန်း မီးထလောင်လေသည်။

"ဟင်"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသံနှင့်အတူ ဖေမင်းသူ လန့်ကာအော်လိုက်မိလေသည်။

"ဟင် . . . အိပ်မက်မက်နေပါလား၊ ငါလည်း မနက်ဖြန်ရန်ကုန်သွားဖို့ လုပ်နေတာပဲ၊ ဒီကားများ ဖြစ်နိုင်မလားပဲ"

ဟု စိတ်ထဲမှ သံသယဖြစ်ကာ အိပ်ရာပေါ်သို့ ပြန်လှဲလိုက်မိလေသည်။ ပြီးနောက် . . .

"ဒီကား မဖြစ်ပါစေနဲ့"

ဟုလည်း ဆုတောင်းလိုက်မိပါသည်။ ဒီလိုအိပ်မက်မျိုးနိမိတ်လက္ခဏာမျိုး မမက်ခဲ့တာ ကြာခဲ့ပြီ။ ဒီနေ့မှ ဘာဖြစ်လို့လာမက်ပါလိမ့်ဟု စဉ်းစားလိုက်မိသည်။

"ဟုတ်ပြီ . . . ညက အိပ်ရာမဝင်ခင် မှန်လေးကိုသတိရလိုက်လို့လား"

ဟု စိတ်ထဲမှထင်မိသည်။ အိပ်ရာထဲတွင် ဆက်ပြီးမအိပ်ချင်တော့ဘဲ တောင်တွေး မြောက်တွေးကာ မိုးလင်းခဲ့လေသည်။

မိုးလင်း၍ ၉-နာရီလောက်တွင် သူ့ဆီသို့ သူငယ်ချင်းထွန်းအောင်ကျော်ရောက်လာသည်။ ရန်ကုန်သွားဖို့အတွက်ထွန်းအောင်ကျော်ကိုသာ အဖော်ညှိလို့ရသည်။ ဗန်ဒိန်း





အလုပ်လက်စထားခဲ့လို့မရ၍ မလိုက်ဖြစ်တော့ပါ။

ထွန်းအောင်ကျော်တစ်ယောက် ဖေမင်းသူဆီသို့ ရောက်လာသည်။ သူ၏ခရီးဆောင်အိတ်ကို အခန်းထောင့်တွင်ထားလိုက်သည်။

"ကိုဖေ . . . တို့တွေ လက်ဆောင်ပစ္စည်းတွေ သွားဝယ်အောင်ကွ"

"အေး . . . ငါလည်း စိတ်ကူးရပါတယ်၊ ဝယ်ရမှာပေါ့"

ထိုအခါ ထွန်းအောင်ကျော်က ပစ္စည်းများကို နေရာချထားပြီးနောက် ဖေမင်းသူ၏အခန်းထဲသို့ ဟိုကြည့် ဒီကြည့်လျှောက်ကြည့်နေမိသည်။

ထွန်းအောင်ကျော်နဲ့ဖေမင်းသူက တစ်ဦးနဲ့တစ်ဦး ပွင့်ပွင့်လင်းလင်း ဆက်ဆံခဲ့သော သူငယ်ချင်းများဖြစ်ကြသည်။

ယခုလည်း ဖေမင်းသူ၏အခန်းထဲ၌ ဘာများ ဖတ်စရာ၊ ကြည့်စရာများရှိနိုင်မလဲလို့ လိုက်ရှာနေလေသည်။ ထိုအခါ ဖေမင်းသူက -

"အောင်ကျော် . . . ငါ ရေချိုးလိုက်ဦးမယ်ကွ။ ခဏနော်"

"အေးပါ . . . လုပ်ပါ၊ ငါလည်း ဖတ်စရာတစ်ခုရပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်လိုက်ဦးမယ်''

ဟုပြောကာ ဖေမင်းသူ၏စားပွဲနားသို့ ရောက်လာခဲ့သည်။ ထိုအခါ စားပွဲပေါ်တွင် တင်ထားသောစာအုပ်များကို ရှာဖွေကာ လှန်လှောကြည့်မိသည်။ ပြီးနောက် စားပွဲထောင့်တွင် စာရွက်ခေါက်လေးတစ်ခု တွေ့ရလေသည်။ ထိုစာရွက်ခေါက်လေးအပေါ်တွင် အင်းပြားလေးဟုထင်ရသော သတ္တုပြားလေးတစ်ခုက ဖိလျက် ရှိနေသည်။

ထိုအခါ ထွန်းအောင်ကျော်က စာရွက်ခေါက်လေးကိုယူကာ ဖတ်ကြည့်လိုက်လေသည်။ စာများက စင်းလုံးချော မဟုတ်ပါ။ စာကြောင်းများ၏အဓိပ္ပာယ်များက လိုရင်းတိုရှင်း ပြတ်တောက်ကာ အဓိပ္ပာယ်ဖော်ထားတာ တွေ့ရသည်။

အဓိပ္ပာယ်ကတော့ ကျိန်စာတိုက်ထားသော စာသားဆိုတာ သိသာသည်။ စာ၏အဓိပ္ပာယ်က ဖော်ညွှန်းနေသည်။

''ဒီကောင် ... ဒီစာကို ဘာလုပ်ဖို့ ယူထားပါလိမ့်''

ဟု ထွန်းအောင်ကျော်က စိတ်ထဲမှတွေးနေမိသည်။ ထိုအခါ ဖေမင်းသူ ရေချိုးခန်းမှထွက်လာသည်။ ထွန်းအောင်ကျော်က -

''ကိုဖေ ... ဒီစာက ဘာလဲကွ၊ ဘာအဓိပ္ပာယ်လဲ





ဘယ်လိုကြောင့် မင်းဆီ ရောက်နေတာလဲ''

ထိုအခါ ဖေမင်းသူက ...

''ဒီစာက ပါဠိကို အဓိပ္ပာယ်ဖော်ထားတာကွ၊ ဟိုမှာ အင်းပြား တွေ့တယ်မဟုတ်လား''

''အေး''

''အဲဒီအင်းပြားပေါ်မှာရေးထားတဲ့ စာကို အဓိပ္ပာယ်ဖော်ခိုင်းထားတာပဲ''

''မင်းက ဒီစာကို ဘာလုပ်မလို့လဲ''

''ဘာလုပ်ပေးနိုင်မလဲဆိုတာ သိချင်လို့ အဓိပ္ပာယ်ဖော်ခိုင်းတာပဲ''

''ဘာအတွက် အဓိပ္ပာယ်ဖော်ပေးတာလဲ''

''ပြောရမယ်ဆိုရင်တော့ ငါ့ရဲ့အိမ်မှာ ရောက်နေတဲ့ ရှေးဟောင်းမှန်လေးတစ်ချပ်အကြောင်းပဲ''

''မင်းက ဒီမှန်ကို ဘယ်ကရခဲ့လို့လဲ''

''ပဲခူးဘုရားသွားဖူးတုန်းက ကုလားလေးတစ်ယောက်ဆီက ရခဲ့တာ''

''မင်းဟာကလည်း ရှုပ်နေတာပဲ''

''အေးပါကွ ... နောက်မှပဲ မင်းကိုရှင်းပြတော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ငါ အဝတ်အစားလဲပြီး တစ်ခုခုသွားစားရအောင်”

ဟုပြောကာ ဖေမင်းသူ အဝတ်အစားအလဲလိုက်သည်။ ပြီးနောက် သူငယ်ချင်းနှစ်ယောက် စားသောက်ဆိုင်သို့ ထွက်ခဲ့ကြလေတော့သည်။

✲

ထွန်းအောင်ကျော်စိတ်ထဲမှာ မကျေမနပ်ဖြစ်နေသည်။ သူသိချင်သောအကြောင်းကို ဖေမင်းသူက တစ်ဝက်တစ်ပျက်ဖြင့် ထားသွားသည် မဟုတ်ပါလား။

ထို့ကြောင့် စားသောက်ဆိုင်ထဲသို့ရောက်လာပြီး မကြာခင်မှာပဲ –

“ကိုဖေ”

“ဘာလဲကွ”

“မင်းရဲ့မှန်လေးအကြောင်း သိချင်တယ်ကွ။ ပြီးတော့ ဟိုဖော်ထားတဲ့ စာနဲ့ ဘယ်လိုပတ်သက်တာလဲကွ။ ငါတော့ ဘာမှနားမလည်ဖြစ်နေမိတယ်”





ဖေမင်းသူက ထွန်းအောင်ကျော်ကိုကြည့်ကာ –

“ဒီလိုကွ”

ဟု ဖေမင်းသူ ကုလားလေးဆီက မှန်ရဲ့ဘောင်ကို သဘောကျပြီး ဝယ်ခဲ့ပုံ၊ မှန်လေး အိမ်ရောက်ပြီး အိပ်မက်ရပုံ၊ အိပ်မက်ကြောင့် အပြင်၌ ဖြစ်ပျက်ခဲ့ပုံနှင့် ယွန်းသခင်ကိုလည်း အိပ်မက်ကြောင့် ကယ်ခဲ့ပုံများကိုပါ ပြောပြလေသည်။

ပြီးနောက် ...ကုလားလေးဆီမှတစ်ဆင့် မှန်လေး စတင်ရခဲ့သော နေရာကို သွားခဲ့ကြောင်း၊ မှန်လေးပိုင်ရှင်ဖြစ်တဲ့ အဒေါ်ကြီးဆီမှ အင်းပြားလေးရခဲ့ပုံအဆုံးကို ပြောလိုက်လေသည်။

ပြီးနောက် ...အင်းပြားတွင် ရေးထားသော ပါဠိကို အဓိပ္ပာယ်ဖော်ပေးခဲ့သော ချယ်ရီသင်းတို့ရဲ့အကြောင်းကိုပါ အစမှအဆုံး ပြောပြလိုက်လေတော့သည်။

“အခု စာရဲ့အဓိပ္ပာယ်ကို သိလိုက်ရပြီလေ၊ မှန်ထဲမှာ ပိတ်လှောင်ထားသော ဝိညာဉ်ကို ဘယ်လိုကျွတ်လွတ်အောင် ကယ်တင်ရမလဲဆိုတာ ငါ ဆောင်ရွက်ပေးချင်လို့ အခုလို စာကို အဓိပ္ပာယ်ဖော်ခိုင်းတာပါ၊ စာကိုတော့ သေသေချာချာ မဖတ်ရ သေးပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



ထွန်းအောင်ကျော် ဖေမင်းသူ ပြောပြခဲ့သည့် ဇာတ်လမ်းလေးကို စိတ်ဝင်တစားနားထောင်နေမိသည်။ ယခုလိုခေတ်မှာ ဒီလိုကျိန်စာမိထားတဲ့ ဝိညာဉ်ဆိုတာ ရှိသေးရဲ့လားလို့ သံသယတော့ ဖြစ်မိသည်။

ဖေမင်းသူကိုလည်း သူ မယုံသင်္ကာဖြစ်မိသည်။ စိတ်များ မှန်သေးရဲ့လားလို့ ထင်မိသည်။ ဒါပေမဲ့ သူရခဲ့သောအင်းပြားနဲ့ အဓိပ္ပာယ်ဖော်ထားသော စာက လက်တွေ့မြင်နေရ၍ မယုံ၍လည်း မရပါ။

သူ့ဆီမှာရှိတဲ့မှန်ကိုတော့ ရန်ကုန်အိမ်ရောက်မှပဲ လှေလာကြည့်တော့မည်ဟု စိတ်ထဲမှာ တေးထားမိသည်။

"ဘာစဉ်းစားနေတာလဲ အောင်ကျော်"

ဖေမင်းသူက ထွန်းအောင်ကျော်တစ်ယောက် ငိုင်ကာစဉ်းစားနေတာ ရိပ်မိသွား၍ မေးလိုက်ခြင်းဖြစ်သည်။

"ဘာမှ မစဉ်းစားပါဘူး။ မင်းပြောတဲ့အကြောင်းအရာကို စိတ်ဝင်စားမိလို့ပါ"

"ဒီထက် စိတ်ဝင်စားဖို့ကောင်းတယ်ဆိုတာ မင်းကို ရန်ကုန်ရောက်မှ ငါပြမယ်"

"အေး ... ငါလည်း သိချင်နေတယ်"





ဟုပြောရင်း သူတို့စားသောက်နေသော ဆိုင်ထဲသို့ လူတစ်ယောက် ဝင်လာသည်။ ထိုလူသည် အသက်အားဖြင့် ၅၀ ကျော်ရှိမည်ဟု ခန့်မှန်းရသည်။

ကော်လာကတုံးလက်ရှည်နှင့် ရှားစေးရောင်ပုဆိုး ဝတ်ထားသည်။ ဘေး၌ ဖျင်စလွယ်အိတ်ကြီးတစ်လုံး လွယ်ထားသည်။ ကြည့်ရသည်မှာ ဆေးဆရာလိုလိုတစ်ဦးဖြစ်မည်ဟု ဖေမင်းသူက ထင်မိသည်။

သူတို့ထိုင်နေသောစားပွဲနှင့်ကပ်လျက်စားပွဲနားတွင် ဝင်ထိုင်လေသည်။ ကျန်စားပွဲများတွင် လူတွေက ပြည့်နေသည်။ သူတို့နားတွင်ရှိသော စားပွဲမှလူက ထိုလူဝင်လာသောအချိန်တွင် ထသွား၍ ထိုလူက ဝင်ထိုင်ခြင်းဖြစ်လေသည်။

ထိုအခါ စားပွဲထိုးလေးက -

"အဘ ... ဘာစားမလဲ"

"အဘကို သက်သတ်လွတ်ထမင်း စားချင်တယ်၊ စီစဉ်ပေးပါ"

"ဟုတ်ကဲ့ ... ရပါတယ် အဘ။ ကျွန်တော်ယူခဲ့ပါ့မယ်"

ဟုပြောကာ စားပွဲထိုးလေး ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ထိုလူကြီးနားသို့ လူတစ်ယောက် ရောက်လာပြီး –

"အဘ . . . ကျွန်တော့်ကို မှတ်မိလား"

ထိုအခါ ထိုလူကြီးက ဖဝေဖဝါဖြင့် ကြည့်လိုက်သည်။ သိပ်မမှတ်မိသောပုံစံဖြစ်နေ၍ အနားသို့လာသောသူက ဆက်ပြီး . . .

"ကျွန်တော် မောင်ညိုပါ။ လွန်ခဲ့တဲ့အပတ်က အဘပဲ ကျွန်တော်တို့ဆီမှာ မြှုပ်ထားတဲ့အင်းကို ဖော်ပေးလို့ ကျွန်တော်တို့ ချမ်းသာရာ ရသွားကြတယ်လေ။ ပြီးတော့ ကျွန်တော့်ရဲ့ သားမှာ စွဲကပ်နေတဲ့ဝိညာဉ်လည်း ကျွတ်သွားတာ အဘရဲ့ ကျေးဇူးကြောင့်ပဲ"

ထိုအခါကျမှ ထိုလူကြီးက –

"သြော် . . . မင်းတပ်ရွာက မောင်ညိုဆိုတာလား"

"ဟုတ်ပါတယ် အဘ၊ ဆိုင်ထဲမှာ အဘထိုင်နေတာ တွေ့လို့ ကျွန်တော်ဝင်လာတာပါ၊ အဘ ဘာစားပြီးပြီလဲ . . . မှာလေ"

"မှာထားတယ်၊ ရောက်မလာသေးပါဘူး"

ဟုပြောနေတာ ဖေမင်းသူနဲ့ ထွန်းအောင်ကျော်တို့က





ကြားလိုက်ရသောစကားကြောင့် စိတ်ဝင်စားသွားသည်။ ဘာကြောင့်လဲဆိုတော့ သူ့မှာလည်း အင်းပြားလေးရှိနေတော့ ဒီအင်းပြားကို ဘယ်လိုများ လုပ်ဆောင်ရမလဲဆိုတာ စဉ်းစားနေခဲ့သည် မဟုတ်ပါလား။

ဒီအကြောင်းကို ယခု အဘနဲ့အတူလာစကားပြောနေသောသူကို လိုက်မေးကြည့်မယ်ဟု စိတ်ထဲမှာ တွေးမိသည်။

ဖေမင်းသူက ထိုလူကြီးနဲ့ စကားပြောနေသောသူကို လေ့လာနေလိုက်သည်။

ထိုအခါ စားပွဲထိုးလေးက စားစရာများ လာချပေးလေသည်။ ထိုလူကြီးက စားသောက်စရာများကို စားသောက်ပြီးသော် လာစကားပြောသောသူက ရှင်းပေးလိုက်လေသည်။

ပြီးနောက် ထိုလူကြီးက နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်သွားလေသည်။ ထိုစားပွဲတွင် ခုနက စကားလာပြောသော လူတစ်ဦးသာ ကျန်ခဲ့ပေတော့သည်။

ထိုအခါ ရလာတဲ့အခွင့်အရေးကို လက်လွှတ်မခံဘဲ ဖေမင်းသူက ထိုလူနားသို့ထလာပြီး –

"နောင်ကြီး . . . ကျွန်တော် တစ်ခုလောက် မေးချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေးပါ"

"ကျွန်တော့်နာမည်က ဖေမင်းသူပါ၊ ရန်ကုန်ကပါ။ ဒီမကွေးမြို့နားက လမ်းတံတားအင်ဂျင်နီယာတစ်ဦးပါ"

"ကျွန်တော့နာမည်က မောင်ညိုပါ"

"ဒီလိုပါ ဦးညို၊ ခုနက ဦးညိုပြောနေတဲ့ လူကြီးနဲ့ ဦးညိုတို့ပြောနေတာ အင်းပြားဝိညာဉ်လို့ဆိုတာ ဘာကိုပြောတာလဲဟင်၊ ပြီးတော့ ခုနက ဟိုလူကြီးက ဆေးဆရာလားဟင်"

"ဆေးဆရာလို့လည်း ပြောရင်ရတယ်၊ ပြီးတော့ အစွဲ အလမ်း၊ ဝိညာဉ်မှု၊ သရဲပူးတွေကို ကုသပေးတဲ့ဆရာပါ။ ကျွန်တော်တို့နယ်ကဆိုရင် ဒီဆရာကိုအစွဲပဲ"

"ဆရာက အဲဒီလောက်စွမ်းသလားဟင်"

"ဟာ . . . စွမ်းတာမှ အရမ်းစွမ်းပဲ။ တော်ရုံတန်ရုံ သရဲဝိညာဉ်တွေဆိုရင် သူ့ကိုကြောက်ကြတယ်။ ဆရာမှာက အစွမ်းထက်တဲ့ဂါထာတို့၊ ဆေးတို့ရှိတယ်လို့ ကျွန်တော်တော့ ထင်တယ်"

"ကျွန်တော့်ကို တစ်ခုလောက် ကူညီပါလား၊ အခုတော့ မဟုတ်ပါဘူး။ အခုက ကျွန်တော်တို့ ရန်ကုန် ခေတ္တသွားမှာဆိုတော့ ပြန်လာတဲ့အခါ အကူအညီတောင်းချင်လို့ပါ"





"ရပါတယ်၊ ဘာကူညီပေးရမလဲပြောပါ"

"ဦးညိုရဲ့လိပ်စာသာ ကျွန်တော့်ကိုပေးခဲ့ပါ။ နောက်မှ ကျွန်တော် လာပြီး ပြောပြကူညီတောင်းပါမယ်။ ကျွန်တော့်မှာ သည်း ဝိညာဉ်ပူးနေတဲ့ပစ္စည်းတစ်ခု ရှိနေလို့ အဲဒါ ဒီဆရာဆီမှာ ကုပေးချင်လို့ပါ"

"ဟုတ်ကဲ့ . . . ရပါတယ်၊ ကျွန်တော် ကူညီပေးပါ့မယ်"

ဟုပြောပြီး ဦးညိုဆီမှာ လိပ်စာယူထားလိုက်လေတော့သည်။

သူငယ်ချင်းနှစ်ယောက် ဆိုင်ထဲမှ ထွက်ခွာလာခဲ့ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

## အန္တရာယ်မှ လက်တစ်လုံးခြား လွတ်ခဲ့သူ

ထွန်းအောင်ကျော်၊ ဇေမင်းသူ ကားဂိတ်သို့ရောက်လာခဲ့သည်။ ရန်ကုန်ထွက်မည့်ကားက အချိန်လိုသေးသည်။ ထိုအခါ ထွန်းအောင်ကျော်က ခရီးသည်နားနေဆောင်သို့ ထွက်လာခဲ့သည်။ ဇေမင်းသူက ကားထဲသို့ မိမိတို့ပစ္စည်းများတင်ရန် ထွက်လာခဲ့သည်။

ကားထဲသို့ရောက်သော် စိတ်ထဲ၌ မသင်္ကာသလို ဖြစ်မိသည်။ ဇေမင်းသူ ကားထဲသို့ ကြည့်လိုက်သောအခါ တစ်ခု သွားသတိရမိသည်။

"အင်း ...ဟုတ်နေပြီ၊ ဒီကားကို ငါ မှတ်မိပြီ"



အိပ်မက်ထဲတွင် မြင်မိသော ကား၏အပြင်အဆင်၊ အရောင်အသွေးအားလုံး တူညီနေသည်။ ဒါဆိုရင်တော့ တစ်ခုခု ဖြစ်တော့မည်ဆိုတာ သိလိုက်သည်။ ထိုအခါ အနံ့တစ်ခုခုရလိုက်သည်။ ကားထဲမှ ဆီယိုစိမ့်၍ ထွက်လာသော ကားဆီအနံ့ ဖြစ်သည်။

"အင်း ...သူ ဘာလုပ်ရင်ကောင်းမလဲ"

ကားသမားကို ရှာမိသည်။ ကားသမားများက ကားနား မှာ မရှိပါ။

ဇေမင်းသူလည်း ကား၏ပတ်ဝန်းကျင်ကို လိုက်ကြည့်မိသည်။ သို့သော် ကားသမားတူသူဟု အရိပ်အယောင်တောင် မတွေ့ပါ။

"ဒါဆိုရင် ကားဂိတ်ကို သွားပြောရင်ကောင်းမလား"

ဟု တွေးမိသည်။

ဇေမင်းသူလည်း သူစီးမည့်ကား အန္တရာယ်တော့ မဖြစ်စေချင်ပါ။ ကြိုတင်သတိပေးတာက ကောင်းလိမ့်မည်ဟု တွေးမိ၍ လက်မှတ်ရောင်းကောင်းတာသို့ ထွက်လာခဲ့မိသည်။

ထိုအခါ လက်မှတ်ရောင်းဂိတ်တွင် လက်မှတ်ရောင်းသော အစ်ကိုကြီးတစ်ယောက် ထိုင်နေတာ၊ တွေ့ရသည်။

www.burmeseclassic.com



ဖေမင်းသူလည်း ထိုလူကြီးကို –

"အစ်ကိုကြီး ... အစ်ကိုကြီး၊ ဟိုရှေ့မှာရပ်ထားတဲ့ ကားပြာကြီးက အစ်ကိုတို့ဂိတ်က ကားလားဟင်"

ထိုအခါ ထိုလူကြီးက –

"ဟုတ်ပါတယ် ညီလေး၊ ရန်ကုန်ထွက်မယ့်ကားလေ လက်မှတ်ဝယ်မလို့လား"

"မဟုတ်ပါဘူး အစ်ကို၊ ကျွန်တော် ကားထဲကို ရောက် ပြီးပြီ၊ ကျွန်တော်လည်း ရန်ကုန်လိုက်ဖို့ လက်မှတ်ဝယ်ပြီးသား ပါ။ အဲဒါ ကားထဲမှာ အနံ့တစ်ခုခု မကောင်းဘူး၊ ကားရဲ့ဆီက တစ်ခုခုဖြစ်လို့လားဆိုတာ စစ်ဆေးပေးစေချင်တယ်၊ ကားကို ပြန်ပြီးစစ်ဆေးပါလား"

ထိုကဲ့သို့ သူပြောလိုက်သောစကားကို လက်မှတ်ရောင်း နေသောလူကြီးက အံ့သြသလို သူ့ကိုကြည့်လိုက်သည်။ ပြီးနောက်

"ကားက စစ်ပြီးသားပါ၊ ရန်ကုန်ထွက်တော့မယ်ဆိုရင် ကျွန်တော်တို့က အားလုံးစစ်ဆေးပြီးမှ ဂိတ်ထိုးတာပါ"

"မဟုတ်သေးဘူး ဦးလေး၊ ပြန်ပြီးစစ်ဆေးစေချင်ပါ တယ်၊ လမ်းမှာတစ်ခုခုဖြစ်မှာစိုးလို့ပါ"

ထိုအခါ လက်မှတ်ရောင်းလည်း ခရီးသည်တစ်ဦးရဲ့





စိတ်ချမ်းသာမှုကို ရှေ့ရှုရမှာဖြစ်သည့်အဖြစ် –

"အေးလေ ... ညီလေးက ပြန်ပြီးစစ်ဆေးစေချင်ရင် လည်း ဦး ကားသမားကိုရှာပြီး ဌွတ်လိုက်ပါ့မယ်"

"ဟုတ်ကဲ့ပါ ဦး"

"ဒါနဲ့ ... ညီလေးရဲ့ ခုံနံပါတ်က ဘယ်လောက်လဲ"

"၃၊ ၄ ပါ"

"သြော် ... အေး အေး"

ဟုပြောကာ ဖေမင်းသူလည်း လှည့်ထွက်ခဲ့လေသည်။ လက်မှတ်ရောင်းတဲ့သူက ကားသမားဆီသို့ ဖုန်းဖြင့် ခေါ်လိုက် လေသည်။

ခဏကြာသောအခါ ကားသမားဒရိုင်ဘာရောက်လာပြီး

"အစ်ကိုကြီး ... ဘာဖြစ်လို့လဲဟင်"

"ခရီးသည်တစ်ဦးက မင်းရဲ့ကားကို မသင်္ကာလို့တဲ့ ပြန်ပြီးစစ်ဆေးပေးပါလို့ လာတောင်းဆိုလို့ပါ"

"ဟာ ... အစ်ကိုကြီးကလည်း မနက်ကပဲ အားလုံးစစ် ဆေးပြီး ထွက်လာခဲ့တာပဲ"

"အေးပါကွ ... ဟုတ်ပါတယ်၊ ဒါပေမဲ့ ခရီးသည်ရဲ့ စိတ်ချမ်းသာမှုကို လုပ်ပေးလိုက်ပါ၊ ပြန်ပြီး တစ်ခေါက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီး စစ်ဆေးလိုက်ပါဦး''

ဟု လက်မှတ်ရောင်းတဲ့သူက တောင်းဆိုသဖြင့် ကားမောင်းတဲ့သူက သူ၏ကားနားသို့ရောက်လာခဲ့သည်။ ပြီးနောက် ကားထဲသို့ဝင်ကာ ကြည့်လိုက်သည်။ ကားထဲတွင် ခရီးသည်။ ၄၊ ၅ ဦးလောက်သာ ရှိနေသေးသည်။ ပြီးနောက် ကားအောက်သို့ငုံ့ကာ ချောင်းလိုက်ပြန်သည်။ ကားရဲ့ဂျိုင်းနှင့်ဝင်ရိုး၊ ကားဘီး အလိုင်းမင်း အားလုံးစစ်ဆေးသည်။ ပြီးနောက် စက်ရှိရာ နောက်သို့ရောက်လာခဲ့သည်။ ကားစက်ရဲ့တံခါးပေါက်ကို ဖွင့်လိုက်သည်။

''ဟင်''

ကားသမား အံ့သြသွားလေသည်။ အဘယ့်ကြောင့်ဆိုသော် ဆီတိုင်ကီနဲ့ ဆက်ထားသော ပိုက်ခေါင်းက ဟ,တထဖြစ်နေသည်။ ဆီများ ယိုစိမ့်ကာထွက်နေသည့် ကားရဲ့စက်အောက်တွင် ဆီများက တစ်စက်ချင်း ကျနေသည်ကို တွေ့လိုက်ရသည်။ ကားသမားလည်း ...

''ကံကောင်းလို့ပါလား၊ ငါ့ရဲ့ပေါ့လျော့မှုကြောင့် ကားအန္တရာယ်ဖြစ်တော့မလို့၊ ငါသာ ခရီးသည်ရဲ့တောင်းဆိုမှုကို ပြန်မစစ်ဖြစ်ခဲ့ရင် ကားသာ စက်နှိုးလိုက်ရင် မီးထလောင်မှာ





ဘယ်လိုဖြစ်တာပါလိမ့်။ မနက်ကပဲ အားလုံး စစ်ဆေးထားပါတယ်၊ အခုဟာက မတော်တဆလည်း မဟုတ်ပါ။ ငါများ စစ်ဆေးတာ လိုသွားတာဖြစ်မှာပါ။ တော်သေးတယ်၊ ခရီးသည်ရဲ့သတိပေးမှုကြောင့် မိမိရဲ့ကား မီးမလောင်တာ ကျေးဇူးကြီးလှပေတယ်''

ဟုပြောကာ ကားသမားလည်း ဆီပို့တဲ့ပိုက်ကို သေချာစွာ စွပ်၍ တပ်ထားခဲ့လေသည်။ ပြီးနောက် လက်မှတ်ရောင်းတဲ့သူဆီသို့ ပြန်လာပြီး –

''အစ်ကိုကြီး''

''ဘာလဲ ... ဘယ်လိုလဲ တွေ့လား''

''တွေ့တယ် အစ်ကိုကြီး၊ ကံကောင်းလို့ ကျွန်တော်သာ ကားပေါ်တက်ပြီး စက်နှိုးလိုက်ရင် ကားတစ်စီးလုံး မီးထလောင်မှာ''

''ဟင် ... ဟုတ်လား''

''အစ်ကိုကြီးကို လာပြောတဲ့ခရီးသည်ကို အစ်ကိုကြီး သိလား''

''သိတော့ မသိပါဘူး၊ ဒါပေမဲ့ ... မင်းရဲ့ကားထဲမှ ခုံနံပါတ်ကတော့ ၃၊ ၄ ပါ''



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကားဒရိုင်ဘာလည်း ခရီးသည်ရဲ့စာရင်းကို ကြည့်လိုက်သည်။ နာမည်ပါ မှတ်သားလိုက်လေသည်။ ကား ထွက်ဖို့ ၁၅ မိနစ်သာ လိုတော့သည်။ ခရီးသည်များ ကားဆီသို့ တဖြည်းဖြည်းရောက်လာပြီး မိမိတို့၏ ခုံနံပါတ်များတွင် အသီး သီး ထိုင်နေကြလေသည်။

ဒရိုင်ဘာလည်း သူ၏မောင်းတဲ့နေရာတွင် ဝင်ထိုင်ကာ ကားစက်ကို နှိုးထားလေသည်။ ထိုအခါ ဖေမင်းသူတို့ သူငယ် ချင်းနှစ်ယောက် ကားဆီသို့ရောက်လာခဲ့သည်။

ပြီးနောက် ကားထဲသို့ဝင်ကာ အနံ့ကိုခံကြည့်သည်။ ကားထဲ၌ ဘာအနံ့မှမရှိတော့ပါ။ ကားစက်လည်း နှိုးထား၍ ကားကို စိတ်ချစွာ ဝင်ထိုင်လိုက်လေသည်။

သူလည်း ထိုင်ပြီးနောက် သူနားသို့ ကားဒရိုင်ဘာ ရောက်လာပြီး –

"ဒီက ညီလေးထင်တယ်။ ကားကိုပြန်ပြီးစစ်ဆေး တောင်းဆိုတာ"

ထိုအခါ ဖေမင်းသူက ဒရိုင်ဘာကို မော့ကြည့်ကာ –

"ဟုတ်ပါတယ် အစ်ကိုကြီး။ ဘယ်လိုလဲ အပြစ်ပြော လားဟင်"





"တွေ့တယ် ညီလေး။ ဒါကြောင့် ညီလေးကို ကျေးဇူး တင်တဲ့အကြောင်း လာပြောတာပါ။ အစ်ကိုကြီးရဲ့ အမှတ်တမဲ့ စစ်ဆေးခဲ့တာကြောင့်ပါ။ ညီလေးသာ သတိမပေးရင် ကားတော့ တစ်ခုခုဖြစ်မှာသေချာတယ်"

"ရပါတယ် အစ်ကိုကြီးရယ်၊ ကျွန်တော်က ကားမှာ အန္တရာယ်တစ်ခုခု အနံ့ရလို့ပါ၊ မသင်္ကာဖြစ်မိတာပါ၊ လိုရမယ်ရ ပေါ့ အစ်ကိုကြီးရယ်၊ ပြန်ပြီးစစ်ဆေးလိုက်တော့ စိတ်ချရတာ ပေါ့ . . . မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ညီလေး"

ကားဒရိုင်ဘာက ဖေမင်းသူကို အကြားအမြင်ရသူပမာ အံ့သြစွာကြည့်နေမိသည်။ သူ့ရဲ့ကားမောင်းတဲ့သက်တမ်း တစ်လျှောက် ယခုလို ခရီးသည်က ပြန်ပြီး ကားကို စစ်ဆေးခိုင်းတာ တစ်ခါမှ မကြုံဖူးပါ။ ထို့နောက် ကားသမားလည်း . . .

"ညီလေးကို ပြုစုရဦးမယ်၊ လက်ခံပါနော်"

"ရပါတယ် အစ်ကိုကြီးရယ်"

ဟုပြောပြီး ကားဒရိုင်ဘာလည်း ကားထွက်ဖို့ အချိန်ကျ နေ၍ –

"ညီလေး . . . ကားထွက်တော့မယ်၊ ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ကားလေးကို စထွက်ခဲ့လေတော့သည်။

ထိုအခါ ထွန်းအောင်ကျော်က အနားမှ ဘာမှမသိသည့် ကားသမားနဲ့ကိုဖေတို့ပြောနေတာ အံ့သြစွာ နားထောင်နေမိသည်။ ထို့နောက် ... စိတ်ထဲမှာ မေးချင်းတဲ့စိတ်က မျိုမသိမ်နိုင်၍–

"ကိုဖေ ... မင်းက ကားသမားကို ဘာသွားပြောတာလဲ"

ထိုအခါ ဖေမင်းသူက သူပြောလိုက်တာ ဟုတ်နေ၍ ဂုဏ်ယူသောအပြုံးဖြင့် ထွန်းအောင်ကျော်ကို ပြောပြလေတော့သည်။

"ဒီလိုကွ" ဟု ဖေမင်းသူက ညက မက်ခဲ့သောအိပ်မက်ကို အစမှအဆုံး ပြောပြခဲ့လေသည်။

"ဟင် ... မင်းဟာကလည်း နိမိတ်ကလည်း မှန်လိုက်တာ၊ နိမိတ်က မှန်တာလား၊ အိပ်မက်ကပဲ မှန်တာလားဆိုတာ ငါတော့ နားမလည်တော့ဘူး"

"ဟုတ်တယ်၊ ငါလည်း သတိထားမိတယ်၊ ညက အိပ်ခါနီးမှာ မှန်လေးကို သတိရမိတယ်၊ ဒါကြောင့်လားမသိဘူး ငါ့ကို နိမိတ်လက္ခဏာလာပြတယ်လို့ ထင်မိတယ်"





"အင်း ... မင်းရဲ့မှန်က အလွန်ထူးဆန်းတာပဲနော်၊ မင်းရဲ့အန္တရာယ်တွေကို ကြိုတင်နိမိတ်ပြသလို့နဲ့ မင်းကို ကာကွယ်ပေးသလိုပဲ"

"ဟုတ်တယ်၊ မင်းကို ဒီထက်ထူးဆန်းတာပြမယ်၊ မင်းဟိုရောက်ရင် မှန်ကို မင်းကိုယ်တိုင် လှေလာကြည့်ပေါ့၊ အဲဒီအခါကျရင် ဘယ်လိုထူးခြားသလဲဆိုတာ မင်းကိုယ်တိုင် တွေ့လိမ့်မယ်"

✿

ကားလေးသည် မကွေးမှ ရန်ကုန်ဘက်သို့ မှန်မှန်လေးမောင်းလာခဲ့လေသည်။ ကားလေးသည် မကွေးမှ ညနေပိုင်းထွက်လာခဲ့၍ အောင်လံသို့ ညဉ့်နက်မှရောက်လာသည်။ ၁၁ နာရီလောက်တွင် အောင်လံမြို့၏စားသောက်ဆိုင်တွင် ကျန်းမာရေးအတွက် နားပေးလေသည်။

ဖေမင်းသူလည်း ကားထဲမှာ ထိုင်ရတာညောင်းနေ၍ ကားအောက်သို့ဆင်းကာ အညောင်းဆန့်နေသည်။ ထိုအခါ

www.burmeseclassic.com



ထွန်းအောင်ကျော်က ...

"ကိုဇေ လက်ဖက်ရည်တစ်ခွက် သောက်ရအောင်ကွ"

"သောက်လေ"

ဟုပြောကာ (လေပြေ) လက်ဖက်ရည်ဆိုင်လေးနားသို့ ရောက်လာခဲ့လေသည်။ ပြီးနောက် လွတ်နေသောခုံလေးတွင် ဝင်ထိုင်ကာ လက်ဖက်ရည်နှစ်ခွက် မှာသောက်လေသည်။

နာရီဝက်ခန့်ကြာသောအခါ ကားစပယ်ရာက ခရီးသည်များအားလုံး ကားထဲသို့ရောက်လာဖို့အတွက် ကားကို ဟွန်းတီးကာ ခေါ်လေသည်။

ထိုအခါ ဇေမင်းသူက စားပွဲထိုးလေးကို လက်ဖက်ရည်ဖိုးရှင်းရန် ခေါ်လေသည်။

"ဘယ်လောက်ကျလဲ ညီလေး"

"ပေးပြီးပြီ အစ်ကိုလေး၊ ဟိုဒရိုင်ဘာက အစ်ကိုလေးတို့အတွက် ငွေရှင်းပေးလိုက်တယ်"

ဇေမင်းသူက သဘောပေါက်သွားသည်။ သူ့ကို ပြုစုပါရစေလို့ ပြောခဲ့သော ကားဒရိုင်ဘာရဲ့စကားကို သွားသတိရမိသည်။

ကားထဲသို့ ဇေမင်းသူတို့ တက်လာခဲ့သည်။ ဒရိုင်ဘာက သူ့ကို ပြုံးကာပြလေသည်။ ထိုအခါ ဇေမင်းသူက –

"ကျေးဇူးပဲ အစ်ကိုကြီး"

ထိုအခါ ကားသမားက ခေါင်းညိတ်ပြလေသည်။ ကားလေးသည် အောင်လံမှစထွက်လာခဲ့သည်။ ညဘက်ဖြစ်၍ ကားလေးက လေမှုတ်ဒဏ်ကို မခံရဘဲ အေးစိမ့်နေမိသည်။ ကားထဲတွင်လည်း အဲယားကွန်း လွှတ်ထား၍ ခရီးသည်များ ငိုက်လျက်ရှိနေခဲ့လေသည်။

မအိပ်ချင်၍ တွေးနေသူကတော့ ဇေမင်းသူပဲ ဖြစ်လေသည်။ ဇေမင်းသူ တွေးရင်း ယွန်းသခင်ကို သတိရမိသည်။ ကားလမ်းဖြတ်ကူးတုန်းက ယွန်းသခင်၏လက်ကိုကိုင်ကာ ကူးခဲ့သည်ကို လွမ်းနေမိသည်။

"သူ ယွန်းသခင်ပေါ် ချစ်နေမိပြီလား" ဟု တွေးမိသည်။ ရန်ကုန်ရောက်ရင်တော့ ယွန်းသခင်ဆီ အရင်သွားမည်၊ ပြီးမှ အလုပ်ဌာနကို အကြောင်းကြားရမည်ဟု တွေးမိလေသည်။ ထိုအချိန်တွင် ထွန်းအောင်ကျော်ကတော့ ငိုက်ရာမှ အိပ်ပျော်နေပြီ လားမသိပါ။

✿ ✿ ✿






www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

## အိပ်မက်ပိုးတဝါး

"ကိုဇေ"

"ပြောလေ ယွန်း"

"ယွန်းတို့ ပဲခူးဘုရားသွားဖူးရအောင်၊ ခရီးထွက်ချင်တဲ့စိတ် ဖြစ်လာလို့။ ယွန်းတို့ အနီးဆုံးပဲခူးသွားကြရအောင်လေ"

"ယွန်းသွားချင်ရင် သွားလေ။ ဘယ်နေ့သွားကြမှာလဲ။ လာမယ့်စနေနေ့ သွားရအောင်"

"ကောင်းပြီလေ"

ဟုပြောကာ ကိုဇေက လက်ခံလိုက်လေသည်။ ထိုအခါ ယွန်းက ပြုံးရွှင်သောမျက်နှာလေးဖြင့် ကိုဇေ့ကို အားကိုးသလို





မျက်လုံးဖြင့် ကြည့်နေမိသည်။

ကားလေး မင်္ဂလာဒုံလမ်းပေါ်တစ်လျှောက် စထွက်ခဲ့လေသည်။ ထောက်ကြန့်မထွက်ခင် ရွှေညောင်ပင်နတ်ကွန်းသို့ စံပယ်ပန်းများ တင်မြှောက်ခဲ့လေသည်။

ပြီးနောက် ထောက်ကြန့် လှည်းကူးဘက်သို့ ဦးတည်ကာ ထွက်လာခဲ့လေသည်။

လှည်းကူးကျော် ပဲခူးမဝင်ခင် ရွာနားတစ်ခုတွင် ကားလေးသည် ဖောက်လာသည်။ ထိုကဲ့သို့ ကားဖောက်လာခဲ့သည်ကို မောင်းသူက ကားကိုသာ ဂရုစိုက်နေစဉ် ပဲခူးဘက်မှ မောင်းလာသော ခရီးသည်တင်ကား ဒိုင်နာကားတစ်စီးက ဘယ်ယိမ်းညာယိမ်းဖြစ်ကာ လက်ရမ်းမမှန်ဘဲ မောင်းလာနေတာ ယွန်းသခင်က သတိထားမိ၍ . . .

"ကိုဇေ . . . ဟိုမှာကားတစ်စီးမောင်းလာတာ မှုမမှန်ဘူး။ ယွန်းတို့ကားကို လမ်းဘေးချရပ်လိုက်ရင် ကောင်းမယ်"

ဟု ပြောလိုက်ချိန်တွင် ရှေ့မှမောင်းလာသော ဒိုင်နာက သူတို့၏ကားနားသို့ ရောက်လာခဲ့ပြီး –

"ဝုန်း"

"ခွမ်း ချလွမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု အသံမျိုးစုံကြားလိုက်ရသောအခါ –

"ဟာ ... ဟ"

ဟု ကမန်းကတန်း အိပ်ရာမှ နိုးလာခဲ့သည်။

ဇေမင်းသူ အိပ်ရာမှနိုးလာသည့်ချိန်တွင် ထွန်းအောင်ကျော်က သူ့ကို ဘာဖြစ်တာလဲဟု စူးစမ်းသလိုကြည့်နေမိသည်။ ထို့နောက် –

"ကိုဇေ ... ဘာဖြစ်တာလဲ၊ အိပ်မက်ရနေတာလား"

"ဟုတ်တယ်၊ အိပ်မက်ပဲလို့လည်း ပြောလို့ရတယ်၊ တကယ်လားဆိုတာရလားလည်း ငါတော့ ပြောဖို့ခက်နေတယ်"

"ဘယ်လိုအိပ်မက်မျိုးမို့လဲ"

ထိုအခါ ဇေမျိုးသူက သူမြင်မက်သော အိပ်မက်ကို အတိုချုံးကာ ပြောပြလိုက်လေသည်။

ထိုအခါ ထွန်းအောင်ကျော်က ...

"မင်းဟာကလည်း အိပ်မက်ပဲကွာ ... အစွဲမထားပါနဲ့"

ဟု ထွန်းအောင်ကျော်က နှစ်သိမ့်စကားပြောပေမယ့် ဇေမင်းသူစိတ်ထဲမှာတော့ စွဲနေမိသည်။ ယခုလိုအိပ်မက်မျိုး ဘယ်သောအခါဖြစ်လာမလဲဆိုတာကိုပဲ တွေးနေမိသည်။



သူတို့စီးလာသောကားလေးသည် ပြည်ကိုကျော်လာပြီဖြစ်သည်။ ရန်ကုန်နယ်မြေသို့ရောက်တော့မည်ဖြစ်သည်။

✿

"ဟင် ... သားတို့ပါလား၊ အစောကြီးပဲ ကားနဲ့လာတာလား"

ဒေါ်သူသူက အိမ်ရှေ့သို့ထွက်လာပြီး ဇေမင်းသူနဲ့ ထွန်းအောင်ကျော်ကိုတွေ့၍ အံ့သြကာမေးလိုက်ခြင်းဖြစ်သည်။

"လာ ... အထဲဝင်"

ပြီးနောက် ဒေါ်သူသူက သားနားသို့လာခဲ့ပြီး –

"လာ ... နံနက်စာစားရအောင်"

ဟုခေါ်ကာ ထမင်းစားခန်းသို့ခေါ်လေသည်။ ဇေမင်းနဲ့ ထွန်းအောင်ကျော်တို့မှာ နံနက်စာ ကော်ဖီသောက်စဉ် ဦးဇော်မင်း ရောက်လာပြီး ...

"သားတို့က အလုပ်ကိစ္စနဲ့ လာတာလား"

"မဟုတ်ဘူး အဖေ ... သား ခွင့်ယူပြီး ရန်ကုန် ခဏ

www.burmeseclassic.com



လာတာပါ''

''ခွင်က ဘယ်နှစ်ရက်ရတာလဲ''

''တစ်ပတ်ပါ အဖေ''

''အေးကောင်းတယ် ... အလုပ်ထဲမှာပဲ မနစ်ဘဲ တစ်ခါ တလေ အနားယူသင့်တယ်''

''ဒါနဲ့အဖေ ... ပွဲရုံလုပ်ငန်းကော ကောင်းရဲ့လား''

''အဖေတို့လုပ်ငန်းက ဒီလိုပါပဲ၊ ပုံမှန်လေးတော့ ရှိပါ တယ်''

''ကဲ ... သားတို့လည်း တစ်ညလုံး ကားစီးလာရတယ် ဆိုတော့ အနားယူကြဦးပေါ့၊ အဖေတို့က ပွဲရုံသွားလိုက်ဦးမယ်''

''ဟုတ်ကဲ့အဖေ''

ဖေမင်းသူနဲ့ ထွန်းအောင်ကျော်တို့ အိပ်ခန်းထဲသို့ ဝင် လာခဲ့ကြသည်။ ထွန်းအောင်ကျော်ကိုပါ ဖေမင်းသူက သူ၏ အခန်းထဲသို့ ခေါ်လာခဲ့သည်။

ထိုအခါ ထွန်းအောင်ကျော်က –

''ကိုဖေ ... မင်း ငါ့ကိုပြမယ်ဆိုတဲ့ မှန်၊ ဘယ်မှာလဲ''

ထိုအခါ ဖေမင်းသူက သူ၏စားပွဲနားဘေးရှိ အပေါ်တွင် ချိတ်ထားသော မှန်ကိုပြလေသည်။ မှန်လေးကို ပဝါပါးလေးက





အုပ်၍ထားသည်။ ဖေမင်းသူက ထိုပဝါပါးလေးကို ဖယ်ပေးလိုက် သည်။

''မင်းလာကြည့်လို့ရပြီ၊ လေ့လာပေါ့ကွ''

ဟုပြောကာ ဖေမင်းသူက ရေချိုးခန်းဘက်သို့ ဝင်ခဲ့ လေသည်။ ထိုအချိန်တွင် ထွန်းအောင်ကျော်က မှန်နားသို့ မဝံ့မရဲ ကပ်လာပြီး စိတ်ထဲမှလည်း တစ်မျိုးခံစားရပြီး မှန်လေးကို မကြည့်ရဲသလို ဖြစ်မိသည်။

သို့သော်လည်း မှန်နားသို့ရောက်သော် ကြည့်မည်ဟု စိတ်ထဲမှ ထင်လိုက်သော်လည်း မှန်နားသို့ရောက်လာပြန်သော် ကြက်သီးများ ထမိသည်။

နောက်ဆုံး ဆုံးဖြတ်ချက်ချကာ မှန်၏ရှေ့တည့်တည့် တွင်ရပ်ကာ ရဲရဲဝံ့ဝံ့ မှန်ကိုကြည့်လိုက်လေတော့သည်။

ထိုအခါ ထွန်းအောင်ကျော် မှန်ထဲသို့ သူသေသေချာချာ ကြည့်မိသည်။ ပထမတော့ မှန်လေးတစ်ချပ်ပဲဟု စိတ်ထဲထင်ကာ သေသေချာချာ မကြည့်မိပါ။ တဖြည်းဖြည်း မှန်ထဲမှပုံရိပ်ကို သတိထားမိလာသောအခါ ...

''ဟာ ... ဘယ်လိုလဲဟ''

ဟု စိတ်ထဲမှ ပြောလိုက်မိသည်။ ဘာကြောင့်လဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ထွန်းအောင်ကျော်က အပြင်မှမှန်ထဲသို့ စူးစမ်းသလို အနားတိုး ကာ ကြည့်နေပေမယ့် မှန်ထဲမှပုံရိပ်က ခပ်တည်တည်ရုပ်ကာ မှုန်တေတေဖြင့် သူ့ကိုပြန်ကြည့်နေတာ တွေ့လိုက်ရသည်။

ဒါကို ထွန်းအောင်ကျော်က သူ့ စိတ်ထဲကထင်တာပဲဟု ယူဆကာ ဒုတိယအကြိမ် ပြုံးကာကြည့်မိသည်။ ဒါပေမဲ့ မှန်ထဲမှ ပုံရိပ်က ဘာမှမပြောင်းလဲဘဲ နဂိုအတိုင်း သူ့ကို မှုန်တေတေဖြင့် ကြည့်နေတာကလွဲပြီး ဘာမှမပြောင်းပါ။

ထွန်းအောင်ကျော်စိတ်ထဲမှ နည်းနည်းတော့ ထူးဆန်း သည်ဟုထင်ကာ မှန်ကိုလေ့လာမိသည်။

ထိုအချိန်တွင် ရေချိုးခန်းဝင်သောကိုဇေ ပြန်ထွက်လာ သည်။ ဇေမင်းသူ ပြန်ထွက်လာသောအခါတွင် ထွန်းအောင်ကျော် ကိုကြည့်ကာ မေးလိုက်သည်။

"ဘယ်လိုလဲ ဘာထူးခြားတာတွေ့လဲ"

ဇေမင်းသူမေးနေသည်ကို ထွန်းအောင်ကျော် တစ် ယောက် ဘာပြောရမှန်းမသိဘဲ မှန်ထဲ၌သာ စိတ်ဝင်စားနေ သည်။ ပြီးနောက် မှန်ကိုကြည့်ကာ ပုံစံအမျိုးမျိုး လုပ်ပြနေသည်။ ဒါပေမဲ့ ... မှန်ထဲမှပုံရိပ်က ဘာမှမပြောင်းလဲဘဲ နဂိုအတိုင်းသာ သူ့ကိုကြည့်နေသည်။





သူ၏စိတ်ထဲတွင်လည်း ကိုဇေပြောတာ သူယုံသွား သည်။ မှန်ထဲတွင် တကယ်ဝိညာဉ်ရှိတယ်ဆိုတာ ယုံသွားမိသည်။ သူ၏စိတ်ထဲမှလည်း တဖြည်းဖြည်း ကြောက်လာမိသည်။

ထိုအခါ ...

"ကိုဇေ"

"ဘာလဲကွ"

"မင်းပြောတာ ယုံသွားပြီ၊ ငါတစ်သက် ဒီလိုမှန်မျိုး တစ်ခါမှ မမြင်မိဘူး။ မင်းကို မှန်လေးက သတိပေး နိမိတ်ပြ တယ်ဆိုတာ ဟုတ်ချင်ဟုတ်မယ်ကွ၊ ဒါနဲ့ မင်းကို မှန်ထဲက ဝိညာဉ်က ဘာမှလာမပြောဘူးလားကွ"

"တစ်ခါကတော့ လာပြောဖူးတယ်၊ သူ့ကို ဝိညာဉ် အဖြစ်ဖမ်းပြီး ဒီမှန်ထဲမှာထည့်ပြီး ကျိန်စာတိုက်ခဲ့တယ်လို့ပြော တယ်၊ အဲဒါ သူ့ကို ဒီကျိန်စာကလွတ်အောင် ဆောင်ရွက်ပေးဖို့ လာပြီး တောင်းဆိုဖူးတယ် ...၊

အဲဒါကြောင့် ငါလည်း ဘယ်လိုဆောင်ရွက်ပေးရမလဲ ဆိုတာ မှန်လေး စတင်ရရှိတဲ့သူဆီကို သွားပြီး မေးကြည့်ဖူး တယ်၊ မင်းလည်း ပါတာပဲ မဟုတ်လား"

"အဲဒါ မင်းက ဘယ်လိုလုပ်ပေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ မကွေးပြန်ရောက်တဲ့အခါ လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့တဲ့ ဆရာကြီးဆီ စုံစမ်းပြီးသွားမေးမယ်လို့ လုပ်ထားတယ်"

"အေး . . . ကောင်းတယ်၊ ဗိညာဉ်ဘဝနဲ့ ချုပ်နှောင်ခံထားရတာ၊ ကျိန်စာမိထားတယ်ဆိုတာ မကောင်းပါဘူးကွ။ သူ့ခမျာ ဗိညာဉ်ဖြစ်တာတောင် ကျိန်စာဘဝက မလွတ်ပါလားလို့ ငါ စိတ်မကောင်းဖြစ်မိတယ်၊ ဒါနဲ့ တို့တွေ ဘယ်ကိုသွားကြမလဲ"

ထွန်းအောင်ကျော်က စကားဖြတ်ကာ ဖေမင်းသူကို မေးလိုက်သည်။

"ပထမ ယွန်းသခင်တို့အဆောင်ကို အရင်သွားမယ်ပြီး . . . နံနက်စာ အပြင်မှာစားမယ်၊ ပြီးမှ ရုံးကိုဝင်ရအောင်"

ဟုပြောကာ ဖေမင်းသူ အဝတ်အစားလဲလေတော့သည်။

ထွန်းအောင်ကျော်လည်း ဖေမင်းသူ ပြောလိုက်ပြီးတာနဲ့ သူ့ပါ ရေချိုးခန်းသို့ ဝင်ခဲ့လေတော့သည်။

✲





အဆောင်ရှေ့ –

"ယွန်းသခင်တို့ရှိလား ညီမ"

ဖေမင်းသူက အဆောင်ရှေ့သို့ထွက်လာသော အမျိုးသမီးတစ်ဦးကို မေးလိုက်သည်။ ထိုအခါ အမျိုးသမီးက –

"ရှိပါတယ် . . . ခေါ်ပေးပါ့မယ်၊ ဒါနဲ့ ဘယ်သူလို့ ပြောလိုက်ရမလဲ"

"ဖေမင်းသူလို့ ပြောပေးပါနော်"

"ဟုတ်ကဲ့"

ဟုပြောကာ ကောင်မလေး အဆောင်ထဲသို့ ဝင်သွားလေသည်။ ခဏကြာသောအခါ ယွန်းသခင်နဲ့ သူ၏သူငယ်ချင်းနှစ်ယောက် အပြင်သို့ ထွက်လာခဲ့သည်။

"ဟင် . . . ကိုဖေတို့ပါလား၊ ဘယ်တုန်းက ရောက်တာလဲဟင်"

"ဒီနေ့ နံနက်ကပဲရောက်တယ်"

"လာလေ . . . အပြင်မှာပဲ ထိုင်မှာလား"

"အပြင်မှာပဲ ကောင်းပါတယ်"

တကယ်တော့ အဆောင်၏ရှေ့ ခရေပင်အောက်တွင် ခုံဝိုင်းလေး လုပ်ပေးထားသည်။ ညှိသည်လာလျှင်ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



အဆောင်နေသူများ ထိုင်ရန်ဖြစ်သည်။

"ကိုဇော်တို့က ခွင့်နဲ့လာတာလား"

"ဟုတ်တယ် ယွန်း"

"ဘာကိစ္စရှိလို့လဲ"

ထိုအခါ ဇေမင်းသူက ယွန်းသခင်ကိုကြည့်ကာ –

"ယွန်းကို သတိရလို့ပါ"

"အပိုတွေ မယုံပေါင်"

ထိုသို့ပြောနေချိန်တွင် ယွန်း၏သူငယ်ချင်းများက ထွန်းအောင်ကျော်ကို သူတို့အနားမှ ခေါ်ထုတ်လာပြီး တစ်ဖက်တွင် ဝင်ထိုင်လိုက်ကြသည်။ ထိုအချိန်တွင် ဇေမင်းသူက …

"ရော့ ယွန်း … အစ်ကိုရဲ့လက်ဆောင်"

ဟု မကွေးထွက်မုန့်များ လက်ဆောင်ပေးလိုက်သည်။ ထိုအခါ ချယ်ရီသင်းက …

"ကျွန်မတို့အတွက်တော့ မပါဘူးလား"

"ပါပါတယ်ဗျ။ အထဲမှာ အားလုံးအတွက် တစ်ထုပ်စီ ဝယ်ခဲ့ပါတယ်"

ချယ်ရီသင်းက ကျေနပ်သောအပြုံးဖြင့် ခေါင်းညိတ်ပြ လေသည်။





ထိုအခါ ဇေမင်းသူက –

"ယွန်းသူငယ်ချင်းတစ်ယောက် မတွေ့ပါလား"

"သြော် … မေသူဇော်ကို ပြောတာလား"

"ဟုတ်တယ်"

"သူ ပဲခူး ခဏပြန်သွားတယ်"

"သြော် … သူက ပဲခူးကလား"

"ဟုတ်တယ် … ပဲခူးမြို့ပေါ်ကတော့ မဟုတ်ပါဘူး။ ပဲခူးကနေ အထဲဘက် ရွာမှာနေတယ်။ ဒါနဲ့ ကိုဇော်တို့လာတုန်း ပဲခူးဘုရားဖူးသွားကြရအောင်၊ ယွန်းတို့လည်း ပျင်းနေတယ်၊ ဘယ်မှမရောက်တာကြာပြီ၊ ပြီးတော့ မေသူဇော်ကိုပါ ဝင်ခေါ်ရအောင်လေ"

"အင်း … ကောင်းသားပဲ၊ ဘယ်နေ့သွားမှာလဲ"

"ကိုဇော်တို့ အားတဲ့ရက်ပေါ့"

"ကျွန်တော်တို့က အားပါတယ်၊ အနားယူဖို့လာတယ်ဆိုတော့ နေ့တိုင်းအားနေမှာ၊ နေ့တိုင်း ယွန်းဆီလာမယ်နော်၊ လက်ခံမလား"

ထိုအခါ ယွန်းသခင်က ဇေမင်းသူကို မျက်စောင်းတင်ချက်ထိုးကာ ကြင်နာအကြည့်လေးတစ်ချက် ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေမင်းသူက သဘောပေါက်ကာ သူငယ်ချင်းတွေ ဟိုဘက်မှာ ရှိနေတုန်း သူမ၏လက်ကို ကိုင်လိုက်သည်။

ယွန်းကလည်း ရုတ်တရက်ဆိုတော့ ဘာလုပ်ရမှန်းမသိပဲ ငြိမ်ကာနေလိုက်မိသည်။ ထိုအခါ ဖေမင်းသူက တိုးတိုးလေးကပ်ကာ –

"ယွန်းကို ကျွန်တော်ချစ်တယ်"

ယွန်းမှာ ရုတ်တရက် ဖေမင်းသူ၏ ပြောလိုက်သောစကားကို ရှက်သွေးဖြာသော မျက်နှာထားဖြင့် နီမြန်းသွားလေသည်။ သူမ၏ ရှက်နေသောမျက်နှာကို မလုံမလဲဖြင့် သူငယ်ချင်းတွေဘက်သို့ စောင်းငဲ့ကြည့်မိသည်။

ထိုအခါ ယွန်းသခင်က ဘာပြန်ပြောရမှန်းမသိဘဲ သူငယ်ချင်းတွေဘက်သို့ မလုံမလဲ လှည့်ကြည့်မိသည်။ ထိုအချိန်တွင် သူငယ်ချင်းများက စကားကောင်းနေကြသည်။

ယွန်းသခင် သတိဝင်လာပြီး ဖေမင်းသူပေးသော လက်ဆောင်များကိုယူကာ သူငယ်ချင်းတွေဘက်သို့ လျှောက်လာခဲ့လေသည်။ သူငယ်ချင်းတွေနားသို့ရောက်သော် ...

"တို့တွေ မနက်ဖြန် ပဲခူး အလည်ထွက်ရအောင် ... လိုက်ကြမလား"





"လိုက်မှာပေါ့၊ ဘယ်နေ့ခဲ့မလဲ"

ချယ်ရီသင်းက ချက်ချင်းဝင်ဖြေလိုက်သည်။

"ကောင်မ ဘယ်တုန်းကများ လိုက်ချင်နေလဲမသိဘူး"

"အောင်မယ် ... သူကများ ပြောနေသေးတယ်၊ မနေ့တုန်းကတော့ ကိုဖေတို့ရောက်လာရင် ကောင်းမှာပဲ၊ ပဲခူးသွားရအောင်လို့ ပြောသေးတယ်လေ"

ဟု ချယ်ရီသင်းရဲ့စကားကြောင့် ယွန်းသခင် မျက်နှာမှုတာ ...

"ဟာ ... ချယ်ရီကလဲ"

ဟု ရှက်ရမ်းရမ်းကာ လှမ်းကာ ရိုက်လိုက်သည်။ ပြီးနောက် ဖေမင်းသူကို ကြည့်လိုက်သည်။ ထိုအခါ ဖေမင်းသူက ပြုံးပြလိုက်လေသည်။ ပြီးနောက် ...

"ယွန်းနဲ့ကျွန်တော်က စိတ်ချင်းယှက်နေတယ်နော်၊ ကျွန်တော်လည်း လာတုန်းက ကားပေါ်မှာ ပဲခူးသွားတယ်လို့ အိပ်မက်ရခဲ့တာ"

"ဟာ ... မဟုတ်လည်း မဟုတ်ဘဲနဲ့"

"မယုံဘူးလား၊ မယုံရင် ထွန်းအောင်ကျော် မေးကြည့်ပါ"

www.burmeseclassic.com



"ဟုတ်တယ် ယွန်း၊ ကျွန်တော့်ကို ကားပေါ်မှာပြောပြတယ်၊ သူ့အိပ်မက်ထဲမှာ ယွန်းတို့နဲ့အတူ ပဲခူးဘက် ဘုရားဖူးထွက်နေတယ်လို့ ပြောခဲ့သေးတယ်၊ အခု ယွန်းတို့ကလည်း ပဲခူးသွားမယ်ဆိုတာ ကိုဇေရဲ့အိပ်မက်နဲ့ တိုက်ဆိုင်နေတယ်လို့ ယူဆရမယ်"

ထိုအချိန်တွင် ဖေမင်းသူက မျက်နှာတစ်ချက်ပျက်သွားသည်။ ယွန်းသခင်၏ပဲခူးဘက်သို့သွားမည်ဟု ပြောလိုက်သောစကားကြောင့် အိပ်မက်ထဲတွင် ဖြစ်ပျက်ခဲ့သောအကြောင်းအရာကို သတိရမိသည်။

"မဖြစ်ပါစေနဲ့" လို့ စိတ်ထဲမှ ဆုတောင်းနေမိသည်။ တကယ်တော့ ဖေမင်းသူလည်း ယွန်းသခင်တို့နဲ့ ခရီးထွက်ချင်တဲ့သူပါ။ ယွန်းနဲ့ဆို ဘယ်ကိုသွားသွား သွားချင်တဲ့သူ ဖြစ်ခဲ့သည်။ ယွန်းနဲ့လည်း အမြဲတမ်း တွေ့ချင်တဲ့သူဖြစ်တော့ ယွန်းရဲ့တောင်းဆိုမှုကို သူ မငြင်းရက်ပါ။

✲ ✲ ✲



## အခန်း (၁၇)

## တိုက်ဆိုင်မှုလား တကယ်လား

ဖေမင်းသူ၊ ထွန်းအောင်ကျော်နဲ့ ယွန်းသခင်တို့ သူငယ်ချင်းအုပ်စု ၃ ဦးနှင့်အတူ ပဲခူးသို့ ကားလေးဖြင့် ထွက်ခဲ့သည်။ နံနက် ၈ နာရီမှ စထွက်ခဲ့သောကားလေးသည် ရွှေညောင်ပင်နားသို့ရောက်သော် ခဏနားကြသည်။

ရွှေညောင်ပင်တွင် စံပယ်ပန်း၊ ရွှေပန်းများ ကပ်ကာ အန္တရာယ်ကင်းအောင် စောင့်ရှောက်ဖို့ မယ်တော်ကို ဆုတောင်းခဲ့ကြသည်။

ကားလေးက ထောက်ကြန့်မှ စထွက်လာခဲ့ကြသည်။ ကားလေးက ပေါင်မုန့်ကားလေးဖြစ်၍ ပြင်ပလေများ တိုးဝင်မှု



www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ ကားထဲမှ အဲယားကွန်းကြောင့် သက်သောင့်သက်သာ ရှိလှသည်။

ပတ်ဝန်းကျင်၏စိမ်းစိုလွင်နေသော စပါးခင်းများနှင့် လယ်ကွင်းများကိုကြည့်ကာ လွမ်းသလိုတော့ ဖြစ်မိသည်။ ဘာကို လွမ်းမှန်းမသိပါ။ လွမ်းတော့ လွမ်းမိပါသည်။ ထိုအခါ ဖေမင်းသူက အလွမ်းများကို ဖယ်ရှားပြီး သူ၏ဘေး၌ ကပ်လျက်ထိုင်နေသော ယွန်းနဲ့ ချယ်ရီသင်းဘက်သို့ လှည့်ကြည့်မိသည်။

ထိုအခါ ယွန်းက ဖေမင်းသူကို အကြည့်ချင်းဆုံသွားသည်။ ဖေမင်းသူက ...

"ပျော်လား ယွန်း"

ယွန်းက ခေါင်းညိတ်ပြလိုက်သည်။ ဖေမင်းသူက ကားမောင်းသူနေရာမှဖြစ်နေ၍ ရှေ့ကိုလည်း သတိထားကြည့်ကာ မောင်းနေရသည်။ ထိုအချိန်တွင် အိပ်မက်ထဲကနေရာကို သတိရမိသည်။

မျက်နှာပေါ်တွင် စိုးရိမ်စိတ်တစ်ခုဖြစ်ကာ မျက်စိထဲမှတ်မိသောနေရာကို သတိထားရှာနေမိသည်။ ဘာလို့လဲဆိုတာတော့ ဖေမင်းသူက အိပ်မက်ထဲ၌ အဖြစ်အပျက်တို့ သတိရကာ လှည်းကူးကျော်လာသည်။ ရွာနားတစ်ခုတွင် ကားက ဆိ





ပိတ်သလို တွန့်ဆုတ်တွန့်ဆုတ် ဖြစ်လာသည်။

"ဟာ ... ဟုတ်နေပြီ၊ အိပ်မက်ထဲမှာလည်း ဒီအတိုင်းပဲ ... မဖြစ်ဘူး"

ဟုပြောကာ ကားလေးကို လမ်းဘေးတစ်နေရာသို့ ထိုးရပ်လိုက်သည်။ ပြီးနောက် ...

"အားလုံး ကားပေါ်က အမြန်ဆင်းကြပါ"

ဟု ပြောလိုက်သည်။ သူက ရုတ်တရက် ပြောလိုက်သောစကားကြောင့် မိန်းကလေးများအားလုံး လန့်ကာ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ပြီးနောက် ကားပေါ်မှ မြန်မြန်ဆင်းလိုက်ကြသည်။ လမ်းဘေးတစ်နေရာ သစ်ပင်ရိပ်အောက်သို့ ပြေးသွားကြလေသည်။

ထိုအချိန်တွင် ပဲခူးဘက်ခြမ်းမှမောင်းလာသော ဒိုင်နာတုထင်ရသောကားလေးသည် ယိမ်းထိုးကာ ဟိုယိုင်ဒီယိုင်ဖြစ်လာသည်။ ကားလေးသည် ဘရိတ်ပဲပေါက်သလား ဒါမှမဟုတ် ထက်ကိုင်ဘီးပဲ မှုမမှန်တာလားဆိုတာ ပြောလို့မရအောင် ဖြစ်လာသည်ကို ဖေမင်းသူ မြင်တွေ့လိုက်ရသည်။

ထိုဒိုင်နာကားလေးသည် တဖြည်းဖြည်း ဖေမင်းသူတို့ကားနား နီးကပ်လာလေသည်။ ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ... ခွမ်း"

"ချလွမ်း"

"အောင်မယ်လေးလေး"

ဟူသော မိန်းကလေးအုပ်စုအားလုံး၏ အော်သံများက လွှမ်းမိုးသွားကာ လက်နှစ်ဖက်ဖြင့် မျက်လုံးများကို ပိတ်လိုက်ကြလေသည်။

အသံများအားလုံး ငြိမ်သွားကာ ဇေမင်းသူက ပထမဦးစွာ သူ၏ကားလေးကို ကြည့်လိုက်မိသည်။ ထွန်းအောင်ကျော်လည်း သူတို့စီးလာသောကားကိုသာ ကြည့်မိသည်။ ပြီးနောက် ဒိုင်နာကားလေးကို ကြည့်လိုက်သောအခါ -

ဒိုင်နာကားလေးသည် သူတို့ကားရပ်ထားသော သစ်ပင်ကို ဝင်တိုက်ထားတာ တွေ့လိုက်ရသည်။ သူတို့၏ကားရှေ့ရှေ့တည့်တည့်မှ သီသီလေးဖြတ်သွားကာ သစ်ပင်ကို ဝင်တိုက်မိပြီး ကားထဲမှ ဒရိုင်ဘာမှာ စတီယာတိုင်ပေါ်တွင် မှောက်လျက်တွေ့လိုက်ရလေသည်။

ယွန်းသခင်တို့အုပ်စုမှာလည်း ဇေမင်းသူတို့နားသို့ ရောက်လာပြီး -

"ကိုဇေ ... ကားသမား သေပြီလားမသိဘူး"





"ကိုယ်လည်း မသိဘူး။ မတိုင်ရဲဘူး။ ဒါဟာ ပြစ်မှုဖြစ်တယ်၊ ရဲတွေလာမှ သူတို့လုပ်လိမ့်မယ်၊ လောလောဆယ်တော့ ရဲတွေကို အကြောင်းကြားပေးလိုက်မယ်"

ဇေမင်းသူလည်း အနီးဆုံးရဲစခန်းကို ဖုန်းဖြင့် အကြောင်းကြားပေးလိုက်သည်။ ပြီးနောက် သူတို့ကားလေးရှိရာသို့ ပြန်လာကာ ကားရဲ့ခေါင်းပိုင်း ဘာဖြစ်သေးလဲဆိုတာ စစ်ဆေးလိုက်လေသည်။

ဇေမင်းသူ၏စိတ်ထဲမှာတော့ မတင်မကျ ဖြစ်မိသည်။ သူသာလျှင် အချိန်မီ ကားကိုမရပ်ဘဲ ဆက်ပြီးမောင်းခဲ့လျှင် ကားသာ တစ်ခုခုမဖြစ်ခဲ့လျှင် ယခုလို ဒိုင်နာကားနဲ့ သူတို့ကားတိုက်မိမှာ အမှန်ပဲဖြစ်မည်။ သူ၏အိပ်မက်ထဲတွင်တော့ သူတို့ကားလေးတိုက်မိကာ ယွန်းသခင်တောင် ဒဏ်ရာရခဲ့သေးသည်မဟုတ်ပါလား။

"အင်း ... သူ သတိရှိလို့ အချိန်မီသိလိုက်လို့ ကားလေးကို ထိုးရပ်ကာ အန္တရာယ်ကို ကြိုတင်ရှောင်နိုင်ခဲ့တယ်"

အိပ်မက်ကြောင့်သာ ယခုလို ကြိုတင်ရှောင်ရှားနိုင်ခဲ့သည်ဆိုတာ ဇေမင်းသူ ယုံလိုက်မိပါပြီ။

အိပ်မက်ထဲမှာ ဖြစ်ပျက်ခဲ့သမျှတွေဟာ အပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဖြစ်ပျက်ခဲ့သည်ဆိုတာ ယခုအကြိမ်ပါနဲ့ဆို ၄-၅ ကြိမ်ရှိနေပြီ။ အိပ်မက်တိုင်းဟာ တကယ်မဖြစ်သလို ရှိခဲ့ပေမယ့် ယခု သူ၏အိပ်မက်များက တကယ်ဖြစ်နေခဲ့သည် မဟုတ်ပါလား။

အနားတွင်ရောက်နေသော ယွန်းက …

"ကိုဇေ … ဘာစဉ်းစားနေတာလဲ"

"ဩော် … ကျွန်တော့်ရဲ့အိပ်မက်တိုင်းဟာ တကယ်ဖြစ်နေပါလားဆိုတာ စဉ်းစားနေမိလို့ပါ"

"ဟင် … ကိုဇေက ဒီအဖြစ်အပျက်ကို အိပ်မက်မြင်ခဲ့လို့လား"

"ဟုတ်တယ် ယွန်း။ ကျွန်တော် ဒီရန်ကုန်ပြန်လာတုန်း ကားပေါ်မှာ မှေးခနဲပျော်သွားတော့ ဒီလိုအိပ်မက်မျိုး မြင်ခဲ့တယ်။ ဒါကြောင့်လဲ ဒီနေရာ ဒီအချိန်ကို ကျွန်တော့်စိတ်ထဲမှာ အလိုလို နှိုးဆွလိုက်သလို ဖြစ်လာလို့ ယွန်းတို့ကို စိတ်မချလို့ ကားပေါ်က ဆင်းခိုင်းရတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာကို ရောက်ရင် ကားက ရှေ့ကိုမသွားဘဲ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်သွားခဲ့တယ် မဟုတ်လား။ ဒါကို ကျွန်တော်က သတိထားမိလို့ မသက်သာ ဖြစ်လာခဲ့တယ်။ ဒါကြောင့်လည်း ယွန်းတို့အားလုံး





ကားပေါ်က ဆင်းခိုင်းခဲ့တာပေါ့ …၊

အခုတော့ ကျွန်တော်ထင်သလို ဖြစ်လာခဲ့တာ။ ကျွန်တော့်ရဲ့အိပ်မက်ကို ကျွန်တော်ယုံကြည်ခဲ့လို့ပဲ။ ယုံကြည်တိုင်းလည်း ဖြစ်လာခဲ့တယ် မဟုတ်လား"

ယွန်းသခင်က ဇေမင်းသူရှင်းပြတာ နားထောင်ရင်း ဇေမင်းသူ၏အိပ်မက်ကို ထူးဆန်းတယ်လို့ ထင်မိသည်။ ဒီလို အိပ်မက်ကို ဇေမင်းသူမြင်မိတာ ဇေမင်းသူ၏ စိတ်အာရုံကပဲ ထူးခြားလို့လား၊ ဒါမှမဟုတ် ဇေမင်းသူ၏ ကိုယ်စောင့်နတ်ကပဲ ကောင်းလို့လားဆိုတာ စဉ်းစားမရအောင် ဖြစ်မိသည်။

ထိုအခါ ဇေမင်းသူက ယွန်းသခင်ကို ကြည့်လိုက်သည်။ သူ၏အကြည့်က အကြင်နာပါသောအကြည့်ဖြစ်သည်။ အိပ်မက်ထဲကလို ယွန်းသခင်မှာ ဘာဒဏ်ရာမှ မရခဲ့၍ ယွန်းသခင်ကို သနားသောအကြည့်ဖြင့် ကြည့်မိသည်။

ထိုအကြည့်ကို ယွန်းကလည်း နားလည်မိသည်။ ထိုအခါ ဇေမင်းသူက …

"တော်သေးတယ် … ယွန်း ဘာမှမဖြစ်လို့"

"ဟင် … ယွန်းက ဘာမှမဖြစ်ပါဘူး၊ ကိုဇေမြင်တာပဲ ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ်၊ တကယ်တော့ ကျွန်တော့်ရဲ့အိပ်မက်ထဲ မှာက ယွန်းမှာ ဒဏ်ရာရခဲ့တယ်။ အခုတော့ ကျွန်တော် စိတ်ရ ရှပါပြီ”

ထိုအချိန်တွင် ထွန်းအောင်ကျော်က –

“ကိုဇေ . . . တို့တွေ ခရီးဆက်ရအောင်၊ တို့တွေလည်း ဘာမှဖြစ်တာမဟုတ်ဘဲ သူတို့ကို ရဲတွေပဲ ဆက်ပြီး တာဝန်ရ လိမ့်မယ်”

ဟုပြောကာ ကားလေးပေါ်သို့ အားလုံးတက်ကာ ဖဲ့ ဘက်သို့ မောင်းထွက်လာခဲ့လေတော့သည်။

✿ ✿ ✿

## အခန်း (၁၈)

## ဒေါ်လေးငယ်နဲ့ ဒုကြိမ်ပြန်ဆုံခြင်း

လမ်းတစ်လျှောက်လုံး ယွန်းသခင် စဉ်းစားလာမိသည်။ ဇေမင်းသူရဲ့အိပ်မက်ကို သူက အိပ်မက်ထဲတွင် ဒဏ်ရာရခဲ့သည်ဟုဆိုသည်။ ဒါဆိုရင် အိပ်မက်ထဲမှာ သူမ ပါသည်ဟု ဆိုလိုတာလား။ ထိုစကားကို ယွန်းသခင် မတင်မကျဖြစ်မိ၍–

“ကိုဇေ . . . ကိုဇေရဲ့အိပ်မက်ထဲမှာ ယွန်းပါ, ပါသလား”

“ပါတယ်လေ၊ ကျွန်တော့်ရဲ့အိပ်မက်ထဲမှာလည်း အခုလို ပဲခူးကို ဘုရားဖူးသွားတာပဲ၊ လမ်းမှာ အဲဒီကားနဲ့ပဲ တိုက်ခဲ့တယ်၊ ကျွန်တော်တို့ရဲ့ကားက ခေါင်းခန်းကြေသွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ယွန်းက လက်မှာဒဏ်ရာရခဲ့တယ်၊ ကျွန်တော်လည်း လန့်နိုးလာခဲ့တယ်။ အဲဒီမှာ ကျွန်တော်ရဲ့အသိက အိပ်မက်မက်နေပါလားဆိုတဲ့အသိ ရှိလိုက်လို့ အဲဒီတုန်းကလည်း ယွန်းကို စိတ်ပူမိသေးတယ်''

ယွန်းသခင်နားတွင် ထိုင်နေသော ချယ်ရီသင်းက ခေမင်းသူ့ကို နားမလည်သလို ကြည့်နေမိသည်။ ပြီးနောက် ချယ်ရီသင်းက –

''ကိုဇေရဲ့အိပ်မက်က ထူးဆန်းတယ်နော်''

''ဟုတ်တယ် ချယ်ရီ၊ ကျွန်တော့်ကို လိုက်ပြီး သတိပေးနေတဲ့ မမြင်ရတဲ့ ဝိညာဉ်မလေးကြောင့်ပဲ''

''ဘယ်က ဝိညာဉ်မလဲ ကိုဇေ''

''မှန်ထဲမှာ အကျဉ်းချခံခဲ့ရတဲ့ ကျိန်စာသင့်ခံခဲ့ရတဲ့ ဝိညာဉ်ဆိုရင် မမှားဘူးပေါ့၊ ဒါကြောင့်လည်း ကျွန်တော်က သူမဝိညာဉ်ကို ကျွတ်စေချင်လို့ သူမရဲ့ အကျဉ်းချခဲ့တဲ့ သက်ဆိုင်တဲ့ပစ္စည်းတွေကို စုစည်းနေတာပါ ...၊

ချယ်ရီ သိမလားဘဲ ဟိုတလောတုန်းက ကျွန်တော် ယူလာတဲ့ အင်းပြားလေးပေါ်မှာ စာတွေကို အဓိပ္ပာယ်ဖော်နိုင်တာလေ''





''ဩော် ... ဟုတ်တယ်၊ ကျွန်မကပဲ အဓိပ္ပာယ်ဖော်လိုက်တယ်လေ''

''ဟုတ်ပါတယ်၊ အဲဒီအင်းပြားလေးဟာလည်း အဲဒီဝိညာဉ်မရဲ့ပစ္စည်းထဲက တစ်စိတ်တစ်ဒေသပဲ၊ အဲဒီအဓိပ္ပာယ်ကို ကျွန်တော် သိခဲ့ရလို့ သူမနဲ့သက်ဆိုင်တဲ့ပစ္စည်းအားလုံး စုစည်းပြီး သူမရဲ့ကျိန်စာကို ပြေပျောက်အောင် ကျွန်တော်ကပဲ လုပ်ဆောင်ပေးရမယ်လို့ ဝိညာဉ်က လာပြောတယ် ...၊ ဒီလိုပြုလုပ်ပေးမယ့်သူကလည်း ကျွန်တော်တစ်ယောက်တည်းပဲဆိုတာလည်း အဲဒီဝိညာဉ်ကပဲ ပြောခဲ့တယ်''

ထိုအခါ ယွန်းသခင်က ...

''အဲဒီပစ္စည်းတွေအားလုံး အစုံရပြီလားဟင်''

''ရပြီလို့ပဲ ဆိုရမယ်၊ အင်းပြားပေါ်က စာအရ ကျွန်တော်က ပစ္စည်းတွေစုပြီး သူ့ကိုဖော်ခဲ့တဲ့နေရာမှာပဲ အဆုံးသတ်ပေးရမယ်''

ထိုအချိန်တွင် တစ်ချိန်လုံး ဘာမှမပြောဘဲ နားထောင်လာခဲ့သော ခွာညိုသင်းက ...

''ဒါဆိုရင် ကိုဇေ ဘယ်တော့အဆုံးသတ်ပေးမှာလဲဟင်၊ ခွာညိုတို့ပါ ကြည့်ချင်လို့''



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဇင်မင်းသူက –

"မကြာတော့ပါဘူး ခွာညို၊ အဲဒီအခါကျရင် ခွာညိုတို့ကို ကျွန်တော် လာခေါ်ပါ့မယ်"

✲

ကားလေးသည် ပဲခူးရွှေမော်ဓောဘုရားသို့ ရောက်လာခဲ့သည်။ ကားလေးကို စောင်းတန်း၏ဘေးတွင် ကပ်ကာ ရပ်လိုက်သည်။ ကားပေါ်မှအားလုံးဆင်းကာ ဘုရားပေါ်သို့ တက်လာခဲ့ကြသည်။

သူငယ်ချင်းများက ရှေ့မှတက်သွားကြသည်။ နောက်တွင် ဇေမင်းနဲ့ယွန်းတို့ နှစ်ဦးသားကျန်ခဲ့သည်။

ဇေမင်းသူက ယွန်းကိုကြည့်ကာ လက်ကိုကိုင်လိုက်သည်။ ယွန်းကလည်း မရုန်းဘဲ ငြိမ်နေလိုက်မိသည်။

ယွန်း၏စိတ်ထဲတွင် ဇေမင်းသူ၏ပြုမူသမျှကို ဘာကြောင့် မငြင်းဆန်နိုင်သလဲဆိုတာ သူမကိုယ်တိုင်ပဲ မသိလေသလားလို့ ထင်မိသည်။





သူမကလည်း ဇေမင်းသူကို မလွန်ဆန်နိုင်ဘဲ ဖြစ်နေခဲ့သည်မှာ ဇေမင်းသူအပေါ် သူမ ချစ်နေခဲ့မိပြီလားလို့ ပြန်မေးသည်။ ဇေမင်းသူ၏ ကြင်နာယုယမှုများကို ယွန်းသခင် သိတ်ပြုမိသည်။ ဇေမင်းသူနဲ့သူမ မတွေ့ရတဲ့ရက်များဆိုရင်လျှင် သူမမှာ လွမ်းသလို ခံစားခဲ့ရသည်မဟုတ်ပါလား။

ဒါကလည်း သူမ ဇေမင်းသူနဲ့ မတွေ့ရတဲ့ရက်များက ခံစားခဲ့ရတာ သူမကိုယ်တိုင် အသိဆုံးပါပဲ။

"ယွန်း ... ပျော်လားဟင်"

"အင်း"

"ဒီလိုမျိုး အမြဲနေသွားချင်တယ် ယွန်း"

ယွန်းသခင် ဘာမှပြန်မပြောပါ။

ဘုရားရင်ပြင်ပေါ်သို့ အားလုံးရောက်လာခဲ့ကြသည်။ ရှေ့မှထွက်သွားသော သူငယ်ချင်းများက သူတို့နှစ်ယောက်ကို လှမ်းကြည့် ကွက်ကြည့်ဖြင့် ရှေ့မှလျှောက်နေကြသည်။ တကယ်တော့ သူတို့နှစ်ဦးကို နားလည်မှုပေးထားသလို သူငယ်ချင်းအားလုံးက သိရှိထားပြီးသားပါ။

ထွန်းအောင်ကျော်က ခွာညိုသင်းနားသို့ကပ်ကာ–

"ခွာညို ... သူတို့နှစ်ဦးကို သဘောကျလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ခွာညိုသင်းက ထွန်းအောင်ကျော် ဘာကိုပြောလိုက်သည်ကို ရုတ်တရက် ဘာပြောရမှန်းမသိဘဲ ဖြစ်သွားသည်။ ဒါကြောင့် –

"ဘာကိုပြောတာလဲ ဟင်"

"ဪ ... သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် ကြင်နာနေကြတာ သဘောကျလားလို့ပါ"

"ဒါကတော့ရှင် ... သူတို့လည်း ကလေးတွေမှမဟုတ်တာ၊ သူတို့ဘာသာသူတို့ ဆုံးဖြတ်ကြမှာပေါ့၊ ကျွန်မက သဘောကျတယ်ဆိုရင် ယွန်းက သဘောကျဦးမှ မဟုတ်ဘူးလား"

ထိုအခါ ထွန်းအောင်ကျော်က ခွာညိုသင်းပြောတာလည်း ဟုတ်နေသားပဲဟု စိတ်ထဲမှ ပြောနေမိသည်။ ထို့နောက်–

"ဟုတ်တယ်နော်၊ ကာယကံရှင်နှစ်ဦးပေါ်မှာမူတည်တာပေါ့၊ ကျွန်တော်တို့က ဘာများပြောနိုင်မှာမို့လဲ"

"ဟိဟိ ... ဘာတွေတိုင်ပင်နေကြတာလဲ"

သူတို့နှင့် ခပ်လှမ်းလှမ်းသို့ရောက်သွားသော ချယ်ရီသင်းက ရုတ်တရက် အနားသို့ရောက်လာပြီး မေးလိုက်သောအခါ ခွာညိုသင်းမှာ ရှက်သွားကာဖြင့် ...

"ဘာမှမဟုတ်ပါဘူး ချယ်ရီရယ်၊ ဟိုမှာ ယွန်းတို့ကို





ကြည့်ပြီး မေးနေလို့ပါ"

"ဘာမေးတာလဲ ကိုထွန်းအောင်ကျော်"

"ဪ ... ဒီလိုပါ၊ သူတို့ကိုကြည့်ပြီး အားကျလို့ပါ။ အဲဒါ ခွာညို့ကို ပြောပြနေတာပါ"

ထိုအခါ ချယ်ရီသင်းက ရယ်ဖြဲဖြဲဖြင့် –

"ဟုတ်ရဲ့လား ... မှန်မှန်ပြောနော်။ မှန်မှန်ပြောရင် မုန့်ကျွေးမှာပါ"

ဟု ရယ်ကျဲကျဲဖြင့် ခွာညိုသင်းတို့ကိုကြည့်ကာ စနောက်လေသည်။ ထိုအခါ သူတို့နားသို့ ယွန်းတို့ရောက်လာပြီး –

"ဘာတွေသဘောကျနေတာလဲ၊ ငါတို့ကိုလည်း ပြောပါဦး"

ဟု ယွန်းသခင်က သူတို့နားသို့ရောက်လာပြီး မေးလေသည်။ ထိုအခါ ထွန်းအောင်ကျော်က –

"တကယ်ပြောရမှာလား"

"ပြောလေ"

ယွန်းသခင်က ပြောလေဟုပြောလိုက်ရသည်။ သူမကိုယ်တိုင်ကလည်း မလုံမလဲဖြစ်မိသည်။ အဘယ့်ကြောင့်ဆိုသော် ထွန်းအောင်ကျော်နဲ့ ခွာညိုသင်းတို့ရဲ့အကြည့်က သူမကို



www.burmeseclassic.com

www.burmeseclassic.com



ရှုစဉ်းသလိုအကြည့်မျိုးနဲ့ ပြည့်နေကြသည်မဟုတ်ပါလား။

ထိုကဲ့သို့ဖြစ်နေကြသော မျက်နှာအနူအရာများကို ဇေမင်းသူက သဘောပေါက်နားလည်၍ ကြားဖြတ်ကာ –

"ဘုရားဖူးပြီးကြပြီလား၊ မဖူးရသေးဘူးဆိုရင် သွားဖူးကြမယ်လေ"

ဟု ကြားဖြတ်ဝင်ပြောလိုက်သော ဇေမင်းသူ၏စကားကို အားလုံးက နားထောင်သည့်သဘောဖြင့် ဘုရားသိမ်တစ်ခုထဲသို့ အားလုံးဝင်လိုက်ကြလေသည်။

ဘုရားသိမ်ထဲသို့ဝင်လိုက်ကြပြီးနောက် အားလုံး ဘုရားဝတ်ပြုကြလေသည်။ သူတို့အုပ်စုနားသို့ အဝတ်ဖြူဝတ်ထားသော ဘိုးတော်တစ်ဦးက ရောက်လာလေသည်။ ဇေမင်းသူက ထိုဘိုးတော်ကိုကြည့်ကာ ဥပမိရုပ်က ခန့်ညားသလောက် မုတ်ဆိတ်မွေးက ရှည်နေသည့်အတွက် အဘိုးရုပ်ပေါက်နေသလားဟု ထင်ရသည်။

ရုပ်လက်ရှည် လည်ကတုံးဝတ်ထားသည်၊ ပုဆိုးလည်း အဖြူဝတ်ထား၍ ဘိုးတော်တစ်ဦးဟု ထင်မိသည်။ ထိုအခါ ဘိုးတော်က ဇေမင်းသူနားသို့ ရောက်လာပြီး –

"ရော့ ... သားလေး၊ ဟောဒီ ချည်မန်းကွင်းလေး





ယူထားပါ၊ တစ်ခုခုဆောင်ရွက်တော့မယ်ဆိုရင် ဒီချည်မန်းကွင်းလေးကို လက်မှာ ဝတ်ထားပါ။ လူလေးရဲ့အပေါ်မှာကျရောက်မယ့် အန္တရာယ်အဆိုးများ ပြေပျောက်သွားပါလိမ့်မယ်။ လူလေးဟာ တစ်ချိန်ချိန်မှာ ဝိညာဉ်လောကသားတစ်ဦးအတွက် ကူညီဆောင်ရွက်ရမယ့်သူဖြစ်လို့ အဘိုးက လာပေးတာပါ"

ဟုပြောကာ သူတို့အားလုံး၏ရှေ့မှ တဖြည်းဖြည်းထွက်သွားလေသည်။ ပြီးနောက် သိမ်တစ်ခု၏နောက်ဘက်သို့ ဝင်ကာ ပျောက်ကွယ်သွားလေသည်။ ထိုနေရာသို့ ထွန်းအောင်ကျော်က လိုက်ကြည့်သည်။ ဘိုးတော်ဝင်သွားသောသိမ်၏ အနောက်ဘက်တွင် လမ်းကဖြူးနေ၍ ဘိုးတော်မှာ ပျောက်ကွယ်သွားသည်ကို စိတ်ထဲမှ သံသယဖြစ်မိသည်။

ဇေမင်းသူနားသို့ ပြန်ရောက်လာကာ ...

"ကိုဇေ ... ခုနဘိုးတော် ဘယ်ပျောက်သွားလဲမသိဘူး။ မရှိတော့ဘူး။ တို့တွေအားလုံး ရှိနေတဲ့အထဲမှ မင်းကိုမှရွေးပြီး ချည်မန်းကွင်းပေးတာ ထူးခြားတယ်ကွ။ ဒီတော့ သူပြောသလို မင်း သိမ်းထားနော်၊ ပြီးတော့ မင်းရဲ့လုပ်ဆောင်မယ့်ကိစ္စကို ဘိုးတော်က ကြိုသိနေသလိုပဲ"

ဇေမင်းသူမှာ ထွန်းအောင်ကျော်ပြောနေတာကို မကြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ကြားတစ်ချက်ဖြင့် ချည်မန်းကွင်းလေးကို သေချာစွာ ကြည့်နေမိသည်။ ချည်မန်းကွင်းက ရွှေအိုရောင်ချည်ကြိုးကွင်းလေး ဖြစ်သည်။ တကယ်ဆိုရင် ချည်မန်းကွင်းက အပ်ချည်အမြှ များသာ ဖြစ်ရမည် မဟုတ်ပါလား။

ဖေမင်းသူမှာ ထိုချည်မန်းကွင်းလေးကို အိတ်ထဲသို့ ထည့်လိုက်သည်။

သူတို့အားလုံး ဘုရားပေါ်မှ ဝတ်ပြုပြီး၍ တောင်ဘက် စောင်းတန်းမှ ဆင်းလာခဲ့ကြသည်။ ပြီးနောက် စားသောက်ဆိုင် တန်းဘက်သို့ ဝင်လိုက်ကြလေသည်။ စားစရာများ မှာယူစား သောက်ပြီးနောက် ဖေမင်းသူက ...

''ကဲ ... ယွန်းတို့ ... ကျွန်တော်တို့ ဘယ်ကိုဆက်သွား ကြမလဲ''

ထိုအခါ ချယ်ရီသင်းက ဝင်ပြောလိုက်လေသည်။

''ကျွန်မတို့ ရွှေသာလျောင်းဘက်ကိုသွားပြီး မေသူဇော် ကို ဝင်ခေါ်ရအောင်နော် ယွန်း''

ထိုအခါ ယွန်းသခင်က ...

''သဘောပဲလေ၊ မေသူဇော်နေတဲ့နေရာ ချယ်ရီ သိ တယ်မဟုတ်လား''





''အင်း ... သိပါတယ်၊ မေသူဇော်လည်း ဒီနေ့ ရန်ကုန် ပြန်လိုက်လိမ့်မယ်ထင်တယ်၊ ဒါကြောင့် သူ့အိမ်သွားရင်း တစ်ခါ တည်း ဝင်ခေါ်မလားလို့ပါ''

ထိုအခါ ဖေမင်းသူက –

''ကောင်းသားပဲ၊ ကျွန်တော်တို့လည်း သူ့အိမ်ရောက်ဖူး သွားတာပေါ့၊ ပြီးတော့ သူလည်း ရန်ကုန်တစ်ခါတည်း ပြန်လိုက် လို့ရတာပေါ့''

ဟု အားလုံး သဘောတူညီချက်ရကာ ရွှေသာလျောင်း ဘက်သို့ ကားလေးကို မောင်းခဲ့ကြလေသည်။ ရွှေသာလျောင်းသို့ ရောက်သော် သူတို့အားလုံး ဘုရားကို တစ်ပတ်ပတ်ကာ ဖူးပြီး ဘုရား၏အနောက်ဘက် ရွာဘက်သို့ ကားလေးကိုပတ်ကာ မောင်းလာခဲ့လေသည်။

ချယ်ရီသင်းက လမ်းညွှန်ပေးကာ မောင်းလာခဲ့မိပြီး ဖေမင်းသူ ထိုလမ်းကို မှတ်မိသလို ဖြစ်လာမိသည်။ သူလာတုန်း က ဒီလမ်းမဟုတ်ပါ။ ဒါပေမဲ့ ရွာထိပ်ရောက်တော့ သူမှတ်မိလာ ခဲ့သည်။ ဒီလမ်းထိပ်မှ အထဲသို့ ကားဝင်လို့မရပါ။

သူတို့အားလုံး ကားရပ်ပြီး ရွာထဲသို့လမ်းလျှောက်လာခဲ့ ရသည်။ ချယ်ရီသင်းက ခြံဝင်းတစ်ခု၏ရှေ့တွင် ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခြံဝင်းကို ဖေမင်းသူ သိလိုက်ပါပြီ။ တစ်ချိန်က သူရောက်ခဲ့ပြီးပြီဖြစ်သည်။ ခြံဝင်းဆိုပေမယ့် ဝါးလုံးများကို တန်းထိုးကာ စိတ်စိတ်ကာထားသည်။ အိမ်က ခြံဝင်း၏ ပေ ၁၀၀ လောက်တွင် ဖြစ်သည်။

ထိုအခါ ချယ်ရီသင်းက –

"မေသူဇော်ရေ . . . မေသူ . . . တို့တွေလာတယ်ဟေ့"

ထိုအခါ အိမ်ထဲမှ မိန်းမကြီးတစ်ဦးထွက်လာသည်။

"ဘယ်သူတွေများလဲကွဲ့"

"အဒေါ် . . . ကျွန်မတို့က မေသူဇော်ရဲ့သူငယ်ချင်းတွေပါ။ ပဲခူးကို ဘုရားဖူးလာရင်း မေသူဇော်ကို ဝင်ခေါ်တာပါ"

"ဪ . . . သမီးရဲ့သူငယ်ချင်းတွေပဲ။ လာ လာ . . . အိမ်ထဲဝင်ထိုင်ကြပါဦး။ မေသူက အိမ်နောက်ဘက်က သူငယ်ချင်းအိမ် ခဏသွားတယ်ကွဲ့၊ လာခါနီးပါပြီ . . . ထိုင်ကြပါဦးကွဲ့"

ဟုပြောကာ အိမ်ရှေ့ရှိ ကွပ်ပျစ်ခုတင်လေးပေါ်တွင် နေရာပြလေသည်။ ခုတင်လေးပေါ်တွင် သူတို့အားလုံး ဝိုင်းထိုင်ကြလေသည်။ ပြီးနောက် အဒေါ်ကြီးက –

"ခဏနေကြဦးနော်"





ဟုပြောကာ အိမ်ထဲသို့ ဝင်သွားလေသည်။ ခဏကြာသောအခါ အကြမ်းအိုးယူကာ သူတို့ရှေ့သို့ လာချပေးသည်။ ပြီးနောက် မြေပဲဆန်လှော်နဲ့ ထန်းလျက်ပါ ယူလာပေးလေသည်။

ထိုအခါ ဖေမင်းသူက အဒေါ်ကြီးကို သေချာစွာကြည့်ကာ မေးလိုက်သည်။

"အဒေါ် ကျွန်တော့်ကိုမှတ်မိလား"

ထိုအခါ အဒေါ်ကြီးက ဇဝေဇဝါဖြစ်ကာ ခေါင်းခါပြလေသည်။ ပြီးနောက် ဖေမင်းသူက –

"ကျွန်တော်က မှန်ဝယ်သွားလို့ အဒေါ်ဆီက အင်းပြားလာယူသွားတဲ့သူလေ"

"ဪ . . . မှတ်မိပြီ မှတ်မိပြီ။ အဒေါ်က အသက်ကြီးလာတော့ မှတ်ဉာဏ်သိပ်မကောင်းဘူးကွဲ့။ ဒါနဲ့တူမောင် အင်းပြားလေးရဲ့အစိပ္ပာယ် သိပြီလား"

"ဟုတ်ကဲ့ . . . သိပါပြီ၊ ကျွန်တော်က နောက်မှလာမယ်လို့ လုပ်ထားတာ၊ ခုတော့ သူငယ်ချင်းတွေခေါ်လာလို့ တိုက်တိုက်ဆိုင်ဆိုင် အဒေါ့်ဆီရောက်လာခဲ့တာပဲ၊ နောက်တစ်ခေါက် ထပ်လာခဲ့ဦးမယ်နော်"

"အေးအေး . . . အဒေါ်လည်း မင်းကို ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်။ အဒေါ်လည်း အိပ်မက်တစ်ခု ထပ်မက်တယ်”

ဖေမင်းသူနဲ့အဒေါ်တို့ပြောနေတာ ယွန်းတို့က အံ့ဩကာ ကြည့်လျက် အားလုံးနားထောင်နေကြသည်။ သူတို့မှာက ဘာမှ ပြောစရာမရှိဘဲ ဖေမင်းသူတို့ပြောတာကိုပဲ နားထောင်ယုံပဲ မဟုတ်ပါလား။

ဒါကို ဖေမင်းသူက သိလို့ သူငယ်ချင်းတွေဘက်သို့ လှည့်ကာ –

“သူငယ်ချင်းတွေကို နောက်မှပဲ အားလုံးရှင်းပြမည်” ဟု ပြောလေသည်။

ထိုအချိန်တွင် အိမ်၏နောက်ဘက်မှ မိန်းကလေးတစ်ဦး ထွက်လာကာ –

“ဟင် ... ခွာညိုတို့ပါလား။ ယွန်းလည်း ပါတယ် ကိုဖေမင်းသူတို့က ဘယ်ကပါလာတာလဲ”

မေသူဇော်က အံ့ဩကာ မေးနေမိသည်။ ထိုအခါ ချယ်ရီ သင်းက –

“တို့က နင်များ ရန်ကုန်ပြန်လိုက်မလားလို့။ လမ်းကြုံ တုန်း ဝင်ခေါ်တာပါ”

“ကောင်းသားပဲ ... ငါက ညနေကားနဲ့ လိုက်လာ





လုပ်နေတာ၊ ခုတော့ အဆင်သင့်ဖြစ်သွားတာပေါ့။ ဪ ... မိတ်ဆက်ပေးရဦးမယ်၊ အားလုံးပဲ ... ဒီကအမေက ကျွန်မရဲ့ အမေပါ။ အစ်ကိုတွေ၊ အစ်မတွေက အိမ်ထောင်သည်တွေ ဖြစ် သွားပါပြီ၊ အိမ်မှာက အစ်ကိုငယ်နဲ့ ကျွန်မတို့ ၃ ဦးသာ နေပါ တယ်”

“တို့တွေ သိပြီးပါပြီ၊ အဒေါ်က မိတ်ဆက်ပြီးသား၊ ပြီးတော့ ဖေမင်းသူက တို့ထက်အရင် သိထားပြီးသားပါ”

“ဟင် ... ဟုတ်လား ကိုဖေမင်းသူ”

“ဟုတ်ပါတယ်၊ အဒေါ်နဲ့ကျွန်တော်က သိထားတာ မကြာသေးပါဘူး”

ဟု ဖေမင်းသူက သူနဲ့ အဒေါ်တို့သိထားတဲ့ကိစ္စကို အကျယ်မပြောတော့ဘဲ အတိုချုံးပဲ ပြောလိုက်မိသည်။

သူတို့ အချိန်အနည်းငယ်ကြာသောအခါ ရန်ကုန်သို့ ပြန်ဖို့အတွက် အဒေါ်ကို နှုတ်ဆက်ကြလေသည်။ မေသူဇော်ပါ လိုက်လာ၍ သူတို့အားလုံး လူစုံသွားကြလေပြီ မဟုတ်ပါလား။

ထိုအခါ ကားပေါ်သို့ရောက်သော် ခွာညိုသင်းက ...

“မေသူဇော် ... တို့တွေကံကောင်းလို့ ကားတိုက်ခံရ တော့မလို့”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ်မှာလဲ"

"လာတုန်းကပေါ့၊ ကိုဇေမင်းသူက ကြိုတင်သိထားလို့ ဆိုရမယ်၊ တို့တွေ ကားအောက်ကိုဆင်းမြန်လို့၊ မဟုတ်ရင် တို့တွေ ဆေးရုံရောက်နေပြီ"

"ဟင် ... ဟုတ်လား။ ကိုဇေက ဘယ်လိုကြိုတင်သိလဲ ဟင်"

ထိုအခါ ဇေမင်းသူက သူ၏အိပ်မက်မက်ပုံကို ပြောပြလိုက်လေသည်။ ထိုကဲ့သို့ အိပ်မက်ကို ပြောပြလိုက်၍ အားလုံးရဲ့ စိတ်ထဲမှာ ပိုပြီးအံ့ဩမှုများ ဖြစ်မိကြလေသည်။

ထိုအခါ မေသူဇော်က –

"ဒါနဲ့ ကိုဇေမင်းသူက ကျွန်မရဲ့အမေနဲ့ ဘယ်လိုသိခဲ့တာလဲဟင်"

ထိုအခါ ဇေမင်းသူက မထူးတော့ပြီမို့ သူ ကုလားလေးဆီက ထူးဆန်းသောမှန်တစ်ချပ်ဝယ်ခဲ့ပုံ၊ မှန်၏ပုံရိပ်က ထူးခြားပုံ၊ ထိုမှန်ထဲမှ ဝိညာဉ်ဟုယူဆရသော ဝိညာဉ်မလေးက အိပ်မက်ထဲတွင် လာပြောပုံနှင့် မှန်ကိုကြည့်မိတိုင်း ကြည့်မိတိုင်း ညညဆိုလျှင် ထူးဆန်းသော နိမိတ်ပုံအိပ်မက်များ မြင်မက်ပုံများကို အားလုံးပြောပြလိုက်လေသည်။





ထိုကဲ့သို့ ထူးဆန်းသောမှန်နဲ့ ဝိညာဉ်မလေး၏ အကျဉ်းချခံခဲ့ရပုံတို့ကို သူလုပ်ပေးမှ ကျွတ်လွတ်ရမည်ဖြစ်တဲ့အကြောင်းပါ ပြောပြလိုက်လေသည်။

ဒီမှန်ကို အဒေါ်ဆီမှ ရခဲ့သည်ဆိုတဲ့အကြောင်း နောက်တစ်ကြိမ် သူလာဖို့ရှိတယ်ဆိုတဲ့အကြောင်းပါ ပြောလေသည်။

"ဒီတစ်ခါလာရင် ကျွန်မတို့အားလုံး လိုက်မယ်နော်"

ဟု ခွာညိုသင်းက မကျေနပ်၍ နောက်တစ်ကြိမ် ထပ်မံတောင်းဆိုလိုက်ပါသည်။

သူတို့ ညနေစောင်းလောက်တွင် ရန်ကုန်သို့ ပြန်ရောက်လာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

## ပြုံးနေသောပုံရိပ်

ဖေမင်းသူ ရန်ကုန်သို့ပြန်ရောက်ပြီး အိပ်ခန်းသို့ ဝင်ခဲ့လေသည်။ ပြီးနောက် မှန်လေးရှိရာသို့ ရောက်လာခဲ့ပြီး မှန်ကို ကြည့်လိုက်သည်။

ထိုအခါ မှန်ထဲမှပုံရိပ်က သူ့ကို ပြုံးပြသည်။ သူက ကြည့်ရုံသာ ကြည့်ပေမယ့် သူ့ရဲ့ပုံရိပ်က ပြုံးပြနေတာ ထူးခြားသည်ဟု ထင်မိသည်။

ပြီးနောက် သူလည်း ညနေစာစားသောက်ပြီး အိပ်ရာသို့ စောစောဝင်ခဲ့သည်။ အိပ်ရာပေါ်တွင် သူ ပထမတော့ မှန်ထဲမှ ဝိညာဉ်အကြောင်း စဉ်းစားမိသည်။



ဝိညာဉ်ကို သူ ဘယ်လို ကျွတ်လွတ်အောင် ကယ်တင်ရမလဲဆိုတာ တွေးနေမိသည်။

ထိုသို့တွေးနေရင်း မျက်လုံးများ စင်းကာ အိပ်ပျော်သွားခဲ့လေတော့သည်။

✿

ဖေမင်းသူ လယ်ကွင်းစပ်တစ်ခုအနားသို့ လမ်းလျှောက်လာသည်။ တစ်ခုခုကို ရှာဖွေမိသည်။ သူရှာနေသောနေရာမှာ လယ်ကွင်းတစ်ခု၏ ကမူလေးတစ်ခုကို ဖြစ်သည်။ သူသိထားသောကမူလေးကိုတွေ့လို့ သူ အဲဒီနားတွင် ထိုင်လိုက်သည်။

ပြီးနောက် ထိုနေရာလေးကို ပေါက်ချွန်းလေးတစ်ချောင်းဖြင့် တူးဆွနေမိသည်။ တူးဆွရင်း တစ်တောင်တစ်မိုက်ကျော်လောက်တွင် ကြေးဝါပြားလေးတစ်ခု တွေ့ရသည်။ ထိုကြေးဝါပြားပေါ်တွင် ရေးခြစ်ထားသောစာသားလိုလို ကောက်ကြောင်းများ တွေ့ရသည်။ ထိုကြေးဝါပြားလေးကိုယူကာ အိမ်သို့ပြန်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြေးဝါပြားလေးယူဖို့လည်း သူမက တိုက်တွန်းလို့ဖြစ်သည်။ သူမဆိုတာက ဝိညာဉ်မလေး ဖြစ်လေသည်။ သူမက

"အစ်ကို ... ကျွန်မကို နောက်ဆုံးကူညီတဲ့အနေနဲ့ ကျွန်မ ပြောပြတဲ့နေရာကိုသွားပြီး ယူပေးပါနော်" လို့ ပြောလို့ သူ ယခုလို လာခဲ့ခြင်းဖြစ်သည်။

သူမ ပြောတဲ့ပစ္စည်းလေး ရခဲ့ပါပြီ။ သူ ဘာဆက်လုပ်ရမလဲ မသိပါ။

ထိုအခါ အသံတစ်သံ ကြားလိုက်သည်။

"အစ်ကို အစ်ကို ... ဒီပစ္စည်းလေးက ညီမရဲ့ကျိန်စာတိုက်ထားတဲ့စာပါ၊ တကယ်တော့ ညီမဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်လောက်က ကျိန်စာမိခဲ့တဲ့လူပါ။ ဒီကြေးဝါပြားပေါ်မှာပါတဲ့စာအရ ညီမရဲ့အကြောင်း တစ်စိတ်တစ်ဒေသကို အစ်ကို သိအောင်ပြောပြပါ့မယ် ...၊

ညီမနာမည်က စောမွန်လှပါ၊ တကယ်တော့ ညီမတို့က မွန်မျိုးနွယ်စု မဟုတ်ပါဘူး၊ အဖေက ရှမ်းစော်ဘွားပါ၊ အမေလည်း ရှမ်းမျိုးနွယ်ပါပဲ၊ ကျွန်မတို့ရဲ့မိသားစုကို သတ်ချင်နေတဲ့လူတစ်စု ရှိပါတယ်၊ သူတို့ကတော့ အမေရဲ့မျိုးနွယ်ထဲကပါပဲ ...၊





တကယ်တော့ သူတို့ဟာ ညီမအဖေရဲ့ စည်းစိမ်ဥစ္စာတွေကို လိုချင်တပ်မက်တဲ့စိတ်နဲ့ ညီမကိုပါ သိမ်းပိုက်ချင်တဲ့စိတ်နဲ့ ညီမရဲ့အဖေကို လုပ်ကြံဖို့ ကြံစည်နေခဲ့ကြတဲ့သူတွေပေါ့။ အဖေ့ကိုသတ်ပြီး ညီမကို သိမ်းပိုက်ဖို့ကြံစည်နေတာ ညီမက မမျှော်လင့်ပဲ ကြားလိုက်ရတယ်လေ ...၊

ဒါပေမဲ့ အစ်ကို ... ညီမတို့က ဘာမှပြန်မလုပ်နိုင်တဲ့ အခြေအနေဖြစ်နေခဲ့တာပေါ့။ တစ်နေ့တော့ ညီမတို့မိသားစု သူတို့နဲ့ဝေးရာ ပြေးခဲ့ကြတယ်။ အခုရောက်နေတဲ့ ပဲခူးမြို့ရဲ့ အစွန်တစ်ခုမှာ အခြေချနေထိုင်ခဲ့ကြတယ် ...၊

ကျွန်မတို့ပျောက်သွားတာ သူတို့လည်း သိတော့ မြန်မာပြည်အနှံ့ တပည့်တွေ လွှတ်ပြီး ရှာကြတော့တာပဲ။ ကျွန်မ တစ်ခုပြောဖို့ မေ့သွားတယ်။ သူတို့ဆိုတာက အမေ့ရဲ့မောင်တစ်ဝမ်းကွဲတော်တဲ့ စိုင်းသီဟပါပဲ ...၊

စိုင်းသီဟဟာ ကျွန်မထက် အသက် ၁၀ နှစ်ကျော်လောက်ကြီးပါတယ်။ သူက ကျွန်မကို အရမ်းကြိုက်တယ်။ ပြီးတော့ သူဟာ ဆေးစီရင်တတ်၊ မှော်အတတ်တွေလည်း တတ်မြောက်သူပါ။ သူတို့တိုင်ပင်နေတာလည်း သူ့ရဲ့အတတ်ပညာနဲ့ အဖေ့ကို လုပ်ကြံဖို့စီစဉ်နေတာ ကျွန်မကကြားလိုက်ရလို့ အဖေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အမေတို့ကို ပြောပြလိုက်တယ်။ ဒီအခါ အဖေတို့က ကျွန်မကိုပါ စိတ်ပူပြီး အခုနေတဲ့ ရှမ်းပြည်က ထွက်ပြေးဖို့လုပ်ခဲ့ကြတယ်။ မကြာသောအချိန်အတွင်းမှာပဲ အဖေနဲ့အမေတို့ကလည်း အခုလို သူတို့နဲ့ဝေးရာကို ထွက်ပေးလာခဲ့ကြတာပဲ ...။

ဒါပေမဲ့ အစ်ကိုရယ် ... ကျွန်မတို့ မလွတ်ပါဘူး။ သူတို့ရဲ့တပည့်တွေရဲ့ ရှာဖွေမှုကြောင့် ကျွန်မတို့ရှိတဲ့နေရာကို သိသွားကြတယ်၊ အဲဒီနေရာကို စိုင်းသီဟတို့ရောက်လာပြီး ကျွန်မတို့ ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကို တောင်းတော့တာပဲ။ မပေးရင် ၊ အားလုံးသတ်ပစ်မယ်လို့ ကြိမ်းတော့တာပဲ ...။

အဖေတို့ကလည်း စိုင်းသီဟတောင်းတဲ့ပစ္စည်းတွေကို မပေးချင်လို့ တချို့တစ်ဝက်ကို မြေကြီးထဲ မြှုပ်ထားလိုက်တယ်။ ဒါကို ညီမက သိထားတယ်လေ။ စိုင်းသီဟက အဖေတို့ အမေတို့ကို ပစ္စည်းများမပေးရကောင်းလားဆိုပြီး ကျွန်မရဲ့မိဘနှစ်ပါးစလုံးကို သတ်ပစ်လိုက်ကြတယ်။ ပြီးတော့ ညီမကိုပါ သိမ်းပိုက်ဖို့ လုပ်တော့တာပဲ ...။

ဒါကို ညီမက သိလေတော့ ညီမလည်း သူ့ရှေ့မှာပဲ သတ်သေလိုက်တယ် ...။

အဲဒီအခါ စိုင်းသီဟက ညီမကို မကျေမနပ်ဖြစ်တာရယ်





သူ မသိမ်းပိုက်လိုက်ရလို့ ခံပြင်းတာရယ်ကြောင့် ညီမရဲ့ဝိညာဉ်ကို သူ့ရဲ့ အောက်လမ်းအတတ်ပညာနဲ့ ထိန်းချုပ်ပြီး မှန်တစ်ချပ်ထဲမှာ ဝိတ်လှောင်ပြီး ကျိန်စာတိုက်ခဲ့တာပဲ၊ သူ့ရဲ့ကျိန်စာက ညီမရဲ့ မွေးနေ့, မွေးရက်, မွေးလ, ထပ်တူကျတဲ့သူတစ်ယောက်က ဖြေရှင်းပေးနိုင်မှ လွတ်စေမယ်လို့ သစ္စာဆိုပြီး ကျိန်စာတိုက်ခဲ့တာပဲ ...။

ပြီးတော့ ညီမရဲ့ဝိညာဉ်ကို ထိန်းချုပ်ပိတ်လှောင်ခံထားရတဲ့မှန်ကို ကျွန်းသေတ္တာလေးထဲထည့်ပြီး အင်းချကာ မြေကြီးထဲ မြှုပ်ထားလိုက်တော့တယ် ...။

ညီမရဲ့ကံကြမ္မာက ကောင်းလာခဲ့တာလား ဒါမှမဟုတ် ကျိန်စာပြယ်တဲ့အချိန်ပဲ ရောက်လာလို့လားမသိဘူး။ ညီမကို ထည့်သွင်းပိတ်လှောင်ထားတဲ့ မှန်လေးကို ဦးကြီးတစ်ဦးက ဖော်မိခဲ့တယ်လေ၊ အဲဒီဖော်မိခဲ့တဲ့ဦးကြီးလည်း ညီမရဲ့မှန်ကို ကြည့်မိလို့ အသေဆိုးနဲ့ သေခဲ့ရတယ်။ ဦးကြီး သေပြီးနောက် အဒေါ်ကြီးကို အိပ်မက်တွေ ပေးခဲ့မိတယ် ...။

အဒေါ်ကြီးက မှန်ရဲ့နိမိတ်မကောင်းလို့ မှန်လေးကို ရောင်းစားလိုက်တော့တာပဲ။ ခုတော့ အစ်ကိုနဲ့တွေ့မှ ညီမရဲ့အခု ညီမရဲ့ကံကြမ္မာဟာ ဝိညာဉ်ဘဝက လွတ်ချင် ကျွတ်ချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဟာ ညီမနဲ့ မွေးရက်၊ မွေးလ၊ မွေးနေ့ ထပ်တူကျတဲ့သူဆိုတာ ညီမ သိလိုက်ရပြီလေ ...။

ဒါကြောင့် အစ်ကိုက ပြီးဆုံးအောင် ကူညီပါလို့ တောင်းဆိုမိတာပါ။ အစ်ကိုက နောက်ဆုံးလုပ်ရမှာက ညီမတို့ကို ကျိန်စာတိုက်ထားတဲ့ ကျွန်းသေတ္တာလေးအပါအဝင် မှန်ပါ မီးရှို့ဖျက်ဆီးပစ်လိုက်ပါ အစ်ကို။ ပြီးရင် ညီမနဲ့ အဖေတို့အမေတို့ကို အမျှဝေပေးပါနော် ...။

အဲဒီအတွက် အဖေတို့အမေတို့ ထားခဲ့တဲ့ပစ္စည်းကို အစ်ကို ဖော်ယူပြီး အလှူအတန်း လုပ်ပေးပါလို့"

✲

ဇေမင်းသူ အိပ်မက်လေး အဆုံးသတ်ခဲ့လို့ လန့်ကာနိုးသွားသည်။ အိပ်မက်ထဲတွင် သူ့ကိုပြောပြသော ဇာတ်လမ်းလေးကို သတိရမိသည်။ နောက်ဆုံး ပစ္စည်းများထားခဲ့သော နေရာလေးကိုပါ သူ့ကို ပြောပြခဲ့၍ အံ့ဩမိလေသည်။ ဒါတွေဟာ တကယ်ပဲလားဆိုတာ စိတ်ထဲမှတော့ သံသယဖြစ်မိသည်။





ဟုတ်,မဟုတ်ဆိုတာ သွားကြည့်မှပဲသိရလိမ့်မယ်။ ဟုတ်ခဲ့ရင်တော့ သူမ ဖြစ်စေချင်တဲ့အရာအားလုံး သူ ဆောင်ရွက်ပေးမည်ဟု ဆုံးဖြတ်ခဲ့သည်။

သူ အိပ်ရာမှနိုးတော့ ခရီးပန်းလာ၍ ရုတ်တရက် အိပ်ပျော်သွားခဲ့သည် မဟုတ်ပါလား။

"အင်း ... သူမဘဝ ကျွတ်ချင်လှပြီထင်တယ်၊ ကျွတ်ချင်မှာပေါ့လေ နှစ်ပေါင်း ၁၀၀ ကျော်လောက် ဝိညာဉ်ကို အကျဉ်းချခံထားခဲ့ရတယ်ဆိုတော့ ကျွတ်လွတ်ချင်မှာပေါ့၊ ငါ လုပ်ပေးရမှာပေါ့"

ဟု ဇေမင်းသူ အတွေးများကိုရပ်ကာ အိပ်ရာဘေးရှိ ရေတစ်ခွက်ကို သောက်လိုက်သည်။ ပြီးနောက် မှန်နားသို့ လျှောက်လာခဲ့လေသည်။

မှန်ကို သေချာစွာကြည့်ကာ –

"အစ်ကို ဆောင်ရွက်ပေးပါ့မယ်၊ ညီမရဲ့ ကျွတ်လွတ်ချင်တဲ့စိတ်ကို အစ်ကို ကူညီပေးပါ့မယ်"

ဟု ပြောလိုက်လေတော့သည်။

ပြီးနောက် နာရီကိုလှမ်းကာ ကြည့်လိုက်သည်။ ည ၁၁ နာရီပဲရှိသေးသည်။ သူ အစောချည်း အိပ်ရာဝင်ခဲ့မိလို့



www.burmeseclassic.com

www.burmeseclassic.com



ယခုလို အိပ်မက်ကြောင့် လန့်နိုးခဲ့ရသည်။ အိပ်မက်ကလည်း သူ့နားမှာ တကယ်လိုလို လာရောက်ပြောဆိုနေသလားလို့ ထင်ရသည်။

သူမ ပစ္စည်းများ မြှုပ်ထားခဲ့သောနေရာကိုလည်း သူ့ကို သေချာစွာ ပြောပြခဲ့သည်။ အဲဒီနေရာကို သူသွားဖော်ကြည့်မယ်ဟု ဆုံးဖြတ်မိသည်။ သူနဲ့အတူ သူငယ်ချင်းထွန်းအောင်ကျော်ကိုပါ ခေါ်သွားမည်ဟု။

✿ ✿ ✿

# အခန်း (၂၀)

## မြှုပ်ထားသောရတနာများ

ဇေမင်းသူ ထွန်းအောင်ကျော်ကိုခေါ်ပြီး ပဲခူးမြို့သို့ ထွက်လာခဲ့သည်။ ထွန်းအောင်ကျော်ကိုတော့ သူ အကျိုးအကြောင်း ပြောပြခဲ့ပြီးဖြစ်၍ ထွန်းအောင်ကျော်က မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် သူ့နောက် လိုက်လာခဲ့သည်။ လမ်း၌ –

"ကိုဇေ ... ဟုတ်ကော ဟုတ်ရဲ့လား။ အိပ်မက်များ ကယောင်ကတမ်းမက်ပြီး ကြားချင်ရာ ကြားလိုက်လို့လား"

ထိုအခါ ဇေမင်းသူက –

"မင်းကလည်း သူကိုယ်တိုင် နေရာဒေသ အစုံအသား သေသေချာချာပြောခဲ့တာပဲ၊ ဟုတ်,မဟုတ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



တစောာ့ တူးကြည့်မှ သိမှာပေါ့"

ထွန်းအောင်ကျော် ဖေမင်းသူမျက်နှာကို အကဲခတ်နေမိသည်။ ကိုဖေရဲ့မျက်နှာအမူအရာက တကယ်လက်တွေ့အကောင်အထည်ဖော်မယ့်သူပုံ ပေါက်နေသည်။ သူကိုယ်တိုင်ကလည်း တကယ်ယုံနေခဲ့ပြီ မဟုတ်ပါလား။ သူယုံရတဲ့အကြောင်းကလည်း ဝိညာဉ်မလေး နိမိတ်လက္ခဏာများကလည်း တိုက်ဆိုင်မှု မှန်ကန်မှုများခဲ့ပြီဆိုတော့ သူ့အနေနဲ့ ယုံကြည်မိသည်မှာ မဆန်းပါ။

သူတို့ကားလေး ပဲခူးမြို့သို့ ဝင်လာခဲ့ပြီ။ ကားလေးက ရွှေမော်ဓောဘက်သို့ ဦးတည်ကာ မောင်းခဲ့သည်။ ပြီးနောက် ဘုရားပေါ်သို့တက်ကာ ဘုရားဖူးလိုက်သည်။

ထို့နောက် စောင်းတန်း၏မြောက်ဘက်မှ ဆင်းလာခဲ့သည်။ စောင်းတန်းဆုံးသော် ရွာထဲသို့ဝင်သော လမ်းကလေးတစ်ခု တွေ့ရသည်။ ထိုလမ်းမှ ဖေမင်းသူသည် မှတ်သားထားသော အမှတ်အသားကို လိုက်ရှာနေမိသည်။

ဟော . . . တွေ့ပါပြီ၊ ဇရပ်တစ်ခု။ ဇရပ်မှာ အိုမင်းနေပြီ၊ ဒါပေမဲ့ . . . ကျွန်းတိုင်များကြောင့် အိုမင်းနေသော ဇရပ်မှာ မပြိုပျက်ဘဲ အမိုးများသာမရှိဘဲ ဖြစ်နေသည်။ ထိုနေရာ





ထိုဒေသသည် လူသွားလူလာမှုနည်းခဲ့၍ ထိုဇရပ်ကို အသုံးပြုသူ နည်းပါးကြောင်း ဇရပ်ကိုကြည့်လျှင် သိနိုင်သည်။ ထို့အပြင် ရွာထဲသို့သွားသောလမ်းဖြစ်နေ၍ ထိုလမ်းမှ ရွာထဲသို့ တစ်မိုင်ကျော်လောက် သွားရလိမ့်မည်ဟု ထင်မိပါသည်။

ဖေမင်းသူနဲ့ထွန်းအောင်ကျော်တို့ဟာ ထိုဇရပ်နားသို့ ကပ်လာခဲ့သည်။ ဇရပ်နားတွင် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်နေပေမယ့် . . . တချို့နေရာများတွင် ပိပြားနေတာ တွေ့ရသည်။

ဒါကလည်း ဒီနားတစ်ဝိုက်မှ နွားကျောင်းသားများက နွားကျောင်းခဲ့၍ ချုံများ၊ လမ်းများမှာ ဖြစ်ပေါ်နေခြင်း ဖြစ်နိုင်သည်ဟု ယူဆမိလေသည်။ ထို့ပြင် ဒီနားတစ်ဝိုက်တွင် ယခင်က အိမ်ကြီးအိမ်ကောင်းများ ရှိနိုင်သည်ဟု ယူဆရသည်။

ဖေမင်းသူ သူ ဆက်ပြီး ရှာမိသည်။ ထိုအခါ . . . အုတ်ပုံပျက်တစ်ခုကို တွေ့ရသည်။ ထိုအုတ်ပုံပျက်ဟာ သူ့ကို ဝိညာဉ်မလေး ပြောပြခဲ့သော အုတ်ပုံပျက်တစ်ခုဖြစ်နေတာ တွေ့ရသည်။

"အင်း . . . အုတ်ပုံလေးတော့ တွေ့ပြီ၊ အုတ်ပုံရဲ့ အနောက်ဘက် တစ်တောင်ကွာမှာ တူးကြည့်ရမှာပါလား" ဟု တွေးကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အောင်ကျော် ... လာ ဒီမှာတွေ့ပြီ၊ ပစ္စည်းတွေ ယူခဲ့"

ဟု ဇေမင်းသူက ပြောလိုက်လေသည်။

ထိုအခါ ထွန်းအောင်ကျော်က သူ၏ကျောနောက်တွင် ပိုးလာသော ကျောပိုးအိတ်ကို အောက်သို့ချလိုက်သည်။ ပြီးနောက် အထဲမှ ပေါက်ချွန်း၊ ခရင်းခွနဲ့ တစ်လက်မလောက်ရှိသော ဓားမတစ်ချောင်းပါ ထုတ်လိုက်သည်။

ထိုအခါ ဇေမင်းသူက သူမှတ်သားထားသောနေရာကို တူးရန် ထွန်းအောင်ကျော်ကို ပြောလိုက်သည်။ နှစ်ယောက်သား တစ်ပြိုင်နက် တူးကြလေသည်။

တစ်နာရီခန့်ကြာသောအခါ ...

"ဒေါက် ဒုတ်"

ဟူသော အသံနှစ်ခု ကြားလိုက်ရသည်။ ထိုနေရာသို့ ဇေမင်းသူက ပတ်လည်ကို ခရင်းခွဖြင့် ပတ်ကာတူးလိုက်သည်။ ထိုအခါ ပုလင်းလေးတစ်ခု တွေ့ရသည်။ ပုလင်းလေးရဲ့အဝိုင်းက အချင်း ၄ လက်မလောက် ရှိမည်ထင်ရသည်။ ပြီးနောက် ထိုပုလင်းကို တူးခွကာ ထုတ်ကြည့်လိုက်သောအခါ အမြင့် ၈ လက်မ လေးထောင့်ပုံသဏ္ဍာန် ပုလင်းလေးတစ်လုံး ဖြစ်နေတာ





တွေ့ရလေသည်။

ဇေမင်းသူ ဝမ်းသာသွားသည်။ ပုလင်းလေးအဖုံးကို တော်တော်လေး ဖွင့်ရသည်။ ပုလင်းလေး အဖုံးပွင့်သွားသောအခါ

"ဟင်"

"ဟာ"

ဟူသော နှစ်ဦးသားအသံ တစ်ပြိုင်နက်တည်း ထွက်ပေါ်ခဲ့သည်။ ပုလင်း၏အပေါ်ယံတွင် လက်ဝတ်ရတနာမျိုးစုံကို တွေ့ရသည်။ ထို့ပြင် ပုလင်း၏အောက်နားတွင် ကျောက်သံပတ္တမြားမျိုးစုံကိုလည်း တွေ့ရသည်။

ဇေမင်းသူ ဝမ်းသာပီတိဖြစ်မိကာ သူ၏အိပ်မက်ဟာ တကယ်ပါလားဆိုတာ ဝမ်းသာရသည်။ ဝိညာဉ်မလေး၏ တောင်းဆိုမှုကိုလည်း သူ ဖြူလုပ်ပေးမည်ဟု ကတိပေးလိုက်မိသည်။

ဇေမင်းသူတို့ ရတနာပုလင်းလေးကိုယူကာ အိတ်ထဲသို့ ထည့်ခဲ့လေသည်။ ပြီးနောက် လာလမ်းအတိုင်း ပြန်ခဲ့လေတော့သည်။

လမ်းတစ်ဝက်သို့ရောက်သော် ဇေမင်းသူတို့စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ ဗိုက်ဖြည့်လိုက်သည်။ ထိုအခါ



www.burmeseclassic.com

ထွန်းအောင်ကျော်က ...

"ကိုဇေ ... အိပ်မက်က တကယ်ပါလား။ ကိုဇေပြောတဲ့ ဝိညာဉ်မလေးဟာ သူကိုယ်တိုင် မစွမ်းဆောင်ရလို့ ကိုဇေ့ကို လုပ်ခိုင်းတာ ကျွန်တော်တော့ မယုံနိုင်အောင်ဖြစ်မိတယ်"

"ဟုတ်တယ် အောင်ကျော်၊ ငါလည်း ဘယ်လိုဖြစ်ပြီး သူမနဲ့ပတ်သက်ပြီး ကူညီပေးခြင်းလုပ်ရပ်ကို လိုက်လုပ်ပေးနေရတာ စိတ်ထဲမှာ အားရကျေနပ်နေမိတယ်။ အခုလည်း သူမပြောတာတွေက တကယ်ဖြစ်နေတာဆိုတော့ ငါတော့ မယုံနိုင်တကယ်ဖြစ်မိတယ်၊ ပြီးတော့ သူမက ငါ့ကို အိပ်မက်ထဲမှာ လာလာပြောတယ်ဆိုပေမယ့် ငါ့ရဲ့စိတ်ထဲမှာတော့ အနားမှာလာပြောနေသလိုမျိုး ခံစားရတယ်"

"အခု ... ကိုဇေ ဘာလုပ်မှာလဲ၊ ပစ္စည်းတွေ တကယ်ရပြီဆိုတော့ ဘယ်ကစလုပ်မလဲ"

"ပထမ ရန်ကုန်ပြန်မယ်၊ ပြီးတော့ ပစ္စည်းတွေ နည်းနည်းထုခွဲပြီး ပဲခူးကို ပြန်လာရမယ်ကွ။ ပြီးရင် သူမကို ချုပ်နှောင်ထားတဲ့ မှန်ရယ်၊ ယွန်းသေတ္တာရယ်၊ အင်းပြားတွေအားလုံးကို သူမကို မြှုပ်ခဲ့တဲ့နေရာမှာပဲ မီးရှို့ဖျက်ဆီးပစ်ရမယ် ...၊

ပြီးတော့ ဒေါ်လေးငယ် ... အဲ ... မေသူဇော်ရဲ့အမေ





အိမ်မှာပဲ သူမရဲ့ဝိညာဉ်ဘဝမှ ကျွတ်လွတ်စေဖို့ အမျှအတန်းဝေပေးလိုက်တော့မယ်၊ ဒေါ်လေးငယ်ကိုလည်း သုံးဖို့ ငွေလေးနည်းနည်းပေးချင်လို့ပါ"

ထိုအခါ ထွန်းအောင်ကျော်က ခေါင်းတညိတ်ညိတ်ဖြင့် ဇေမင်းသူပြောတာ နားထောင်နေသည်။ ဇေမင်းသူကလည်း သူ ဆက်ပြီးလုပ်ရမယ့် လုပ်ငန်းစဉ်ကို စဉ်းစားကာ လမ်းမဘက်သို့ ငေးနေမိသည်။

သူတို့နှစ်ဦး ရန်ကုန်သို့ အပြန်ခရီးက စဉ်းစားတွေးတောရင်း ပြန်ခဲ့ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

## ဝိညာဉ်မလေးရဲ့ပီတိ

ဖေမင်းသူ ရန်ကုန်ပြန်ရောက်ပြီး နောက်တစ်ရက်တွင် ထွန်းအောင်ကျော်ကိုခေါ်ကာ ယွန်းသခင်တို့နေသောအဆောင်သို့ ထွက်လာခဲ့လေသည်။

"တီ တီ"

အဆောင်၏ရှေ့သို့ရောက်သော် ဖေမင်းသူက ကားဟွန်းသံ နှစ်ချက် တီးလိုက်သည်။ ပြီးနောက် ကားပေါ်မှဆင်းကာ အဆောင်၏တံခါးနားသို့သွားသည်။ ပြီးနောက် ဘဲလ်တီးလိုက်သည်။

အဆောင်အစောင့်ဟုထင်ရသော ကောင်မလေးတစ်ဦး





ထွက်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲရှင်"

ထိုအခါ ဖေမင်းသူက –

"ဒီအဆောင်မှာနေတဲ့ ယွန်းသခင်တို့ကို တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့ . . . ခဏစောင့်ပါ၊ ကျွန်မ ခေါ်ပေးပါ့မယ်"

အစောင့်ကောင်မလေး အထဲသို့ဝင်သွားသည်။ ခဏကြာသောအခါ ပြန်ထွက်လာသည်။ သူမ၏နောက်မှ ချယ်ရီသင်းက လိုက်လာခဲ့သည်။

"ဩော် . . . ကိုဖေမင်းသူတို့ပါလား၊ လာလေ . . . ခဏထိုင်ပါဦး၊ ယွန်းတို့ကို သွားခေါ်ပေးပါ့မယ်"

ဟုပြောကာ အဆောင်ထဲသို့ ချယ်ရီသင်း ပြန်ဝင်သွားသည်။ ၃ မိနစ်ခန့်ကြာသောအခါ ယွန်းသခင်တို့အုပ်စု ပြန်ထွက်လာခဲ့လေသည်။

"ကိုဖေတို့ပါလား လာလည်တာလား"

"ဆိုပါတော့၊ ပြီးတော့ ကျွန်တော်တို့ ပဲခူးကို မနက်ဖြန်သွားမလို့၊ ယွန်းတို့လိုက်မလားလို့ လာခေါ်တာပါ၊ ဒီတစ်ခါသွားမှာက ကျွန်တော့်ရဲ့ကိစ္စ အဆုံးသတ်ချင်လို့ပါ"

ထိုအခါ ချယ်ရီသင်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ လိုက်ပါမယ်"

ဟုပြောပြီး ချယ်ရီသင်းက ယွန်းတို့ဘက်သို့ အကူအညီတောင်းသည့်မျက်နှာဖြင့် ကြည့်လိုက်သည်။ ထိုအခါ ယွန်းက သိလိုက်ပြီး –

"ကိုဇေတို့နဲ့ ကျွန်မတို့ လိုက်ခဲ့ပါ့မယ်။ ကျွန်မတို့လည်း ကိုဇေ့ကိစ္စကို ဖြည့်ဆည်းပေးချင်လို့ပါ"

ဇေမင်းသူက ယွန်းသခင်ကို ကြည့်လဲ့သောအပြုံးဖြင့် ကြည့်ကာ ပြုံးလိုက်မိသည်။ သူ့အနေနဲ့ ယွန်းသခင်ပါမည်ဆိုလျှင် ပျော်နေပြီးသား မဟုတ်ပါလား။ တတ်နိုင်လျှင် သူလုပ်နေသောအလုပ်ကိုပါ တစ်ခါတည်း ခေါ်သွားချင်သည်။ ဒီတစ်ခါ ဖဲရှုံးသွားရင် အခွင့်အရေးပေးရင် သူပြောတော့မည်ဟု ဆုံးဖြတ်ထားခဲ့သည်။

ယခု ယွန်းသခင်တို့လိုက်မည်ဆိုတော့ သူ ဝမ်းသာမိသည်။ သူ စဉ်းစားထားတာ ဆန္ဒပြည့်တော့မှာဖြစ်လို့ ပီတိအပြုံးလေးဖြင့် ပြုံးနေမိသည်။

ထိုအချိန်တွင် ထွန်းအောင်ကျော်က ကိုဇေ့ကိုကြည့်ကာ အားမလိုအားမရဖြစ်ကာ –

"ကိုဇေ . . . ဘာပြုံးနေတာလဲ၊ သွားဖို့စီစဉ်ထားတာတွေ





ယွန်းကို ပြောလိုက်လေ"

"ဪ . . . ဟုတ်သားပဲ၊ ဒီလိုပါ ကျွန်တော်တို့ မနက်ဖြန်မနက် ၇ နာရီလောက် လာခဲ့မယ်။ ယွန်းတို့ အဆင်သင့်လုပ်ထားပေါ့။ ပြီးတော့ မေသူဇော်တို့အိမ်မှာ ဆွမ်းပါကျွေးမှာဆိုတော့ စီစဉ်စရာရှိတာလေးတွေ စီစဉ်ထားပေါ့"

ထိုအခါ မေသူဇော်က အံ့ဩသွားသည်။ သူမ၏အိမ်တွင် ဆွမ်းကျွေးမယ်ဆိုတာ ဘာအတွက်လဲဟု စဉ်းစားနေမိသည်။

ကိုဇေ့ကို မေးလိုက်ရင်ကောင်းမလားလို့ တွေးနေမိသည်။ သူမ၏စိတ်ထဲမှာလည်း မေးချင်တဲ့စိတ်က မအောင့်အီးနိုင်၍ . . .

"ကိုဇေ့ကို ကျွန်မ တစ်ခုမေးချင်တယ်"

"မေးလေ မေသူ"

"ဘာဖြစ်လို့ ကျွန်မအိမ်မှာ ဆွမ်းကျွေးရတာလဲဟင်"

ထိုအခါ ဇေမင်းသူက မေသူဇော်ကိုကြည့်ကာ ဟုတ်သားပဲ၊ မေသူဇော်မေးမယ်ဆိုလည်း မေးစရာပါပဲ။ တကယ်တော့ . . . သူမက ဘာမှမသိသေးဘဲကိုး၊ သူမ၏အမေ ဒေါ်လေးငယ်က ဘာမှမပြောပြထားလို့ဖြစ်မယ်ဆိုတာ ဇေမင်းသူ သိလိုက်သည်။



www.burmeseclassic.com

ဒါကြောင့် . . . မေသူဇော်မေးတာကို ဖေမင်းသူက ရှင်းပြရတော့မည် မဟုတ်ပါလား။

ဒီအတွက် ဖေမင်းသူက မေသူဇော်ကို သူမ၏အဆေ ကျွန်းသေတ္တာလေးရခဲ့ပုံမှ သူ မှန်လေးရခဲ့ပုံ၊ မှန်ထဲမှ အကျဉ်းချ ကျိန်စာမိနေသော ဝိညာဉ်မလေး၏အကြောင်းကိုပါ ပြောပြလိုက်သည်။ ထိုဝိညာဉ်မလေး၏အိပ်မက်ပေး အကူအညီတောင်းခံမှု တွေကိုပါ ပြောပြလိုက်လေသည်။ ပြီးမှ သူမအတွက် ဆွမ်းကျွေးပြီး အမျှအတမ်းပေးဝေဖို့ သူမ၏အဖေ,အမေထားခဲ့သော ရတနာများကိုပါ ပေးခဲ့ကြောင်းကိုပါ အစမှအဆုံး ပြောပြလိုက်လေတော့သည်။

မေသူဇော်လည်း ခုမှ ဇာတ်ရည်လည်ကာ ခေါင်းညိတ်မိလေသည်။ သူမ၏အမေက သူမအား ဒီအကြောင်းတွေ ဘာဆိုဘာမျှမပြောပြခဲ့ပါ။ သူမကလည်း အိမ်မှာရှိသည့်အချိန်က နည်းသည်မဟုတ်ပါလား။

မေသူဇော်ကို ပြောပြနေသော ဖေမင်းသူကို တခြားသူငယ်ချင်းများကလည်း အကြောင်းစုံသိသွား၍ အံ့သြနေကြလေသည်။

ဒီလိုမျိုးအကြောင်းအရာက ဖြစ်ခဲ့သည် မဟုတ်ပါလား။





အထူးသဖြင့် ဝိညာဉ်က လာပြီးအကူအညီတောင်းသည်ဆိုတာကလည်း ယခင်ဘဝက တစ်ဦးနဲ့တစ်ဦး ရေစက်မကုန်၍ လာရောက်တိုက်ဆိုင်မှသာလျှင် ဖြစ်နိုင်သည်။

ယခု ဖေမင်းသူနဲ့ လာရောက်တိုက်ဆိုင်တာကလည်း ကျိန်စာတိုက်ခဲ့သော သူ၏ကျိန်စာကြောင့် ဖြစ်သည်။ နှစ်ပေါင်းတစ်ရာတိုင် အကျဉ်းချ ကျိန်စာမိခဲ့သော ဝိညာဉ်မလေး၏ ကျိန်စာဖြတ်ဖို့ဆိုတာလည်း သူ၏မွေးနေ့၊ မွေးရက်၊ မွေးလ တိုက်ဆိုင်ဖို့ဆိုတာ အလွန်ခဲယဉ်းလှသည်။

တိုက်ဆိုင်ပြန်သော်လည်း ကျိန်စာ၏သက်တမ်းက မပြည့်ပြန်လျှင်လည်း မရနိုင်ပါ။ ယခုတော့ ကျိန်စာရဲ့သက်တမ်းပြည့်ဖို့ မွေးနေ့ မွေးရက် မွေးလတိုက်ဆိုင်ဖို့ကလည်း အချိန်စောင့်ရပြန်သေးသည်။

ယခုအဖြစ်က . . . စောမွန်လှရဲ့ကျိန်စာက ပြယ်ချိန်တန်လို့ ဆိုရမည်။ ကျိန်စာကို ပယ်ဖျက်ပေးဖို့ လုပ်ဆောင်ပေးသည့် ဖေမင်းသူရဲ့ စိတ်ဓာတ်ကလည်း လိုလိုလားလားပင် ဖြစ်ခဲ့သည်။

ကျိန်စာသင့် ဝိညာဉ်မလေး စောမွန်လှရဲ့ ကံကြမ္မာက ကျွတ်ချင် လွတ်ချင်ချိန်တန်ပြီလို့ ယူဆရတော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇေမင်းသူတို့ ယွန်းသခင်တို့ဆီမှ ချိန်းချက်ပြုကာ အိမ်သို့ပြန်ခဲ့ကြလေတော့သည်။

✲

"အစ်ကို ... အစ်ကို"

နားထဲတွင် ခေါ်သံလိုလို ကြားလိုက်သည်။ သူကြား လိုက်သောအသံက မိန်းကလေးတစ်ဦး၏အသံမှန်း သိလိုက် သည်။ ဒါပေမဲ့ ... သူ မထူးမိပါ။ ထိုအခါ အသံရှင်က ထပ်ပြီးခေါ်ပြန်သည်။

"အစ်ကို့ကို ညီမ ကျေးဇူးတင်ပါတယ်၊ အစ်ကိုက ခုလို လိုလိုလားလား ညီမကို ကူညီပေးမယ်ဆိုတာ သိရလို့ပါ။ အစ်ကိုတို့ မနက်ဖြန်ဆို ညီမကို အမျှပေးဝေတော့မယ်ဆိုတာ လည်း ညီမ သိလိုက်ရပါပြီ"

"ဟင်"

"ဟာ"

ဇေမင်းသူ အိပ်မက်မက်နေတာလား။ တကယ်လား





ဆိုတာ အိပ်ရာထဲမှ လန့်နိုးခဲ့သည်။ ဇေမင်းသူ နိုးနိုးချင်း စဉ်းစား လိုက်သည်။

ဟုတ်ပါပြီ။ ညက အိပ်ရာမဝင်ခင် မှန်နားသို့သွားခဲ့ သည်။ ပြီး ... သူ ဘာတွေပြောမိမှန်းမသိပါ။

ဒါပေမဲ့ သူ မှန်ကိုကြည့်ကာ ခေါင်းညိတ်မိခဲ့သည် မဟုတ်ပါလား။ သူ၏ရင်ထဲမှပြောခဲ့သောစကားကို သူ မှတ်မိ လိုက်သည်။

"ညီမ ဖြစ်စေချင်တာအားလုံး လုပ်ပေးပါ့မယ်လို့"

ဟုတ်ပါပြီ။ သူ ဒီစကားလေးတစ်ခွန်းသာ ပြောခဲ့သည်။ ဒါကို ဝိညာဉ်မလေးက ကြားပြီး အိပ်မက်အဖြစ် သူ့ကိုလာပြော တာလား။ တကယ်လားဆိုတာ ဝေခွဲမရဖြစ်နေမိသည်။

ဇေမင်းသူလည်း မှန်လေး သူ့ဆီရောက်လာကတည်းက ပျော်ပျော်ရွှင်ရွှင်ဖြင့် သွားလာလှုပ်ရှားမှုများ တစ်ခါမှမဖြစ်ခဲ့ပါ။ အချိန်တိုင်း, အချိန်တိုင်း ဘာများဖြစ်လာမလဲဆိုတာ အတွေးများ သာ သူ၏စိတ်ထဲမှာ စိုးမိုးခဲ့သည် မဟုတ်ပါလား။

သူ မှန်လေးထဲမှ ဝိညာဉ်မလေးကို အမျှပေးဝေပြီးရင် တော့ သူလည်း ရင်ထဲပေါ့သွားလိမ့်မည်ဟု ထင်မိပါသည်။ မြန်မြန်လေးသာ လုပ်ပေးချင်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေမင်းသူ ဆက်ပြီး အိပ်မပျော်တော့ပါ။ မအိပ်ရမယ့်အတူတူ ထိုင်ကာစဉ်းစားမိသည်။ ထိုကဲ့သို့ ထိုင်ကာငေးနေရင်း အမှတ်မဲ့ သူ မှန်လေးဘက်သို့ ကြည့်လိုက်မိသည်။ ထိုအခါ မှန်ထဲမှ အငွေ့တန်းလေးတစ်ခု ထွက်ပေါ်လာတာ တွေ့လိုက်သလားလို့ ထင်မိသည်။

ဖေမင်းသူလည်း ထူးဆန်းနေ၍ မှင်တက်နေမိသည်။ ခဏကြာသောအခါ ထိုအလင်းတန်းလေးသည် အငွေ့အဖြစ်သို့ ပြောင်းကာ သူထိုင်နေသောဘက်သို့ ရွေ့လာသလို မြင်မိသည်။

ဖေမင်းသူ အံ့ဩမိသည်။ သို့သော်လည်း အငွေ့များဖြစ်နေ၍ သူ သေချာစွာကြည့်နေမိသည်။ ထိုအငွေ့များသည် တဖြည်းဖြည်း သူ့နားသို့ရောက်လေသော် ပျောက်ကွယ်သွားလေတော့သည်။

ဖေမင်းသူလည်း ဘာများဆက်ကာဖြစ်ဦးမလဲဆိုတာ စောင့်ကြည့်နေမိသည်။ သို့သော်လည်း ဘာမှ ဖြစ်မလာတော့ဘဲ ခေတ္တငြိမ်ကာ စောင့်ကြည့်နေမိသည်။

ထိုအချိန်တွင် သူ၏အနားမှ အနံ့လေးတစ်ခုရသလို အနံ့ခံမိသည်။ ထိုအနံ့က ပန်းနံ့လည်း မဟုတ်၊ ရေမွှေးနံ့လည်း မဟုတ်ဘဲ ထူးခြားသောအနံ့တစ်မျိုး ဖြစ်နေသည်။





သူ၏အခန်းထဲတွင်လည်း ဘယ်တော့မှ ရေမွှေး မဖြန်းတတ်ပါ။ ဖေမင်းသူ ထိုအနံ့ကြောင့် ကျောထဲစိမ့်သွားမိသည်။

ထိုအခါ ထိုင်ရာမှထကာ ပြတင်းပေါက်မှန်တွင် တပ်ထားသော လိုက်ကာလေးကို အသာလေးဖယ်ကာ အပြင်သို့ကြည့်လိုက်သည်။

ထိုအခါ ခြံထောင့်တွင် လူရိပ်တစ်ခု တွေ့လိုက်ရသည်။ ထိုလူရိပ်ကို ဖေမင်းသူ သေချာစွာကြည့်မိသည်။ အမျိုးသမီးတစ်ဦးလိုလို အရိပ်အယောင်က ထင်ဟပ်စေသည်။ အဝတ်အစားကလည်း အမျိုးသမီးတစ်ဦး၏အဝတ်အစားဖြစ်သည်။ ထိုသို့ကြည့်နေရင်း ထိုအမျိုးသမီးလေးက သူကြည့်နေသော ပြတင်းပေါက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ထိုအခါ သူလည်း သူမနဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားကာ သူမက သစ်ပင်တစ်ပင်၏နောက်သို့ ဝင်သွားခဲ့လေသည်။ ဖေမင်းသူလည်း ပြန်များထွက်လာဦးမလားလို့ ကြည့်နေမိသည်။ သို့သော်လည်း သူမက ထွက်မလာတော့ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

## ကျွတ်လွတ်သွားသော ဝိညာဉ်

ဖေမင်းသူတို့ ပဲခူးလမ်းပေါ်တွင် ရောက်နေကြသည်။ ကားလေးက သူတို့ကို သယ်ဆောင်နေရင်း အားလုံး အထွေး ကိုယ်စီဖြင့် လိုက်လာခဲ့ကြသည်။ ထိုအချိန်တွင် ကားမောင်းနေ သော ဖေမင်းသူက သူ၏ဘေးတွင် ထိုင်နေသော ယွန်းသခင်နဲ့ ချယ်ရီသင်းကို တစ်ချက်ကြည့်လိုက်သည်။

ထိုကဲ့သို့ ကြည့်လိုက်သောအကြည့်တွင် ယွန်းကလည်း သူ့ကိုအကြည့်ဖြင့် နှစ်ဦးသား မျက်လုံးချင်း ဆုံဖြစ်သွားသည်။

ထိုအခါ ဖေမင်းသူက –

"ယွန်း ဆာနေပြီလား"



"ဟင့်အင်း ... မဆာသေးပါဘူး"

သူတို့ ၇ နာရီကျော်ကတည်းက ထွက်လာခဲ့ရာ ယခုဆို လျှင် ၄ နာရီကျော်ပင် ရှိနေပါပြီ။ လှည်းကူးကျော်လာနေပြီး ပဲခူးသို့ရောက်ခါနီးပါပြီ။

ဖေမင်းသူက ရှေ့နားတွင် စားသောက်ဆိုင်တစ်ခုကို တွေ့၍ ကားလေးကို ဝင်းထဲသို့ ဝင်လိုက်သည်။ အားလုံး ကား ပေါ်မှဆင်းကာ အမျိုးသမီးများက ရေအိမ်ရှိရာသို့ ထွက်သွားကြ လေသည်။

ဖေမင်းသူနဲ့ ထွန်းအောင်ကျော်လည်း ရေအိမ်သို့ဝင်ပြီး နောက် စားသောက်ဆိုင်၏စားပွဲနှစ်လုံးဆက်နားသို့သွားကာ ဝင် ထိုင်လိုက်ကြသည်။ ခဏကြာသောအခါ ယွန်းတို့အုပ်စု ရောက် လာခဲ့ကြသည်။ ဖေမင်းသူက –

"ယွန်းတို့ မှာလေ၊ ကြိုက်တာစားပေါ့"

ယွန်းတို့အားလုံး ရှမ်းခေါက်ဆွဲနဲ့ကော်ဖီများ မှာသောက် လိုက်လေသည်။ ထိုအချိန်တွင် ဖေမင်းသူက ယွန်းကိုကြည့်နေမိ သည်။ သူ၏စိတ်ထဲတွင် ရန်ကုန်မှာကတည်းက ပြောမည်ဟု ဆုံးဖြတ်ခဲ့သောစကားကို ဘယ်လိုပြောရမှန်းမသိဘဲ ဖြစ်နေမိ သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း စားသောက်ဆိုင်ထဲတွင် ဖြစ်နေ၍ ပြော့ဖို့ အခွင့်အသာပဲ ဖြစ်နေသည်။

သူတို့အားလုံး စားသောက်ပြီး၍ ပဲခူးသို့ဆက်ခဲ့ကြလေသည်။ ကားလေးကို မေသူဇော်တို့ ရွာထဲအထိ မောင်းလာခဲ့ကြသည်။ ရွာထဲသို့အဝင် လမ်းထိပ်တွင် ကားလေးကို ထားခဲ့ရသည်။ သူတို့အားလုံး လမ်းလျှောက်ကြသည်။ မေသူဇော်၏ အိမ်သို့ရောက်လာခဲ့သည်။ မေသူဇော်၏အမေက သူတို့အားလုံးကို ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့လေသည်။

သူတို့အားလုံး တအောင့်လောက်နားပြီး မေသူဇော်၏ အမေကို အကျိုးအကြောင်းပြောသည်။ ဖေမင်းသူက သူ၏မှန်လေးကို မေသူဇော်၏အမေ ဒေါ်လေးငယ်ကို ပြလေသည်။ ထိုအခါ ဒေါ်လေးငယ်က မှန်ကိုမကြည့်ဘဲ . . .

"တူလေး မှန်ကိုမဖွင့်ပါနဲ့၊ ဒေါ်လေးမကြည့်ချင်လို့ပါ။ တူလေးတို့ လုပ်စရာရှိတာသာ ဒေါ်လေးကိုပြောပါ"

"ဟုတ်ကဲ့ ဒေါ်လေး၊ ကျွန်တော်တို့ ဒီမှန်ကို ဒေါ်လေးတို့ ရခဲ့တဲ့နေရာကို ယူသွားမယ်၊ ပြီးတော့ ဒေါ်လေးဆီမှာရှိတဲ့ သေတ္တာ၊ သူ့ရဲ့ပစ္စည်းမှန်သမျှနဲ့ ကျွန်တော့်ရဲ့မှန်လေးပါ မီးရှို့ပစ်မှာပါ၊ ပြီးရင် . . . မှန်ထဲမှာ အကျဉ်းချခံထားရတဲ့ ဝိညာဉ်ကို





ဆုတောင်းမေတ္တာပို့မယ်။ သူမအတွက် ဒေါ်လေးရဲ့အိမ်မှာပဲ ဆွမ်းကျွေးပြီး အမျှတမ်းဝေချင်လို့ပါ"

ထိုအခါ မေသူဇော်၏အမေက ခေါင်းတညိတ်ညိတ်ဖြင့် လက်ခံသည်ဟု ပြောလေသည်။

"ကောင်းပြီလေ . . . တူလေးတို့ လုပ်ချင်သလိုလုပ်ပါ"

ဟု ဒေါ်လေးငယ်က ခွင့်ပြုလိုက်လေသည်။

မေသူဇော်က ရွာထဲမှ သူမ၏သူငယ်ချင်း ၄–၅ ဦးတို့ ခေါ်ကာ ဘုန်းကြီးငါးပါးအတွက် ဆွမ်းချက်ရန်ပြင်ဆင်လေသည်။ ဖေမင်းသူ၊ ထွန်းအောင်ကျော်နဲ့ ယွန်းတို့က ဝိညာဉ်မ၏မြေနေရာသို့သွားဖို့ ပြင်ဆင်လေသည်။ ဖေမင်းသူက ဒေါ်လေးငယ်ဆီမှ ကျွန်းသေတ္တာနဲ့ သူ့တွင်ပါလာသော မှန်နဲ့ အင်းပြားကို စုပေါင်းပြီး ကျွန်းသေတ္တာလေးထဲသို့ထည့်ကာ လယ်ကွင်းဆီသို့ ယူခဲ့လေသည်။

ဖေမင်းသူ လယ်ကွင်းစပ်နားသို့ရောက်လေသော် ဒေါ်လေးငယ်ကို သေတ္တာလေးရခဲ့သောနေရာ ပြလေသည်။ ပြီးနောက် ထိုနေရာကို ပြန်ပြီးဆက်ကာ တူးလေသည်။ ထိုသို့ တူးလေရာ တစ်တောင်တစ်မိုက်ကျော်ကျော်လောက်တွင် ကြေးပြားလေးတစ်ခု ထည့်ထားသော သေတ္တာအသေးလေးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံရရှိလေသည်။ ထိုသေတ္တာလေးကို ဖွင့်လိုက်သောအခါ ကြေးဝါပြားလေးတစ်ခု တွေ့ရသည်။ ကြေးဝါပြားလေးမှာ အရောင်များ မှေးမှိန်ကာ စာလုံးများပင် မပေါ်တပေါ်ဖြစ်နေသည်။

ထိုကြေးဝါပြားလေးကို အိမ်မှယူလာသော ကျွန်းသေတ္တာလေးထဲသို့ ထည့်လိုက်သည်။ သို့နှင့် ထိုနေရာတွင် ဖေမင်းသူက ထင်းပုံကို စုပုံလိုက်သည်။ ပြီး . . . အပေါ်မှ ကျွန်းသေတ္တာနဲ့ မှန်၊ အင်းပြားပါစုပုံကာ ထင်းပုံအောက်မှ မီးဖြင့် ရှို့လိုက်လေသည်။

ဖေမင်းသူက ပါးစပ်မှလည်း –

''ညီမစောမွန်လှ . . . ညီမရဲ့ကျိန်စာသင့်ကာ အကျဉ်းချခံထားရသောဘဝမှ လွတ်မြောက်စေဖို့ အစ်ကို ယခုအချိန်မှစ၍ အလှူနဲ့ အမျှပေးဝေပါမယ်၊ ညီမလည်း အမျှရဖို့ သာဓုခေါ်နိုင်အောင် အစ်ကိုတို့နဲ့အတူ လိုက်ခဲ့ပါ''

ဟုပြောကာ မီးတောက်များ အရှိန်ဖြင့် တက်လာသော မီးခိုးများကိုကြည့်ကာ သူ၏လုပ်ဆောင်မှုကို ပီတိဖြာနေလေတော့သည်။ ဖေမင်းသူ၏စိတ်ထဲတွင်လည်း ယခုလို လုပ်လိုက်ရရာ ပေါ့ပါးသွားသလို ခံစားရလေသည်။





သူ၏လုပ်ဆောင်ချက် အောင်မြင်သည်ကိုလည်း ဝမ်းသာမိသည်။ ထင်းပုံမှမီးခိုးများ ကောင်းကင်ထက်သို့ တရွေ့ရွေ့ တက်နေသည်ကိုကြည့်ရင်း ရင်ထဲမှလည်း စောမွန်လှကို ဆုတောင်းပေးနေမိလေသည်။

မီးခိုးများ အရှိန်ပြယ်သောအခါ ပြာပုံမှ ပြာအချို့ကို မြေအိုးထဲသို့ အနည်းငယ် ယူထည့်လိုက်လေသည်။ ပြီးနောက် ဒေါ်လေးငယ်၏အိမ်သို့ ပြန်ခဲ့ကြလေတော့သည်။

အိမ်သို့ရောက်လေသော် ဆွမ်းကျွေးဖို့ အားလုံးအဆင်သင့်ဖြစ်နေတာ တွေ့လိုက်ရလေသည်။ မေသူဇော်တို့က သူတို့ပြန်အလာ စောင့်နေကြလေသည်။ သူတို့လည်း ပြန်ရောက်ပြီး မကြာခင်မှာပဲ ပင့်ထားသော ဘုန်းတော်ကြီးများ ကြွလာသည်။

ဖေမင်းသူက ဘုန်းကြီးများ၏ရှေ့တွင် သူယူလာသော ပြာအိုးကို ထားလေသည်။ ပြီးနောက် ဘုန်းတော်ကြီးများ၏ တရားနာလေသည်။

ဘုန်းဘုန်းများ၏ တရားဘာဝနာများ နာကြားပြီးနောက် ၃၁ ဘုံသားများကို အမျှပေးဝေလေသည်။ အမျှပေးဝေပြီးသွားလေသော် ဖေမင်းသူက ကျေနပ်အားရသောမျက်နှာလေးဖြင့် အပြင်သို့ ကြည့်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြည့်လိုက်သောအချိန်တွင် အိမ်ထဲမှ အနံ့တစ်မျိုး ခံစားလိုက်ရသည်။ ထို့မှတစ်ဆင့် အိမ်၏အဝင်လမ်းဘက်သို့ ကိုင်းညွှတ်ကာ ကျနေသော သရက်ပင်၏အကိုင်းမှာ လေမတိုက် ဘဲ လှုပ်ခတ်သွားသည်ကို ဖေမင်းသူ အံ့သြစွာဖြင့် ကြည့်နေမိ သည်။

ဖေမင်းသူ မြင်အောင်ပဲ လှုပ်ပြသလားလို့ ထင်မိသည်။ ဖေမင်းသူ သိလိုက်ပါပြီ။ သူမ အမျှအတန်းရ၍ ကျွတ်လွတ်သွား ပြီဆိုတဲ့အကြောင်း ဖေမင်းသူသိအောင် လှုပ်ခတ်ပြသွားသည်ဟု ယူဆမိပါတော့သည်။

✲

ကိစ္စများအားလုံး ပြီးမြောက်သွား၍ ဖေမင်းသူ ထိုပြာ အိုးကို ပဲခူးမြစ်ထဲသို့ သွန်ချကာ စောမွန်လှကို ဆုတောင်းပေး လိုက်လေတော့သည်။

✲ ✲ ✲



## အခန်း (၂၃)

## အပြန်ခရီး၏နိဂုံး

ဖေမင်းသူတို့အားလုံး စိတ်လက်ပေါ့ပါးစွာပြန်ခဲ့ကြ သည်။ ဖေမင်းသူ၏ရင်ထဲတွင်လည်း အရင်ကမတူ စိတ်များ ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ အပြန်ခရီး၏စိတ်အစဉ်က သူမကို ဘယ်ဘဝများရောက်နေပြီလဲဟု သိချင်တဲ့စိတ်က ဖြစ်မိသည်။

သို့သော်လည်း သူမှာ သိရှိဖို့ဆိုတာ သူမက သူ့ဆီကို လာနိုင်တော့မည် မဟုတ်ဘူးဆိုတာ ဖေမင်းသူ နားလည်မိပါ သည်။

ဖေမင်းသူ အပြင်လောကသို့ငေးကာ ကားလေးကို

www.burmeseclassic.com



မောင်းနေမိသည်။ ထိုအခါ ...

"ကိုဇေ ... ဘာတွေးနေတာလဲဟင်"

အနားတွင် ထိုင်လိုက်လာသော ယွန်းက မေးလိုက်သည်။ အပြန်ခရီးဖြစ်တာကြောင့် သူငယ်ချင်းများအားလုံးက ကားခေါင်းခန်းတွင် ယွန်းကို ဇေမင်းသူနား ပေးထိုင်ကြသည်။ ယွန်းက ငြင်းပေမယ့် သူငယ်ချင်းများက မရမက တိုက်တွန်း၍ သူမမှာ ဇေမင်းသူနားတွင် တစ်ဦးတည်း ထိုင်ခဲ့ရသည်။

ဇေမင်းသူ၏စိတ်ထဲမှာတော့ သူငယ်ချင်းများကို ကျေးဇူးတင်မိသည်။ သူငယ်ချင်းများ၏အလိုက်သိမှု၊ နားလည်ပေးမှုကြောင့် သူတို့ကို ခေါင်းညိတ်ပြမိသည်။

"ကိုဇေ ... ဘာတွေးနေတာလဲ၊ ယွန်းမေးတာ မဖြေသေးဘူးနော်"

ဇေမင်းသူက သူ့အတွေးနဲ့သူမို့ ယွန်းမေးတာ မကြားလိုက်ပါ။

"ဩော် ... ဘာမှမတွေးပါဘူး၊ ဝိညာဉ်မလေးကို ကူညီပေးလိုက်ရတာတွေ ပြန်ပြီးစဉ်းစားနေမိလို့ပါ၊ ပြီးတော့ ... ကျွန်တော် လုပ်နိုင်သမျှ လုပ်ပေးလိုက်ရတာတွေကို ကျေနပ်နေမိလို့ပါ ယွန်း"





ဟု ဇေမင်းသူက တိုးညင်းစွာခေါ်လိုက်သောအသံက ကရုဏာသံလေးပါနေ၍ ယွန်းသခင်က ဇေမင်းသူဘက်သို့ ငဲ့စောင်းကြည့်လိုက်မိသည်။

ထိုကဲ့သို့ ကြည့်လိုက်သောအကြည့်တွင် ဇေမင်းသူက မပွင့်တစ်ပွင့်ဖြင့် ယွန်းသခင်လေး ကြားနိုင်လောက်သော စကားတစ်ခွန်း ပြောလိုက်လေသည်။

"ယွန်းကို ကျွန်တော်ချစ်တယ်"

ဟု ပြောလိုက်သောစကားကို နောက်မှ သူငယ်ချင်းများက သူတို့အာရုံနဲ့သူတို့ ပြောနေကြ၍ ဘယ်သူမှ မကြားလိုက်ကြပေမယ့် ယွန်းကတော့ ရှက်သွေးဖြာကာ ခေါင်းလေး ငုံ့နေမိသည်။

ဆိတ်ဆိတ်နေ၍ ဝန်ခံသည်ဟု ဇေမင်းသူက ယူဆပြီး လက်တစ်ဖက်က သူမ၏လက်ကလေးကို ကိုင်လိုက်လေသည်။ ယွန်းသခင်က ထိုသို့ပြုမူသော ဇေမင်းသူ၏လက်လေးကို မဖယ်ရှားမိဘဲ ခေါင်းကိုသာ ငုံ့မြဲငုံ့နေလေသည်။

ပြီးနောက် သူမက ဇေမင်းသူဘက်သို့ ခေါင်းမော့ကာ အပြုံးလေးတစ်ပွင့် ပြုံးကာ အရည်ရွှမ်းသောအကြည့်ဖြင့် ကြည့်လိုက်မိလေသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဖေမင်းသူက သူကိုင်ထားသော လက်ကို မရှုန်းတာရယ်၊ သူ့ဘက်သို့ အပြုံးဖြင့် ကြည့်တာရယ်ကြောင့် သူ့ရင်ထဲ ဝမ်းသာပီတိဖြစ်လျက် ပျော်ရွှင်မှု၊ အားရကျေနပ်မှုတို့ဖြင့် ရန်ကုန်ရွှေမြို့တော်ဆီသို့ အမြန်ဆုံးရောက်စေချင်မိတော့လေသည်။

စာဖတ်သူများ၏ မေတ္တာကိုခံယူတဲ့
မင်းစတ္တ

www.burmeseclassic.com